# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောကဌ် ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောကဌ် ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ်(၃၁၁)


# ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ပတ်သက်သည့် အစည်းအဝေးကျင်းပ

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဩဂုတ် ၉**

ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ပတ်သက်သည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမဌ်ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❊

ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ပတ်သက်သည့် အစည်းအဝေးကျင်းပစဉ်

(သတင်းစဉ်)

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြေညာချက်တစ်စောင် ထုတ်ပြန်

## ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလက်မှတ်ပြုလုပ်ခြင်းကိစ္စများကို ၁၉၈၂ နိုင်ငံသား ဥပဒေနှင့်အညီ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းတင်ပြ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထား

**နေပြည်တော် ဩဂုတ် ၉**

ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လက်ရှိဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြေညာချက် အမှတ် ၁/၂၀၁၇ ကို ဩဂုတ် ၈ ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါကြေညာချက်တွင် ရခိုင်ပြည်နယ် မောင်တောတောင်ပိုင်းတွင် အခြေစိုက်မှီခိုသည့် တောင်ယာလုပ်ကိုင်နေသော ကိုင်းကြီး(မြို) ကျေးရွာသားများကို သေနတ်၊ ဓား လက်နက်များဖြင့် ရက်ရက်စက်စက်သတ်ဖြတ်မှုများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် သတ်မှတ်ကြောင်း၊ ကိုင်းကြီးကျေးရွာတွင် ဩဂုတ် ၅ ရက်ကစပြီး လုံခြုံရေးရဲကင်းစခန်း ဖွင့်လှစ်ထားရှိ နိုင်ရေး စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း။

ရသေ့တောင်မြို့နယ် အောက်နန်းရာကျေးရွာဌ် လုံခြုံရေးတပ်ဖွဲ့ဝင်များအား မူဆလင်လူအုပ်စုမှ အတင်းဝင်ရောက်ဝိုင်းဝန်းသည့်ဖြစ်စဉ်နှင့် တစ်ဆက်တစ်စပ်တည်း စိုးရိမ်ကြောင့်ကြစိတ်ဖြင့် စေတီပြင်ကျေးရွာသို့ ကျေးရွာအသီးသီးမှ ပြောင်းရွှေ့လာသော ပြည်သူလူထုကို မိမိတို့၏ မူရင်းနေရပ်များသို့ ပြန်လည်သွားလာနေထိုင်နိုင်ရန်အတွက် ချွတ်ပြင်ရွာ၊ ပိတောက်မြိုင်ရွာ၊ ပြင်ရှည်ရွာ၊ ပေါက်ပင်ရင်းရွာတို့ဌ် လုံခြုံရေးကင်းစခန်းများ အခိုင်အမာချထားပြီးဖြစ်ကြောင်း၊ မိမိတို့နေရပ်ကို စွန့်ခွာခဲ့ရပါက ကျူးကျော်ဝင်ရောက်နေထိုင်သူများ

*စာမျက်နှာ ၃ ကော်လံ ၅* ◆

**မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်အဆို အမျိုးသားလွှတ်တော်ဌ် တင်သွင်း**

*စာမျက်နှာ - ၈*




# လိုလျှင်လိုသလို မလိုလျှင် မလိုသလို

မောင်တောဒေသဖြစ်စဉ်သည် လူသားမျိုးနွယ်အား ဆန့်ကျင်သည့် ရာဇဝတ်မှု (**Crimes against humanity**) လုံးဝမဟုတ်။ မောင်တောဒေသဖြစ်စဉ်တွင် လူမျိုးတုံးသတ်ဖြတ်သန့်စင်ခြင်း (**Ethnic cleansing**) ဟု ယူဆနိုင်သည့် အနေအထားလုံးဝမတွေ့ရှိ။ လူမျိုး/ဘာသာအုပ်စုတစ်အုပ်စုအား ပထဝီနယ်မြေတစ်ခုမှ ဖယ်ရှားရန်အတွက် ရည်ရွယ်ချက်ရှိစွာ မူဝါဒရေးဆွဲချမှတ်၍ ကျင့်သုံးဆောင်ရွက်ခြင်းမျိုး လုံးဝမရှိ။ မောင်တောဒေသဖြစ်စဉ်တွင် လူမျိုးတုံးသတ်ဖြတ်ခြင်း (**Genocide**) ဖြစ်ရပ်မျိုး လုံးဝမတွေ့ရှိဟူသော အဓိကတွေ့ရှိချက်များနှင့်အတူ မောင်တောဒေသစုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာသည် နိုင်ငံတော်သမ္မတထံ ၃၁-၁-၂၀၁၇ ရက်နေ့ အရောက်တိုက်ရိုက်အစီရင်ခံတင်ပြရန် သတ်မှတ်ထားသည့်ရက်ကို ကျော်လွန်၍ ခြောက်လကျော်ခန့်ကြာမြင့်ပြီးနောက် မကြာသေးမီရက်ပိုင်းတွင် တင်ပြနိုင်ခဲ့ပြီဖြစ်သည်။

ကြာမြင့်ရသည့်အကြောင်းရင်းမှာလည်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော မောင်တောဒေသမှ မူဆလင်များအား တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပြီး အစီရင်ခံစာထုတ်ပြန်လာသည့်အခါ အစီရင်ခံစာပါဖော်ပြချက်ဖြစ်ရပ်များ မှန်ကန်မှုရှိ/မရှိ၊ ကိုက်ညီမှု ရှိ/မရှိ မောင်တောဒေသသို့ထပ်မံကွင်းဆင်းစစ်ဆေးခြင်း၊ ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများအရောက်သွားရောက်စစ်ဆေးမေးမြန်းရခြင်း၊ တရားရေးလမ်းကြောင်းအရ တရားစွဲဆိုနိုင်ကြောင်း ကော်မရှင်က ကမ်းလှမ်းခဲ့မှုအပေါ်တုံ့ပြန်လာမည့်အခြေအနေများကို စောင့်ဆိုင်းနေရခြင်းကြောင့် အစီရင်ခံစာတင်ပြရန် သတ်မှတ်ရက်ထက်နောက်ကျခဲ့ရခြင်းဖြစ်သည့်အလျောက် ပိုမို၍ ပြီးပြည့်စုံစွာ တင်ပြနိုင်ခဲ့သည်ဟုလည်း ဆိုရမည်ဖြစ်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာတွင် မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်မှ အကြမ်းဖက်အဖွဲ့ဝင်များက လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ မူဆလင်ကျေးရွာသားများကို ရက်ရက်စက်စက်တိုက်ခိုက်သတ်ဖြတ်မှု၊ ခြိမ်းခြောက်မှုများ၊ အကြမ်းဖက်သင်တန်းပေးမှုများကို ဖော်ပြခြင်းမပြုဘဲ မှိန်ဖျောက်ထားခဲ့သည်။ နိုင်ငံတော်အစိုးရက ပြုလုပ်ပေးနေသည့် ဒေသဖွံ့ဖြိုးရေးနှင့် ကူညီထောက်ပံ့မှုများကို အလေးထားဖော်ပြခြင်းမပြုဘဲ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်မှုများနှင့်ပတ်သက်၍မူ နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပုံကြီးချဲ့ပုံဖော်ခဲ့သည်။

ထို့ပြင် မောင်တောဒေသတွင် လူနည်းစုဖြစ်သည့် ဒေသခံတိုင်းရင်းသားများ၏ သဘောထားများ၊ ဖြေဆိုချက်များကို အလေးထားထည့်သွင်းစဉ်းစားဖော်ပြခြင်းလည်း မပြုခဲ့ပေ။

လက်ရှိအခြေအနေတွင်မူ ဒေသခံတိုင်းရင်းသားများမှာ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခံရမှု၊ လူအုပ်စုများဖြင့် တိုက်ခိုက်မှုများကြောင့် လုံခြုံရေးအရစိုးရိမ်ကာ ရွာလုံးကျွတ်နေရပ်ကိုစွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ရက်ရက်စက်စက်အသတ်ခံရသည့် တိုင်းရင်းသားများမှာ လက်နက်ကိုင်ဆောင်ထားသူများမဟုတ်ဘဲ အမျိုးသမီး ကြီး/ငယ်များ အပါအဝင် အပြစ်မဲ့သူများသာဖြစ်ကြသည်။ ဤသည်မှာ အစွန်းရောက်အကြမ်းဖက်သမားတို့က ဒေသခံလူနည်းစု တိုင်းရင်းသားမျိုးနွယ်တို့ အပေါ် ကျူးလွန်သော လူသားမျိုးနွယ်အားဆန့်ကျင်သည့် ရာဇဝတ်မှု (**Crimes against humanity**) ပင်ဖြစ်သည်။ လူမျိုးတုံးသတ်ဖြတ်သန့်စင်ခြင်း (**Ethnic cleansing**) လည်းဖြစ်သည်။ လူမျိုး/ဘာသာအုပ်စုတစ်အုပ်စုအား ပထဝီနယ်မြေတစ်ခုမှ ဖယ်ရှားရန်အတွက် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းလည်းဖြစ်သည်။ လူမျိုးတုံးသတ်ဖြတ်ခြင်း (**Genocide**) ဖြစ်ရပ်လည်းဖြစ်သည်။

အခြေအမြစ်မရှိသော အချက်အလက်မှား၊ သတင်းမှားများအပေါ်တွင် အခြေခံကာ ကျယ်ကျယ်လောင်လောင်စွပ်စွဲပုံကြီးချဲ့ ဝါဒဖြန့်တတ်သူ လူ့အခွင့်အရေးအမည်ခံ အဖွဲ့အစည်းများနှင့် ကျင့်ဝတ်ကို ရေလဲပုဆိုးလို သဘောထားသူ ပြည်ပမီဒီယာတချို့တို့ သည်တစ်ခါလည်း နှာစေးချင်ယောင် ဆောင်နေပြန်လေပြီ။ ။

# မကွေးခရိုင်ဥပဒေရုံးနှင့် မကွေးမြို့နယ်ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်




**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်တို့နှင့်အတူ ဩဂုတ် ၇ ရက်က မကွေးခရိုင်ဥပဒေရုံးနှင့် မကွေးမြို့နယ် ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် အဆောက်အအုံနှင့်စပ်လျဉ်း၍ အောင်ပဒေသာကုမ္ပဏီမှ တာဝန်ရှိသူများကရှင်းလင်းတင်ပြပြီး ရုံးဖွင့်ပွဲနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဥပဒေချုပ်က ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရှေ့နေချုပ်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မကွေးတိုင်းဒေသကြီး ဥပဒေချုပ်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ်က မကွေးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ တရားစီရင်ရေးကဏ္ဍ တိုးတက်ပြောင်းလဲရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဥပဒေရုံးများမှာလည်း တရားစီရင်ရေးကဏ္ဍ တိုးတက်ပြောင်းလဲရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့ ဥပဒေအရာရှိဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရာတွင် ပြတ်သားခိုင်မာသော စိတ်ထားများထားရှိရန်လိုပါကြောင်း၊ ဥပဒေအရာရှိများအနေဖြင့် တရားမျှတသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းရေး၊ အဂတိကင်းရှင်းသည့် အရာရှိများဖြစ်ရေး၊ အရည်အသွေး၊ အရည်အချင်းရှိသည့် တာဝန်ယူမှုရှိသည့် အရာရှိများဖြစ်ရေး ကြိုးစားကြရန်လိုကြောင်း၊ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းဖြင့် ပြည်သူကအသိအမှတ်ပြုသည့် ယုံကြည်အားကိုးသည့် ဥပဒေအရာရှိများ၊ ဥပဒေရုံးများဖြစ်အောင် ကြိုးစားကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အိမ်သုံးဆိုလာနှင့် ဇီဝလောင်စာသုံး စွမ်းအားမြင့်မီးဖိုများ ပေးအပ်ပွဲကျင်းပ



**ကောလင်း ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရှမ်းကလုံးကျေးရွာအုပ်စု ကျွန်းကလုံးကျေးရွာမှ ဒေသခံပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကသာခရိုင် ကောလင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဖြန့်ဝေသည့် ရာသီဥတုပြောင်းလဲမှုလျော့ချရေး အထောက်အကူပြု အိမ်သုံးဆိုလာအစုံ ၃၀ နှင့် ဇီဝလောင်စာသုံး စွမ်းအားမြင့်မီးဖို ၇၅ လုံးပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် ကောလင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများတက်ရောက်ခဲ့ကြသည်။ အဆိုပါ အိမ်သုံးဆိုလာ၏တန်ဖိုးမှာငွေကျပ် ငါးသိန်းခန့်၊ ဇီဝလောင်စာသုံးစွမ်းအားမြင့်မီးဖိုမှာ ငွေကျပ်ငါးသောင်းခန့်ရှိကြောင်း သိရသည်။

**အေးအေးမြင့် (ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၉-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၅/၆၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၁၀/၇၁၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၇ ·၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၉ ·၇၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၃၃ |
| တရုတ် | တစ်ယွမ် | ၂၀၂ ·၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ ·၈၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံနှင့် APRC တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာတို့အပေါ် အမြင်ချင်းဖလှယ်

**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် Asian Peace and Reconciliation Council (APRC) ဥက္ကဋ္ဌဖြစ်သူ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း Dr. Surakiart Sathirathai နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် APRC မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံ၏ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရေးတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် APRC တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် Asian Peace and Reconciliation Council (APRC) ဥက္ကဋ္ဌဖြစ်သူ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း Dr. Surakiart Sathirathai တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

❄ ***ရှေ့ဖုံးမှ***

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦး၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်အဖွဲ့လှုပ်ရှားမှုများအား ထိန်းချုပ်နိုင်မှု အစီအစဉ်နှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေး**

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က လတ်တလော လုံခြုံရေးတပ်ဖွဲ့ဝင် အင်အားဖြည့်တင်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ရေရှည်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအစီအမံ လျာထားချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

**ဖြေရှင်းဆောင်ရွက်နိုင်မည့်အခြေအနေ**

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပူးပေါင်းဆောင်ရွက်မှုအခြေအနေ**

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက လူ့အခွင့်အရေးကောင်စီအပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်၍ အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေ ၆ နာရီ ၂၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ကုသရေး)ဒေါက်တာသိမ်းကျော်ကို တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

◆ ***ရှေ့ဖုံးမှ***

ကြောင့် မိမိတို့၏ လက်ရှိနေရာနှင့် စိုက်ခင်းလယ်ယာများ ဆုံးရှုံးမည်ကို စိုးရိမ်ကြောင့်ကြမှုမရှိစေရေးအတွက် ယင်းနေရာများ၌ တပ်မတော်၊ နယ်ခြားစောင့်ရဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အင်အားများကို တိုးမြှင့်တာဝန်ချထားပြီးဖြစ်ကြောင်း၊ ယင်းနယ်မြေများ၌ သတင်းထူးခြားမှုရှိပါက လုံခြုံရေးတပ်ဖွဲ့များသို့ အမြန်ဆက်သွယ်သတင်းပေးခြင်းဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်သော လုံခြုံမှုစနစ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အဆိုပါကြေညာချက်တွင် ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းလုပ်ကိုင်နေသော နိုင်ငံတကာလူမှုအဖွဲ့အစည်းများအားလုံးသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နားလည်မှုစာချွန်လွှာရေးထိုးထားပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုချက်ကို ရခိုင်ပြည်နယ် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီမှစိစစ်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလက်မှတ်ပြုလုပ်ခြင်းကိစ္စများကို ၁၉၈၂ နိုင်ငံသားဥပဒေနှင့်အညီ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းတင်ပြအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။ **(သတင်းစဉ်)**

# မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီစည်းဝေး

**နေပြည်တော် ဩဂုတ် ၉**

မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ (၄/၂၀၁၇) ကြိမ်မြောက်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီတွင် ပါဝင်သည့် ဌာနဆိုင်ရာအသီးသီးနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် မော်တော်ယာဉ်တင်သွင်းခြင်း အပိုင်း၊ မှတ်ပုံတင်ခြင်းအပိုင်း၊ အခွန်ပေးဆောင်ခြင်းအပိုင်းများကို လျင်မြန်ချောမွေ့စွာ အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီသို့ ဌာနများမှ တင်ပြသောအမှာစာများကို အသေးစိတ်ဆွေးနွေးခဲ့ကြပြီး ကုမ္ပဏီများအနေဖြင့် မော်တော်ယာဉ်တင်သွင်းရာတွင် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ တင်သွင်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ အားနည်းချက် အားသာချက်များအား ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအသိပညာပေး

**သဲကုန်း ဩဂုတ် ၉**

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် အာဟာရချက်ပြုတ်ပြိုင်ပွဲကို ဩဂုတ် ၉ ရက်က သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မိုးဟိန်းက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား အသိပညာပေးပြောကြားပြီး ကျန်းမာရေးဆရာမကြီး ဒေါ်လှလှအေးက အာဟာရအုပ်စုများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အသက်ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေးပြီး နို့တိုက်မခင်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အာဟာရမုန့်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အဖွဲ့ငါးဖွဲ့ခွဲ၍ အာဟာရချက်ပြုတ်ပြိုင်ပွဲကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၉-** နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှင်းလင်းတင်ပြစဉ်


တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရှင်းလင်းတင်ပြစဉ်


ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ရှင်းလင်းတင်ပြစဉ်

◆ ကျောဖုံးမှ

တစ်နည်းအားဖြင့် အဆိုပါ ဂေဟစနစ်များသည် စိုက်ပျိုးရေး၊ သစ်တော၊ ရေလုပ်ငန်းနှင့် ခရီးသွားလာရေး စသည့် ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အဖြစ် သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း အထောက်အကူပြုလျက်ရှိပါကြောင်း။

ဒီရေတော ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ပြီး ၎င်းတို့မှရရှိလာသည့် သယံဇာတများကို သင့်တင့်လျောက်ပတ်စွာ အသုံးချခြင်းဖြင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ရာသီဥတုထိန်းညှိမှုလုပ်ငန်းစဉ်များတွင် ဒီရေတော ဂေဟစနစ် ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မြန်မာ့ကမ်းရိုးတန်း ဒေသများတွင် ဒီရေတောများကို ခုတ်ထွင်ပြီး ပုစွန်မွေးမြူခြင်း၊ မိုင်းခွဲ၍ ငါးဖမ်းခြင်း၊ သဲနှင့် သတ္တုတူးဖော်ခြင်း၊ အမှိုက်သရိုက်နှင့် အညစ်အကြေးများ စွန့်ပစ်ခြင်း၊ ရေယာဉ်များမှ စက်ဆီများယိုဖိတ်ခြင်းနှင့် တမင်စွန့်ထုတ်ခြင်း၊ ကုန်းတွင်းပိုင်းစိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းများကြောင့် ပင်လယ်ကမ်းရိုးတန်း ဒေသများတွင် နုန်းတင် အနည်ကျခြင်းနှင့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းများ ရောက်ရှိလာခြင်း စသည့် လူတို့ဖန်တီးသည့် လုပ်ရပ်များကြောင့် ဂေဟစနစ်များ ထိခိုက်မှုရှိနေသည်ကို သတိပြုမိကြမည် ဖြစ်ပါကြောင်း။

ကမ်းရိုးတန်းဂေဟစနစ်များ ထိခိုက်လာသည်နှင့်အမျှ ကမ်းရိုးတန်းဒေသ မြေသယံဇာတများ၏ ထုတ်လုပ်မှုစွမ်းအင် လျော့ကျခြင်း၊ ငါးသယံဇာတများ ပြုန်းတီးခြင်း၊ ကမ်းရိုးတန်းဒေသများ မြေပြိုရေတိုက်စားခြင်း စသည့် ပြဿနာများ ရင်ဆိုင်ကြုံတွေ့နေကြရသည်ကိုလည်း မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ပေါ်ပေါက်လာသည့် သဘာဝဘေးအန္တရာယ်များကြောင့်လည်း ကမ်းရိုးတန်းဒေသများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးတို့ကို ထိခိုက်စေပါကြောင်း၊ ဒီရေတောများကို အပြောင်ခုတ်ပြီး စပါးစိုက်ခြင်းနှင့် ပုစွန်ကန်ထူထောင်ခြင်းတို့ကို ပြုလုပ်လာကြပါကြောင်း၊ သို့သော် အချိန်ကြာလာသည်နှင့်အမျှ စပါးနှင့် ပုစွန်အထွက်နှုန်းလျော့ကျလာပြီး စီးပွားရေး တွက်ခြေမကိုက်သဖြင့် ၎င်းနေရာများကို စွန့်ပစ်ကာ ဒီရေတောများကို နောက်ထပ် ထပ်မံခုတ်ထွင်ရှင်းလင်းပြီး စပါးနှင့် ပုစွန်ကန်များ ထပ်မံထူထောင်သဖြင့် စွန့်ပစ်မြေအများအပြား ပေါ်ပေါက်လာသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ အကျိုးဆက်ကြောင့် သဘာဝဒီရေတောများမှ ပံ့ပိုးရရှိနေသည့် ဝန်ဆောင်မှုများနှင့် ထုတ်ကုန်ပစ္စည်းများလည်း ဆုံးရှုံးရပါကြောင်း၊ တနင်္သာရီ ကမ်းရိုးတန်းဒေသများတွင် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့် အပူပိုင်းမိုးသစ်တောများကို ခုတ်ထွင်ရှင်းလင်းခဲ့သဖြင့် ကမ်းရိုးတန်းဒေသအတွင်းရှိ ဂေဟစနစ်များကို ပိုမိုယိုယွင်းပျက်စီးစေခဲ့ကြောင်း။

ကုန်းတွင်းပိုင်းတွင် ဆောင်ရွက်သည့် မြေအသုံးချမှုလုပ်ငန်းများသည် ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်တို့ကို တိုက်ရိုက်အကျိုးသက်ရောက်စေသည်ကို လေ့လာတွေ့ရှိကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်းတွင်းနှင့် ပင်လယ်နှစ်မျိုးစလုံးကို ထည့်သွင်းစဉ်းစားပြီး လုပ်ငန်းမဆောင်ရွက်မီ ပတ်ဝန်းကျင်ကို ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ဆန်းစစ်ရရှိမှုများကိုအခြေခံပြီး စနစ်ကျသည့် ဘက်စုံစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊


မွန်ပြည်နယ်ဝန်ကြီးချုပ် ရှင်းလင်းတင်ပြစဉ်


ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရှင်းလင်းတင်ပြစဉ်


ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ရှင်းလင်းတင်ပြစဉ်


ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရှင်းလင်းတင်ပြစဉ်

အချို့နိုင်ငံများတွင် ကုန်းနှင့် ရေဧရိယာနှစ်မျိုးစလုံးကို ထည့်သွင်းစဉ်းစားပြီး ပင်လယ်ရေအောက် သန္တာကျောက်တန်းမှ မြေပေါ်တောင်ထိပ်အထိ လွှမ်းခြုံဆောင်ရွက်သည့် ချဉ်းကပ်နည်း (Reef to Ridge Approach ) နှင့် စီမံကိန်း၊ စီမံချက်များ ရေးဆွဲဆောင်ရွက်ကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ ကမ်းရိုးတန်းဂေဟစနစ်များ၏ အရေးပါမှုကို အသိအမှတ်ပြုပြီး လက်ရှိ ပျက်စီးယိုယွင်းမှုများကို လျော့နည်းရပ်တန့်သွားရေးနှင့် ပြန်လည်ရှင်သန်ဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကမ်းရိုးတန်းဒေသ သယံဇာတများနှင့် ပတ်သက်နေသည့် ဌာနများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု (Integrade Coastal Management - ICM ) သည် ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ညီလာခံက ထုတ်ပြန်ခဲ့သည့် ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံမူများဖြစ်သည့် လူသားမျိုးဆက်များအတွင်း သာတူညီမျှရှိစေရန်၊ ကြိုတင်ကာကွယ် ထိန်းသိမ်းရန်နှင့် ပတ်ဝန်းကျင်ကို ထိခိုက်ခဲ့ပါက ပြုလုပ်သူက ပေးလျော်စေရန် စသည့်အခြေခံမူများနှင့်အညီ ပေါ်ပေါက်လာသည့် စီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်တစ်ရပ်ဖြစ်ပါကြောင်း၊ အဆိုပါစနစ်သည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်ပြီး သယံဇာတများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအကြား ပေါင်းစပ်ညှိနှိုင်း စီမံအုပ်ချုပ်လုပ်ကိုင်သည့်နည်းစနစ်ဖြစ်သည့်အပြင် သယံဇာတထုတ်လုပ်သုံးစွဲရာတွင် လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရန် သုံးသပ်ဆောင်ရွက်သည့် နည်းစနစ်ဖြစ်ပါကြောင်း၊ တစ်နည်းဆိုသော် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုသည့် မဏ္ဍိုင်များကို ထည့်သွင်းစဉ်းစားပြီး သိပ္ပံပညာ (Science)နှင့် စီမံခန့်ခွဲမှု (Administration) နယ်ပယ်နှစ်ရပ်စလုံးကို ပေါင်းစပ်ချိတ်ဆက် ဆောင်ရွက်သည့် နည်းစနစ်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု ICM စနစ်နှင့်အညီ ကမ်းရိုးတန်းသယံဇာတများကို စနစ်တကျစီမံခန့်ခွဲသွားမည် ဖြစ်ပါကြောင်း၊ ကမ်းရိုးတန်း ဒေသစနစ်ကြီး တစ်ခုလုံးသည် စနစ်ခွဲများဖြင့် ဖွဲ့စည်းထားပြီး ထိုစနစ်ခွဲများက စနစ်ကြီး တစ်ခုလုံး ပုံမှန်လည်ပတ်စေရန် လုပ်ငန်းတာဝန်အသီးသီးကို ဆောင်ရွက်နေကြပါကြောင်း၊ စနစ်ခွဲတစ်ခု ပျက်စီးသွားသည်နှင့် စနစ်ကြီးတစ်ခုလုံးအပေါ် အကျိုးသက်ရောက်စေမည်ဖြစ်သည်ကို ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် သိရှိနားလည်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကမ်းရိုးတန်းဒေသတွင် ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်ကြသည့် စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ သယံဇာတထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကြောင့် ကမ်းရိုးတန်းဒေသပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးတို့အပေါ် ရေတိုရေရှည် အကျိုးသက်ရောက်မှုများကို ထည့်သွင်းတွက်ချက်ထားရန် လိုအပ်သည့်အပြင် ကမ်းရိုးတန်းသယံဇာတ အသုံးပြုသူများအကြား၌ လည်းကောင်း၊ လုပ်ငန်းဌာနများအကြား၌ လည်းကောင်း၊ အဖွဲ့အစည်းနှစ်ခုအကြား၌ လည်းကောင်း ပဋိပက္ခများပေါ်ပေါက်ပါက ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် နိုင်ငံ၏ အကျိုးစီးပွားကို အခြေခံ၍ အလျှော့အတင်း ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးထားပြီး လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုပြဿနာသည် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို အနုတ်လက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှု ဖြစ်စေသည့်အတွက် ပစ္စုပ္ပန်အတွက်သာမက အနာဂတ်မျိုးဆက်သစ်များအတွက်ပါ အရေးတကြီးဖြေရှင်းရမည့် ပြဿနာဖြစ်ပါကြောင်း၊ သစ်တောများ၊ အထူးသဖြင့် ကမ်းရိုးတန်းဒေသနှင့် ကျွန်းစုများပေါ်ရှိ သစ်တောများသည် ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် အဆိုပါ သစ်တောများကို ထိန်းသိမ်းနိုင်ရန် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေများအဖြစ် ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ သစ်တောများထိန်းသိမ်းရာတွင် ပြည်ထောင်စုအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် သဘာဝအရင်းအမြစ်သည် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ကမ်းရိုးတန်းသယံဇာတများသည် နိုင်ငံအတွက် အရေးပါသည့် သဘာဝအရင်းအမြစ်ဖြစ်သည့်အတွက် ကော်မတီဝင်များအနေဖြင့် အားတက်သရော ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်း သယံဇာတထိန်းသိမ်းရေး အသိပညာပေး မှတ်တမ်း ဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ပထမအကြိမ် အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဆောင်ရွက်ပြီးစီးမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များနှင့် တွဲဖက်အတွင်းရေးမှူးများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**

▲ ကျောဖုံးမှ

မြန်မာနှင့်အိမ်ရှင်မလေးရှားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၂၂ အသင်းတွင် ကစားသမားအဖြစ် **ဂိုး-**ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ **နောက်တန်း-**နန်းဝေမင်း၊ ထိုက်ထိုက်အောင်၊ နိုင်လင်းထွန်း၊ သောင်လျပ်ထျန်၊ သီဟထက်အောင်၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ **အလယ်တန်း-**စည်သူအောင်၊ ရဲရင့်ထွန်း၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ ရှိုင်းသူရ၊ မောင်မောင်စိုး၊ **ရှေ့တန်း-** အောင်သူ၊ သန်းပိုင်၊ အောင်ကောင်းမာန်နှင့် ရွှေကိုတို့ ပါဝင်ကြသည်။

ယင်းမြန်မာဘောလုံးပွဲစဉ်များနှင့်အတူ ဖျော်ဖြေရေး အစီအစဉ်များ တင်ဆက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

ယနေ့ မွန်းလွဲ ၁ နာရီ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ခန္တီးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

❐ ကျောဖုံးမှ

"မတ်လကရောက်လာတဲ့ တစ်လသားကျော်အရွယ် လောက်ရှိတဲ့ ဝက်ဝံထီးလေး နှစ်ကောင်ကို နို့ဘူးတိုက်မွေးခဲ့ပါတယ်။ အခု ခြောက်လသားလောက်ရှိပြီဖြစ်တဲ့အတွက် နို့ဘူးမတိုက်တော့ဘဲ ထမင်းနဲ့ အသီးတွေကျွေးနေပါပြီ။ သူတို့နဲ့အတူ ကလေးမြို့ သစ်တောက ပို့ထားတဲ့ တစ်နှစ်ကျော်အရွယ်ရှိတဲ့ ဝက်ဝံမတစ်ကောင်ကိုလည်း စောင့်ရှောက်ထားပါတယ်။ ဒီမှာက ယာယီစောင့်ရှောက်ထားတာဖြစ်ပြီး နောက်ပိုင်းမှာ မုံရွာစိမ်းစိုဝင်းကြီးထဲမှာလုပ်မယ့် တိရစ္ဆာန်ရုံကို ပို့ပြီး စောင့်ရှောက်မယ်လို့ သိရပါတယ်" ဟု ဝက်ဝံထိန်းသိမ်းစောင့်ရှောက်သူ သစ်တောဝန်ထမ်း ဦးဘတင့်က ပြောပြသည်။

ကလေးမြို့မှ ပေးပို့ထားသော ဝက်ဝံအမကို အနီးဝန်းကျင်မှ ရွှေမှုံဟုအမည်ပေးခေါ်ဝေါ်ကာ ကပြပါဦးဆိုလျှင်က ပြသလို မွေးစဉ်ကတည်းက လူနှင့်အနေနီးပြီး ဗန်းမောက်မြို့နယ်မှရောက်လာသော ရွှေတိုးနှင့် ငွေတိုးဟု အမည်ပေးထားသည့် ဝက်ဝံအထီးလေး နှစ်ကောင်သည်လည်း လူနှင့် အလွန်ယဉ်ပါးပြီး ပြောလျှင်နားလည်ကြကြောင်း ဦးဘတင့်က ဆိုသည်။

လက်ရှိတွင် ဝက်ဝံ သုံးကောင်အတွက် ထမင်းကို နံနက်၊ နေ့လယ်နှင့် ညနေ သုံးကြိမ်ခွဲကျွေးရာ တစ်ရက်လျှင် ဆန်နို့ဆီဘူး ၁၀လုံးချက်၍ ကျွေးရသလို သရက်သီးပေါ်ချိန်တွင် သရက်သီးအလွန်ကြိုက်ကြပြီး ဖရဲသီးကိုလည်း ကြိုက်ကြသည်ကို တွေ့ရကြောင်း သိရသည်။

"သဘာဝအတိုင်း ပေါက်ပွားကျက်စားတဲ့ တောရိုင်းတိရစ္ဆာန်တွေ ရေရှည်တည်တံ့စေဖို့ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရကသာမက ပြည်သူတစ်ဦးချင်းကလည်း ပူးပေါင်းပါဝင်ဖို့ အထူးလိုအပ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောပြသည်။

ပြုစုစောင့်ရှောက်ထားသော ဝက်ဝံ သုံးကောင်ကို တိုင်းဒေသကြီးအစိုးရထံ အပ်နှံစဉ်ကပင် လူနှင့်ယဉ်ပါးနေသည့်အတွက် တောထဲပြန်ပို့ပါက သူတို့နှင့် သဟဇာတမဖြစ်တော့သည့်အတွက် ပညာရှင်များ၏ အကြံပြုချက်အရ တိရစ္ဆာန်ဆေးကု ဆရာဝန်များ၏ အနီးကပ်စောင့်ရှောက်မှု၊ WCS ပညာရှင်များ၏ အကြံပြုချက်ဖြစ်သော ဝက်ဝံများ သဘာဝနှင့် လိုက်လျောညီထွေရှိစေမည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးကာ အသက်အရွယ်အလိုက်ကျွေးမွေးရန်လိုအပ်သည့် အာဟာရကို တွက်ချက်အကြံပြုချက်များရယူကာ ယာယီစောင့်ရှောက်ထားခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ANP ပါတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ANP ပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပိုမိုပူးပေါင်းလုပ်ဆောင်နိုင်ရေးကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဒေါက်တာအေးမောင်နှင့်အတူ ANP ပါတီဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးဘရှိန်၊ ဦးဦးလှစော၊ ဦးဖေသန်း၊ ဦးအောင်ကျော်ဇံ၊ ဦးဝေစိန်အောင်နှင့် ဦးခင်မောင်လတ်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ANP ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်**

# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် တောင်တရုတ်ပင်လယ်ကိစ္စနှင့် အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုနှိမ်နင်းရေးကိစ္စရပ်များ အလေးပေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၉

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ဩဂုတ် ၄ ရက်မှ ၈ ရက်အထိ ကျင်းပသည့် အကြိမ်(၅၀)မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်ဝန်ကြီးအဆင့်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။**




**ဒုတိယဝန်ကြီး ဦးကျော်တင် အကြိမ် (၅၀)မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာသည့်တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

ဒုတိယဝန်ကြီးသည် ဩဂုတ် ၄ ရက်တွင် အရှေ့တောင်အာရှဒေသ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲတို့သို့ တက်ရောက်သည်။

ဩဂုတ် ၅ ရက်တွင် အကြိမ်(၅၀)မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနား၊ အကြိမ်(၅၀)မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ မျက်နှာစုံညီအစည်းအဝေးနှင့် အလွတ်သဘောအစည်းအဝေးများသို့တက်ရောက်ခဲ့ပြီး အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာနမှ ထုတ်ဝေသည့် "Symposium on Principles, Mechanisms and Practices of Peace and Reconciliation Processes" မှတ်တမ်းစာအုပ် မိတ်ဆက်ခြင်းအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားသည်။

ဩဂုတ် ၆ ရက်တွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ကနေဒါနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဥရောပသမဂ္ဂ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့နှင့် ပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ညပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက တည်ခင်း ဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ဒုတိယဝန်ကြီးသည် အာဆီယံ-ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စဂျူလီဘီရှော့နှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက် ဆက်ဆံရေး၏ ညှိနှိုင်းရေးတာဝန်ခံနိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဩဂုတ် ၇ ရက်တွင် (၁၈) ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၇) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်၏ မျက်နှာစုံညီနှင့် သီးသန့်ဝန်ကြီးအဆင့်အစည်းအဝေးများနှင့် အာဆီယံဒေသဆိုင်ရာ လုံခြုံရေးအမြင် နှစ်ပတ်လည်စာအုပ် (၂၀၁၇ ခုနှစ်) မိတ်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဩဂုတ် ၈ ရက်တွင် ကျင်းပသည့် အာဆီယံ နှစ် (၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် အကြိမ် (၅၀) မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ပိတ်ပွဲအခမ်းအနားတို့သို့ တက်ရောက်သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါဒူတာတေးအား အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တွေ့ဆုံသည်။



**ဒုတိယဝန်ကြီး ဦးကျော်တင် အာဆီယံ - ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး တက်ရောက်စဉ်**

ဒုတိယဝန်ကြီးသည် အကြိမ်(၅၀) မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်တစ်ဆက်တစ်စပ်တည်း ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ကနဦးဆောင်ရွက်မှု ဝန်ကြီးအဆင့်အစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် မဲခေါင်-ဂျပန် ဝန်ကြီးအဆင့်အစည်းအဝေးများသို့လည်း တက်ရောက်သည်။ ဒုတိယဝန်ကြီးသည် (၁၀) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်သည်။

ဒုတိယဝန်ကြီးသည် မနီလာမြို့၌ ရောက်ရှိစဉ်အတွင်း သီရိလင်္ကာ၊ တူရကီ၊ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကိုရီးယားကျွန်းဆွယ်ကိစ္စအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များအပြင် ကိုရီးယားကျွန်းဆွယ်ဒေသ တင်းမာမှုအခြေအနေ၊ တောင်တရုတ်ပင်လယ်ကိစ္စနှင့် အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုနှိမ်နင်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ အလေးပေး ဆွေးနွေးသည်။

အစည်းအဝေးများ အပြီးတွင် အကြိမ်(၅၀)မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ထို့အပြင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များအား အပြည့်အဝလိုက်နာရန် တိုက်တွန်းကြောင်းနှင့် ကိုရီးယားကျွန်းဆွယ် ဒေသတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အာဆီယံအနေဖြင့် အပြုသဘောအခန်းကဏ္ဍမှ ကူညီပံ့ပိုးပေးရန် အသင့်ရှိကြောင်း သီးခြား ထုတ်ပြန်ချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ခဲ့သည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား တောင်တရုတ်ပင်လယ်တွင်း နိုင်ငံများ လိုက်နာရမည့် ကျင့်ထုံးတစ်ရပ် ရေးဆွဲရေးအတွက် အခြေခံမူဘောင် (framework of the Code of Conduct) သဘောတူညီချက် တစ်ရပ်ကိုလည်း အတည်ပြုချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အသေးစားနှင့်အလတ်စား လုပ်ငန်းရှင်များအတွက် ချေးငွေရရှိရေး ဆွေးနွေးအကြံပေးမည်

**နေပြည်တော် ဂုတ် ၉**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် Bagan Mart.com တို့ ပူးပေါင်းပြီး အာဆီယံနှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် Smart Living Expo 2017 ပြပွဲကို တပ်မတော်ခန်းမ၌ ဩဂုတ် ၁၁၊ ၁၂၊ ၁၃ ရက်တို့တွင် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည် ဖြစ်သည်။

SME ဌာန၊ မြန်မာ့အာမခံလုပ်ငန်းနှင့် CB Bank တို့ ပူးပေါင်း၍ SME လုပ်ငန်းရှင်များ အထူးစိတ်ဝင်စားသော CGI စနစ်ဖြင့် ချေးငွေရရှိနိုင်ရေး ဆွေးနွေးပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဒေါက်တာ အောင်ထွန်းသက်၊ ဦးခင်မောင်ညို (ဘောဂဗေဒ)၊ ဒေါက်တာသောင်းဟန်၊ Richard Dare၊ ဦးသိန်းမြင့်ဝေ (စီးပွားကူးသန်း)၊ ဒေါက်တာ အိရွှေစင်ထွန်း (SME ဌာန) စသည့် စီးပွားရေး ပညာရှင်ပေါင်းများစွာက SME များ သိသင့်သိထိုက်သောနယ်ပယ်များအတွက် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူများတက်ရောက်နိုင်ကြောင်း အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနမှ သိရသည်။

**သွန်းဝသန်**

# မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာမှုအခြေအနေနှင့် အလားအလာ

ခင်ဇာလီ

မြန်မာနိုင်ငံ၏တည်နေရာသည် ဖွံ့ဖြိုးဆဲ အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့စီးပွားရေး အင်အားကြီးနှစ်ခုအကြား ကုန်စည်စီးဆင်းမှုပြုလုပ်နိုင်သည့် မဟာဗျူဟာအချက်အချာကျသည့် နေရာတစ်ခုဖြစ်သည်။ အာရှတိုက်၏ ကုန်စည်သယ်ယူပို့ဆောင်ရေးကို ပိုမိုအဆင်ပြေအောင် မြှင့်တင်ပေးနိုင်သည့် ဆုံမှတ်တစ်ခုလည်းဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် သယံဇာတများ၊ လူသားအရင်းအမြစ်ဖြစ်သည့် လူငယ်လူရွယ်ဦးရေ များပြားစွာရှိနေခြင်းသည် ရင်းနှီးမြှုပ်နှံလိုသူနိုင်ငံများအတွက် အားသာချက်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ အဓိကရင်းနှီးမြှုပ်နှံလျက်ရှိသည့် နယ်ပယ်များမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ သတင်းအချက်အလက် ဆက်သွယ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းများဖြစ်ပြီး ယင်းနယ်ပယ်များတွင် ဈေးကွက်များပိုမိုရရှိရန်လည်း အလားအလာများစွာရှိနေသည်။ ထိုကဲ့သို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုကို ရရှိနေ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြား ခိုင်မာသောဆက်ဆံရေးတစ်ခုမှာ စီးပွားရေးတိုးတက်မှုဆိုင်ရာ ရေရှည်မြင့်မားသည့် လမ်းကြောင်းကို ရရှိစေနိုင်ခြင်းဖြစ်သည်။ ယင်းကြောင့်ပင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် မောင်းနှင်အားသည် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများဟု နားလည်သဘောပေါက်သဖြင့် မြန်မာနိုင်ငံသားများနှင့် ပြည်သူတို့၏ ပတ်ဝန်းကျင်အတွက် အပြုသဘောသက်ရောက်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးကူညီရန် ခိုင်မာသည့် ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိနေသည်။

မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရာတွင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုမှာ ပထမဆုံးနှင့် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်သည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် ပင်လုံစိတ်ဓာတ်ဖြင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခဲ့ခြင်း၊ ယင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ထူထောင်နိုင်ရန်ရည်ရွယ်ပြီး တိုင်းရင်းသားများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့သည်။

နိုင်သည့်ယန္တရားများ ထည့်သွင်းထားသည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားများနှင့် တည်နေရာလိုက်ပြီး ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပေးခဲ့သည်။


ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အခွန်ကောက်ခံရေး၊ ကုန်သွယ်မှုဖြေလျှော့ရေး၊ ကုန်သွယ်မှုလုပ်ငန်းများအဆင်ပြေချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ပညာပေးအစီအစဉ်များနှင့် ပတ်သက်သည့် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည်။ ယင်းကြောင့်ပင် ယခင်အစိုးရ၏ နောက်ဆုံးဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၈ ဘီလီယံရှိခဲ့ရာမှ သမိုင်းအလှည့်အပြောင်းဖြစ်ခဲ့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံသာ ဝင်ရောက်ခဲ့သဖြင့် လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လေးလတာကာလ မပြည့်မီမှာပင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံရရှိနေသဖြင့် ယခင်နှစ်ထက် ၅၀ ရာခိုင်နှုန်းကျော် ရရှိနေခြင်းဖြစ်ရာ လျာထားချက်ပမာဏရရှိရန်မှာ သေချာနေပြီဖြစ်သည်။ ယင်းပမာဏကို နိုင်ငံပေါင်း ၂၁ နိုင်ငံမှ လုပ်ငန်းပေါင်း ၉၅ ခုမှ ရင်းနှီး


နိုင်ငံသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ရာခိုင်နှုန်းဖြင့် ဦးဆောင်လျက်ရှိရာ ယင်းနောက်တွင် စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က အစဉ်လိုက်ရှိနေပြီး နိုင်ငံပေါင်း ၄၉ နိုင်ငံမှ လုပ်ငန်းပေါင်း ၁၃၁၂ ခုက ဝင်ရောက်ခဲ့ပြီးဖြစ်သည်။


[ (ဇယား-၁) [ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်(ဇွန်လ)နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဇွန်လ)အထိ ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ] နှိုင်းယှဉ်ချက်ပြဇယား


(ဇယား-၂) ၂၁ ဇူလိုင်ထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေပြဇယား ]

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တွင် ရန်ကုန်တိုင်းဒေသကြီးသည် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ပြီး ယင်းနောက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ဖြစ်သည်။ သို့သော်လည်း ယခုဘဏ္ဍာနှစ်အတွင်း ဝင်ရောက်မှုမရှိသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့ဖြစ်နေခြင်းကြောင့် သိသာထင်ရှားသည့် စီးပွားရေးဆိုင်ရာ ဖြေလျှော့မှုများနှင့် အထောက်အကူဖြစ်စေမည့် ဥပဒေဆိုင်ရာပြုပြင်




သကဲ့သို့ အခြားရင်းနှီးမြှုပ်နှံနိုင်သည့် နယ်ပယ်၊ ကဏ္ဍများစွာလည်း ကျန်ရှိနေခြင်းမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများအတွက် အားသာချက်များဖြစ်သည်။

**လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လေးလတာကာလ မပြည့်မီမှာပင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံရရှိနေသဖြင့် ယခင်နှစ်ထက် ၅၀ ရာခိုင်နှုန်းကျော် ရရှိနေခြင်းဖြစ်ရာ လျာထားချက်ပမာဏရရှိရန်မှာ သေချာနေပြီဖြစ်သည်။**

၂၀၁၇ ခုနှစ် မေ ၂၉ ရက်တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင် ညှိနှိုင်းဆွေးနွေးခဲ့သည့် အချက်များအနက် (၃၇) ချက်ကို အောင်မြင်စွာ သဘောတူနိုင်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရနှင့် အခြားပါဝင်ပတ်သက်သူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အတူတကွ အကောင်အထည်ဖော်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ ဖော်ဆောင်ကြရန်ဖြစ်သည်။

ယင်းအပြင် နိုင်ငံတော်အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေစေမည့် အခင်းအကျင်းကိုလည်း ဖန်တီးလျက်ရှိရာ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဥပဒေတွင် ထင်ရှားသည့်အချက်များမှာ ရင်းနှီးမြှုပ်နှံသူများအပေါ် အကာအကွယ်ပြုသည့်အချက်များနှင့် အဆင်မပြေမှုများရှိပါက တိုင်ကြား

**ယင်းပမာဏကို နိုင်ငံပေါင်း ၂၁ နိုင်ငံမှ လုပ်ငန်းပေါင်း ၉၅ ခုမှ ရင်းနှီးမြှုပ်နှံခဲ့ခြင်းကြောင့် ပြည်တွင်းလုပ်သား သုံးသောင်းကျော် အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးပေးနိုင်ခဲ့သည်။**

မြှုပ်နှံခဲ့ခြင်းကြောင့် ပြည်တွင်းလုပ်သား သုံးသောင်းကျော်အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်းသို့ လက်ရှိဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြင့် ဝင်ရောက်လာသည့် ငါးနိုင်ငံမှာ စင်ကာပူ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဟောင်ကောင်တို့ဖြစ်သည်။ ယင်းတို့သည် စက်မှုကဏ္ဍ၊ အိမ်ရာနှင့် အဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့တွင် အများဆုံးရင်းနှီးမြှုပ်နှံကြသည်။ ရင်းနှီးမြှုပ်နှံမှုအများဆုံး နိုင်ငံစာရင်းတွင်မူ တရုတ်ပြည်သူ့သမ္မတ

ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်။

(ဇယား-၃) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေပြဇယား

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာမှုနည်းပါးနေသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကော်မတီခွဲများကို ယခုနှစ် ဇူလိုင် ၇ ရက်တွင် ဖွဲ့စည်းခဲ့ပြီးလည်း ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်လုပ်ငန်းကော်မတီရုံးခွဲများ ဖွင့်လှစ်ပေးပြီးဖြစ်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်လည်း ယခုနှစ်အတွင်းဖွင့်လှစ်သွားတော့မည်ဖြစ်သည်။

အခွန်ကင်းလွတ်သက်သာခွင့် လျှော့ထားခြင်းမှ မြေအသုံးပြုခွင့် စည်းမျဉ်းများအပြင် မတည်ရင်းနှီးငွေ ဒေါ်လာငါးသန်း သို့မဟုတ် မြန်မာကျပ်ငွေ သိန်း ၆၀၀၀ အထိရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်

*စာမျက်နှာ ၈ သို့*

# လယ်ယာမြေအသုံးပြုခွင့်ရရှိထားသူများကို လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိစေရန် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထုတ်ပေးခြင်းနှင့်ပတ်သက်ပြီး မလျော်မကန် လုပ်ကိုင်မှုကြောင့် အရာထမ်း ငါးဦးနှင့် အမှုထမ်း ၈၁ ဦး စုစုပေါင်း ၈၆ ဦးအား အပြစ်ပေးအရေးယူခဲ့ရကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လုပ်ကိုင်ဆောင်ရွက်မှုအပေါ်မူတည်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေအရ ပြစ်ဒဏ်များချမှတ်ရာတွင် သတိပေးခြင်း၊ နှစ်တိုးရပ်ခြင်း၊ လစာလျှော့ပြစ်ဒဏ်၊ ရာထူးတိုးရပ်ခြင်း၊ ရာထူးလျှော့ချခြင်း၊ ဌာနမှထုတ်ပယ်ခြင်းနှင့် ထုတ်ပစ်ပြစ်ဒဏ်များ ပေးခဲ့ပါကြောင်း ပြောကြားသည်။

ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **ပုံစံ(၇)ပါ အကွက်အမှတ် အတိုင်းအတာ၊ မြေစာရင်းကွင်းမြေပုံရှိ အကွက်အမှတ်အတိုင်းအတာ၊ မြေပြင်တွင် အမှန်တကယ်ရှိသည့် အကွက်အမှတ်အတိုင်းအတာစသည်တို့ တိုက်ဆိုင်စစ်ဆေးကာ မြေကြီးမြေပုံစာရင်း အမှန်ရရှိရေးအတွက် စီမံချက်ချဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ပုံစံ(၇)များ လက်လွတ်စပယ် ထုတ်ပေးခြင်း၊ မြေတိုင်းတာမှု အလွယ်ပြုလုပ်ခြင်းတို့အတွက် မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း** မေးခွန်းအား ပြန်လည်ဖြေကြားရာတွင် ဒုတိယဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာမြေ အသုံးပြုခွင့်ရရှိထားသူများကို ဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိစေ



ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်

ရန်အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ အောက်ခြေတွင် စီမံခန့်ခွဲမှု အလွဲအချော်များရှိခဲ့ကြောင်း၊ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးခြင်းနှင့်ပတ်သက်ပြီး ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ လုပ်ဆောင်နေသော ဝန်ထမ်းများအား တိုင်ကြားလာမှုနှင့် စိစစ်တွေ့ရှိမှုများ များစွာတွေ့ရှိခဲ့ရပါကြောင်း၊ တောင်သူတစ်ဦးချင်း၊ ဦးပိုင်တစ်ခုချင်းအလိုက် လက်ရှိမြေပြင် စိုက်ပျိုးလုပ်ကိုင်နေသည့် ဧရိယာအပါအဝင် မြေအသုံးချမှုအခြေအနေကို သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ထိန်းသိမ်းထားရှိသည့်စာရင်းနှင့် မြေပုံမှတ်တမ်းများကို တိုက်ဆိုင်စစ်ဆေးပြီး စနစ်တကျ ဆောင်ရွက်ပေးပါကြောင်း။

မြေပြင်ကွင်းဆင်းတိုင်းတာ၍ စာရင်းပြုစုထားမှုနှင့် ဌာနရှိစာရင်းမြေပုံမှတ်တမ်းများအရ ဦးပိုင်တစ်ခုချင်းအလိုက် စာရင်းမြေပုံကောက်နုတ်ချက် မိတ္တူမြေစာရင်းပုံစံ (၁၀၅)ကိုပူးတွဲ၍ သက်ဆိုင်ရာ တောင်သူလယ်သမားတစ်ဦးချင်းအား ၎င်းလုပ်ကိုင်သည့် ဦးပိုင်တစ်ခုချင်းအလိုက် ပုံစံ(၇)ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် (ပုံစံ - ၇)ထုတ်ပေးခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကန့်ကွက်လွှာများခေါ်ယူပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျထုတ်ပေးလျက်ရှိပါကြောင်း။

မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေးနှင့်စပ်လျဉ်း၍ မြေပြင်အခြေအနေသည် လူတို့၏ ပြုပြင်ဖန်တီးမှုကြောင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုကြောင့်လည်းကောင်း အခြေအနေများပြောင်းလဲမှု ရှိနိုင်ပါကြောင်း၊ ယင်းသို့ပြောင်းလဲမှုများအား အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ရေးအတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအနေဖြင့် Digital မြေပုံများ တိုင်းတာရေးဆွဲထုတ်လုပ်နိုင်ရေးကိုလည်း နှစ်စဉ်စီမံချက်များချမှတ်၍ ရန်ပုံငွေခွဲဝေ ရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ **မက်မန်းမြို့နယ်တွင် ခရိုင် သို့မဟုတ် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဖွင့်လှစ်ပေးရန်၊ ဝန်ထမ်းများ ခန့်အပ်ပေးရန်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် တာဝန်ခံအရာရှိ ခန့်အပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ဖွဲ့စည်းပုံတွင် မက်မန်းခရိုင်အား ဖွဲ့စည်းထားခြင်းမရှိဘဲ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွပ်ကဲမှုအောက်တွင် ထားရှိပါကြောင်း။

လက်ရှိလုံခြုံရေးအခြေအနေအရ ဝန်ထမ်းများ တာဝန်ချထားမှုမရှိသော်လည်းအရာထမ်းတစ်ဦး၊ အမှုထမ်းနှစ်ဦးဖြင့် ရုံးဖွင့်လှစ်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရုံးအဆောက်အအုံ၊ ယာဉ်ယန္တရား၊ ဝန်ထမ်းအင်အားဖြည့်တင်းရေးကို ဘဏ္ဍာရေးနှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မက်မန်းမြို့နယ်တွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရေးနှင့် ဝန်ထမ်းများဖြည့်တင်းခန့်ထားခွင့်ရရှိရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွဲ့စည်းခန့်ထားခွင့်ရရှိပါက တာဝန်ခံအရာရှိ ခန့်အပ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၈ သို့*

# အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်ကအတည်ပြု

**နေပြည်တော် ဩဂုတ် ၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ၏ **ပခုက္ကူမြို့၏ လိုအပ်နေသော ဝန်ထမ်းအိမ်ရာ၊ ဆေးရုံနှင့် အစိုးရရုံးများ တည်ဆောက်ရန်အတွက် လေယာဉ်ကွင်းဟောင်းနေရာ မြေ ၄၇ ကေကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပခုက္ကူလေဆိပ်သစ်ကို အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆင့်တိုးချဲ့ရာတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများတည်ဆောက်ခြင်း၊ လေဆိပ်နှင့်ပတ်သက်ပြီး ဆက်စပ်ဆောင်ရွက်မည့် ဌာနအဖွဲ့အစည်းများအသုံးပြုရန် ပခုက္ကူလေယာဉ်ကွင်းဟောင်း၏ မြေဧရိယာ ၄၇ ကေမှ ၂၇ ကေအား ချန်လှပ်၍ ကျန်ရှိသောမြေဧရိယာ ကေ ၂၀ ကို ပခုက္ကူမြို့အတွက် လိုအပ်နေသည့် ဝန်ထမ်းအိမ်ရာ၊ ဆေးရုံနှင့် အစိုးရရုံးများ တည်ဆောက်နိုင်ရန်အတွက် ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ဌာနပိုင်မြေအဖြစ်မှ စွန့်လွှတ်၍ စနစ်တကျလွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။


ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝှေ့တင်း၏ **ပလက်ဝမြို့နယ် အိန္ဒိယ - မြန်မာ ကုလားတန် ဘက်စုံစီမံကိန်း ပလက်ဝမြို့မှ အိန္ဒိယနိုင်ငံ မီဇိုရမ်ထိ ဖောက်လုပ်မည့် ကားလမ်းဧရိယာအတွင်း ဒေသခံပြည်သူများ ပိုင်ဆိုင်သော လယ်မြေ၊ ကိုင်းမြေ၊ ဥယျာဉ်ခြံမြေများ ပါဝင်ပြီး ၎င်းကိစ္စအတွက် ထိုက်သင့်သော လျော်ကြေးငွေများ ပေးဆောင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပလက်ဝမြို့မှ အိန္ဒိယနိုင်ငံ မီဇိုရမ်ထိ ကားလမ်းဖြတ်သန်းရာ ပလက်ဝမှ စက်ပစ်ပြင်အထိ ၆၀ ဒသမ ၇ ကီလိုမီတာနှင့် စက်ပစ်ပြင်မှ ဇိုရမ်ပွီအထိ ၄၈ ဒသမ ၅ ကီလိုမီတာ လမ်းကြောင်းရှိ လမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်ရန်နှင့် နယ်နိမိတ်သတ်မှတ်ရန်အတွက် အသေးစိတ်ပြန်လည်တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် လမ်းဦးစီးဌာနမှ အဆိုပါ လမ်းအူကြောင်းအား အတည်ပြုသတ်မှတ်ပြီးစီးပါက လမ်းနယ်ဧရိယာအတွင်းပါဝင်သည့် ဒေသခံပြည်သူများ ပိုင်ဆိုင်သောအပိုင်းကို ထိုက်သင့်သည့် လျော်ကြေးငွေများ ပေးဆောင်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးတို့၏ **ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ဆောင်ရွက်နေမှု၊ ဟားခါး - မတူပီ - ပလက်ဝလမ်းရှိ လမ်းကွေ့များအား ဦးစားပေးလမ်းတာချဲ့ပေးရန်နှင့် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန်** မေးခွန်းများနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။



ဒေါ်ထုမေ
ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁)



ဦးဝှေ့တင်း
ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရာစွန့်ခွာထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက ထောက်ခံဆွေးနွေးပြီး လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် **အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝှေ့တင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က အကြံပြုဆွေးနွေးကြသည်။

**ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ**က နိုင်ငံတကာ ပါလီမန်များအဖွဲ့ (IPU) အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသည့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေး CEDAW ဆိုင်ရာကုလသမဂ္ဂ ကော်မတီ၏ (၆၄)ကြိမ်မြောက် အစည်းအဝေး နိဂုံးချုပ်မှတ်ချက်များ အကြောင်းအရာပါ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် Periodic Report အား အင်္ဂလိပ်ဘာသာဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင် ဖြန့်ဝေပေးခဲ့ပါကြောင်း၊ အဆိုပါ အစီရင်ခံစာ၏ စာမျက်နှာ (၁၀) Nationality ဆိုသော ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်၌မရှိသည့် တိုင်းရင်းသားတစ်မျိုးကို လုပ်ကြံဖန်တီးထားသော အသုံးအနှုန်းများ ပါရှိပါကြောင်း။

ယင်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်တွင် အမှန်တကယ် တိုင်းရင်းသားအမျိုးသမီးများ၏ အခွင့်အရေးများကို ထိခိုက်သည့်အတွက် နောက်တစ်ကြိမ် အစည်းအဝေးကို တက်ရောက်ကြသော သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယခုကိစ္စအား အလေးထားဆွေးနွေးရန် အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီကို တိုက်တွန်းပါကြောင်း၊ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခဒေသအတွင်း အမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေး၊ အကြမ်းဖက် သတ်ဖြတ်မှုခံနေကြရသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အခွင့်အရေးများကိုလည်း ကွင်းဆင်းလေ့လာပြီး လာမည့်အစီရင်ခံစာများတွင် သီးခြားကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်းဖော်ပြသင့်ပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးသည်။

အမျိုးသားလွှတ်တော် **အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ** အား လွှတ်တော်က အတည်ပြုပေးရန် ကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်းက အဆိုတင်သွင်းရာ လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ဩဂုတ် ၁၀ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး (သတင်းစဉ်)**

# မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင်လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကိုဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်အဆို အမျိုးသားလွှတ်တော်၌ တင်သွင်း

နေပြည်တော် ဩဂုတ် ၉

**မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အရေးယူပေးရန်နှင့် ၎င်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရာစွန့်ခွာထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတစ်ရပ်ကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့သည်။



**ဦးခင်မောင်လတ်**
**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၃)**

### အမာခံအဖြစ် ခြေကုပ်ယူ

အဆိုတင်သွင်းစဉ် အဆိုရှင် ဦးခင်မောင်လတ်က ရခိုင်ပြည်နယ် မေယုနယ်ခြားဒေသ၌ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကျီးကန်းပြင် နယ်ခြားစောင့်ရဲဌာနချုပ်၊ ကိုးတန်ကောက်စခန်းနှင့် ငါးခူရစခန်းများကို အစွန်းရောက်အကြမ်းဖက်များ တိုက်ခိုက်ခြင်းသည် စနစ်တကျပြင်ဆင်ခဲ့သည်ကို ပေါ်လွင်ထင်ရှားနေပါကြောင်း၊ ထို့နောက် အစွန်းရောက်အကြမ်းဖက်သမားများသည် ယင်းဒေသရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအား စည်းရုံးသိမ်းသွင်းပြီး အမာခံအဖြစ်ခြေကုပ်ယူလျက် စည်းရုံးသိမ်းသွင်းမရသူများကို သစ္စာဖောက်အဖြစ် သတ်မှတ်၍ နေ့စဉ်နှင့်အမျှ သတ်ဖြတ်ဖမ်းဆီးမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

၂၀၁၇ ခုနှစ် ဇွန် ၂၀ ရက်တွင် မေယုတောင်ကြောတစ်လျှောက် လျှို့ဝှက်စခန်းနေရာများ၊ လိုဏ်ခေါင်းများ၊ အကြမ်းဖက်သင်တန်းပေးမှုများကိုတွေ့ရှိခြင်း၊ သတ်ဖြတ်မှုများ ဆက်တိုက်ဖြစ်နေခြင်းတို့ကြောင့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များမှ ရခိုင်မျိုးနွယ်စုဝင်လူနည်းစုများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းအခြေအနေများ ဆိုးရွားကျဆင်းလျက် နေရပ်စွန့်ခွာထွက်ပြေးသည့် အခြေအနေသို့ ရောက်ရှိနေပါကြောင်း။

၎င်းအခြေအနေများသည် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂ ခုနှစ်တွင် ရခိုင်မျိုးနွယ်များ သတ်ဖြတ်ခြင်းခံခဲ့ရသော အကြိုကာလအဖြစ်အပျက်များနှင့် ထပ်တူကျနေသည်ဟု ဒေသခံသက်ကြီးများက ပြောဆိုကြပါကြောင်း၊ ဘူးသီးတောင်နှင့် မောင်တောဒေသ၌ လွန်ခဲ့သော နှစ်လ၊ သုံးလအတွင်း ဖြစ်စဉ်များကိုကြည့်ပါက တိုင်းရင်းသားလူနည်းစုများ၏ စိုးရိမ်ကြောက်လန့်မှုသည် အကြောင်းမဲ့သက်သက်မဟုတ်ဘဲ အကြမ်းဖက်လုပ်ရပ်များ အရှိန်မြှင့်လာပြီး အခြေအနေပိုဆိုးရန် အလားအလာရှိသည့်အတွက် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ဘူးသီးတောင်နှင့် မောင်တောဒေသကို ဖိလစ်ပိုင်နိုင်ငံ မာရာဝီဒေသကဲ့သို့ ဖြစ်လာနိုင်သည်ဟု နိုင်ငံတကာ ပညာရှင်အချို့က သုံးသပ်ထားကြောင်း၊ အယ်ကိုင်ဒါ၊ တာလီဘန် စသော အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်နယ်မြေသစ်သည် အရှေ့တောင်အာရှဖြစ်ပြီး အယ်ကိုင်ဒါခေါင်းဆောင် ဇဝါဟာရီက မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယအရှေ့မြောက်ပိုင်းပြည်နယ်များမှ မူဆလင်များအတွက် အယ်ကိုင်ဒါ အိန္ဒိယမူဆလင်အဖွဲ့ခွဲကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း တရားဝင်ကြေညာထားပါကြောင်း၊ ၂၀၁၆ ခုနှစ် ကမ္ဘာ့အကြမ်းဖက်မှုအညွှန်းကိန်း (Global Terrorism Index) အရ မြန်မာနိုင်ငံသည် အဆင့် ၄၅ သို့ ရောက်ရှိနေပြီး ဘူးသီးတောင်နှင့် မောင်တောဒေသ၏ အကြမ်းဖက်ခံရနိုင်မှု အခြေအနေမှာ အလွန်မြင့်မားနေပါကြောင်းဖြင့် အဆိုတွင် ဖော်ပြထားသည်။

### လုပ်ပိုင်ခွင့်အစီအမံများ ချမှတ်ပေးသင့်

အကြမ်းဖက်အဖွဲ့ဝင်များကို အမြစ်ပြတ်ရှာဖွေဖော်ထုတ်ရာတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဝိုင်းဝန်းတိုက်ခိုက်အကြမ်းဖက်ရန်ရှာသူများနှင့် လတ်တလော ဩဂုတ် ၄ ရက် ရသေ့တောင်မြို့နယ် စေတီပြင်တိုက်နယ် အောက်နန်းရာကျေးရွာ၌ RSO အကြမ်းဖက်များအား ဖမ်းဆီးသော နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန်ပြုသူများအား ထိရောက်စွာ တားဆီးနိုင်ရေးအတွက် ထိရောက်သော လုပ်ပိုင်ခွင့်အစီအမံများ ချမှတ်ပေးသင့်ကြောင်း နိုင်ငံတော်အစိုးရအား အကြံပြုလျက် ယခုအဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း အဆိုရှင် ဦးခင်မောင်လတ်က ပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက ထောက်ခံဆွေးနွေးရာတွင် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ် အပါအဝင် ကျေးရွာများမှ ပြည်သူများ၏ အသက်အန္တရာယ်များနှင့် အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်စားသောက်ရေးကို ထိထိရောက်ရောက်ကာကွယ်မှုပြုနိုင်ရန်အတွက် လုံခြုံရေးအင်အားတိုးမြှင့်ဆောင်ရွက်ပေးရန်၊ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များအား ကာကွယ်မှုတိုးမြှင့်ဆောင်ရွက်ပေးရန်နှင့် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်နေကြသော အကြမ်းဖက်အဖွဲ့များအား အစီအစဉ်များ စနစ်တကျစီမံ၍ ထိထိရောက်ရောက် အမြန်ဆုံးအရေးယူဆောင်ရွက်ပေးရန် ယနေ့အချိန်သည် အရေးတကြီး လိုအပ်နေပါကြောင်း။

### လုံခြုံရေးအင်အားတိုးမြှင့်ပေးရန်

ထို့ကြောင့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအပါအဝင် ကျေးရွာများတွင် နေထိုင်လျက်ရှိသော အပြစ်မဲ့တိုင်းရင်းသားများအတွက် လုံခြုံရေးအင်အားကို ယခင်ကထက် တိုးမြှင့်ဆောင်ရွက်ပေးရန်၊ နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားရန်နှင့် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်နေကြသော အကြမ်းဖက်အဖွဲ့များအား အစီအစဉ်များ စနစ်တကျစီမံပြုလုပ်၍ အမြန်ဆုံးအရေးယူဆောင်ရွက်ပေးရန်အတွက် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ် တင်သွင်းသည့်အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း ပြောကြားသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သဘောထားရယူရာ ကန့်ကွက်သူမရှိ အတည်ပြုခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။ **သူရဇော်၊ မီမီဖြိုး**

*ပြည်သူ့လွှတ်တော်မှ*

ရေစကြိုမဲဆန္ဒနယ်မှ ဒေါက်တာဦးတင်ဌေးအောင်၏ **ရေစကြိုမြို့နယ် တမာတန်း၊ ဇီးကျွန်းကျေးရွာတို့မှ ရေစကြိုမြို့သို့ဆက်သွယ်ထားသော ဆည်ပေါင်လမ်းအား ခိုင်ခံ့ကောင်းမွန်အောင် မည်သည့်ဘဏ္ဍာနှစ်တွင် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါ ဆည်ပေါင်လမ်းသည် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် တည်ဆောက်ပြီး ထိန်းသိမ်းထားသော ရေစကြို-တမာတန်း ရေဘေးကာကွယ်ရေးတာဖြစ်ပါကြောင်း။

အုတ်၊ သဲ၊ ကျောက် ဝန်တင်ကားများ တာပေါင်ပေါ်မှ ရာသီမရွေးသွားလာလျက်ရှိခြင်း၊ ကျွဲ၊ နွား၊ ဝက် စသည့်တိရစ္ဆာန်များ တာပေါင်ပေါ်သို့ တက်ခြင်းတို့ကြောင့် တာ၏အချို့အစိတ်အပိုင်းများ ယိုယွင်းခဲ့ပါကြောင်း၊ လတ်တလောအနေဖြင့် ယခုမိုးရာသီရေဘေးကာကွယ်ရေးအတွက် လိုအပ်သည့် ကြိုတင်ကာကွယ်ပြင်ဆင်မှုများကို ဆောင်ရွက်ပေးထားပါကြောင်း၊ တာတမံအား ပုံစံကျပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြေပြင်တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီး ခန့်မှန်းကုန်ကျငွေတွက်ချက်ကာ လိုအပ်ရန်ပုံငွေကို ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံရန် စီစဉ်ထားရှိပြီဖြစ်ပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်နှင့် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်တို့၏ ချောင်းဆုံ-တော်ကလပ် မြေသားလမ်းအား ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ်ဆောင်ရွက်ပေးရေး၊ ထင်းကွင်း၊ ရွာသစ်၊ တပ်ဦးသုံးရွာပေါင်း၍ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရေး၊ မြေယာမှတ်ပုံတင်ခြင်းနှင့် မြေပုံစနစ်ကို မည်သည့်စနစ်ဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းစသည့်မေးခွန်းများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထိုသို့တင်ပြရာတွင် ကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းက လွှတ်တော်တွင် ကတိအဖြစ် ဖြေဆိုထားပြီးဖြစ်သော်လည်း ၎င်းတို့ဝန်ကြီးဌာနနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိဟူသော အကြောင်းပြချက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စား တက်ရောက်ဖြေဆိုရသည့် အတွက်ဟူသော အကြောင်းပြချက်ဖြင့် လည်းကောင်း ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လုပ်ငန်းများဆောင်ရွက်ရန် ငြင်းဆိုခြင်းများရှိသည်ကို တွေ့ရပါကြောင်း ထည့်သွင်းတင်ပြခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကို တိုက်ဆိုင်စစ်ဆေးသည့်အခါတိုင်းတွင် ဝန်ကြီးဌာနများက လွှတ်တော်ဆိုင်ရာနှင့် ဌာနလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို နားလည်တတ်ကျွမ်းသူများ၊ တာဝန်ယူ၊ တာဝန်ခံနိုင်သောပုဂ္ဂိုလ်များကို စေလွှတ်ပေးရန် အကြံပြုသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်ဥက္ကဋ္ဌက အသိပေးကြေညာထားသည်။

**ကျော်သူထက် (သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

ရင်းနှီးမြှုပ်နှံမှုကော်မတီများကိုယ်တိုင် ခွင့်ပြုမိန့်ထုတ်ပေးနိုင်မည်ဖြစ်သည်။ ယင်းအပြင် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များသည်လည်း စက်မှုဇုန်များ ထပ်မံတည်ထောင်ရန် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းများ လုပ်ဆောင်လျက်ရှိနေခြင်းကြောင့် မကြာမီကာလအတွင်း အဆိုပါဒေသများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့်လည်း နိုင်ငံတော်၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူစေရန် ကမ္ဘာ့ဘဏ်က စံထားသောအချက်များဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများကို တန်းတူအခွင့်အရေးပေးခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံလိုသူများကို အချိန်မလင့်စေဘဲ တစ်နေရာတည်း၌ တစုတစည်းတည်း အလုံးစုံဝန်ဆောင်မှုများပေးနိုင်ရန် ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လမ်းညွှန်ချက်ပေးခြင်းနှင့် လိုအပ်သည့် လျှောက်လွှာများကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ကိုယ်စားလက်ခံပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများအပြင် နစ်နာဆုံးရှုံးမှုများကို ထောက်ပံ့ကူညီပေးခြင်းများစသည်တို့ကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးသည် နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းများနှင့် ချိတ်ဆက်ပြီး ဈေးကွက်စီးပွားရေးစနစ်တစ်ရပ်ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီများစွာသည် အရေးတကြီးလိုအပ်လျက်ရှိသည်။ ယင်းကြောင့်ပင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ လုပ်ကိုင်နိုင်စေရန်၊ ပြည်တွင်းနှင့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဆောင်ရွက်နိုင်စေရန် လိုအပ်သည့် ဖြေလျှော့မှုများကို နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ အားသွန်ခွန်စိုက်ဆောင်ရွက်နေကြပြီဖြစ်ရာ မနေးသော အနာဂတ်မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင်ရောက်လာဖွယ်ရှိပြီး မြန်မာပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် အလားအလာကောင်းများရှိလာတော့မည် ဖြစ်သည်။

## Manipuri ရိုးရာယဉ်ကျေးမှုအကအဖွဲ့ ဖျော်ဖြေတင်ဆက်

**မန္တလေး ဩဂုတ် ၉**

အိန္ဒိယနိုင်ငံမှ Manipuri ရိုးရာယဉ်ကျေးမှုအကအဖွဲ့ ဖျော်ဖြေတင်ဆက်ပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၈၂ လမ်းနှင့် ၈၃ လမ်းကြား ၂၂ လမ်းရှိ AMBIKA ဘုရားကျောင်းခန်းမ၌ ယမန်နေ့ ည ၆ နာရီခွဲက ကျင်းပသည်။

အဆိုပါ Manipuri ရိုးရာယဉ်ကျေးမှုကပွဲကို အိန္ဒိယကောင်စစ်ဝန်ချုပ် Mr. Nandan Singn Bhaisora၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာအောင်မြင့်နှင့် အား/ကာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်တို့က ဆီမီးထွန်းညှိ၍ ဖွင့်လှစ်ပေးကြပြီး အိန္ဒိယကောင်စစ်ဝန်ချုပ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။



ထို့နောက် ကောင်စစ်ဝန်ချုပ်နှင့်ဇနီး၊ ရုံးဝန်ထမ်းများ၊ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ အိန္ဒိယနွယ်ဖွား ဟိန္ဒူဘာသာဝင်များက Manipuri ရိုးရာယဉ်ကျေးမှုအကအဖွဲ့၏ တင်ဆက်ကပြ ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် Manipuri အကအဖွဲ့အား အိန္ဒိယကောင်စစ်ဝန်ချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **တင်မောင် (မန်းကိုယ်ပွား)**

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

**နေပြည်တော် ဩဂုတ် ၉-** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

# ငြိမ်းချမ်းရေးအတွက် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ လမ်းညွှန်ချမှတ်မှုများပြုလုပ်နိုင်ရန် NCA စာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

**ချင်းမိုင် ဩဂုတ် ၉**

ငြိမ်းချမ်းရေးအတွက် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ လမ်းညွှန်ချမှတ်မှုများ ပြုလုပ်နိုင်ရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ AmoraTapae ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် PPST အဖွဲ့ခေါင်းဆောင် စောမူတူးစေးဖိုးက "ကျွန်တော်တို့ ရှစ်ဖွဲ့ဟာ NCA လက်မှတ်ထိုးထားတဲ့အဖွဲ့ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအဆုံးသတ်ပန်းတိုင်ကတော့ တိုင်းပြည်အတွက် ဖက်ဒရယ်ပြည်ထောင်စုကို မျှော်မှန်းပြီးတော့ ချီတက်နေတာဖြစ်ပါတယ်။ သွားတဲ့အပေါ်မှာ ဒီအဆင့်ထိ တစ်ဆင့်ပြီးတစ်ဆင့် ကျော်လွှားပြီး ရောက်ခဲ့တယ်။ ဆက်ပြီးတော့ ပန်းတိုင်ကိုချီတက်နိုင်ဖို့ အတွက် ကျွန်တော်တို့ ဆက်သွားရဦးမှာ ဖြစ်ပါတယ်။ NCA ကို ကျွန်တော်တို့ လက်မှတ်ထိုးပြီးတော့ ချီတက်တဲ့နေရာမှာလည်း အားနည်းချက်တွေ ရှိခဲ့ပါတယ်။

"အဲဒီတော့ ရှေ့ကိုတက်လှမ်းနိုင်ဖို့အတွက် ဒီအားနည်းချက်တွေကို လွန်ခဲ့တဲ့အပတ်က လေးဝါးစခန်းမှာ ပြန်လည်ပြီးတော့ သုံးသပ်တဲ့အပေါ်မှာ အားနည်းချက်တွေ၊ အားသာချက်တွေ ကျွန်တော်တို့ ရလာတယ်။ ရတဲ့အပေါ်မှာ အခုလို ပြန်လည်စုစည်းပြီးတော့ ရှေ့ကို ညီညီညွတ်ညွတ်နဲ့ စုစုစည်းစည်း ကျွန်တော်တို့ ရှစ်ဖွဲ့သွားနိုင်ဖို့အတွက် ဒီအစည်းအဝေးက ကျင်းပတာ ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်နဲ့ ဒါပြန်လည်သုံးသပ်ပြီးတော့ ချမှတ်သွားဖို့ကိုပဲ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

အစည်းအဝေးကို ဩဂုတ် ၉ ရက်မှ ၁၀ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးတွင် သတင်းအချက်အလက်နှင့် လုံခြုံမှုဆိုင်ရာကိစ္စရပ်များ၊ ပဒိုစောကွယ်ထူးဝင်း ခေါင်းဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့ (PPWT)၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် NCA စာချုပ်အပေါ် ပြန်လည်သုံးသပ်ထားမှုများတင်ပြဆွေးနွေးခြင်းနှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးအတွက် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ လမ်းညွှန်ချမှတ်မှုများကို ပြုလုပ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

NCA စာချုပ်အပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပြုပြင်ပြောင်းလဲခြင်းကို KNU (ကရင်အမျိုးသားအစည်းအရုံး) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း ဦးဆောင်ကာ အဖွဲ့ဝင် ၂၁ ယောက်ဖြင့် ဇူလိုင် ၂၀ ရက်မှစတင်၍ ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် ပဒိုစောကွယ်ထူးဝင်း ခေါင်းဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ (PPWT)တို့၏ တရားဝင်တွေ့ဆုံဆွေးနွေးပွဲကို လာမည့် ဩဂုတ်လလယ်တွင် ရန်ကုန်၌ ကျင်းပနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

(၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာ ကုန်သည်များသည် ကျောက်စိမ်းခန်းမအတွင်း အပေါ်ထပ်၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လည်းကောင်း၊ ခန်းမမြေညီထပ်၌ ခင်းကျင်းပြသထားသည့် လက်ဝတ်ရတနာအရောင်းဆိုင်များကို လည်းကောင်း လေ့လာကြည့်ရှုကြပြီး အိတ်ဖွင့်တင်ဒါများကို လွတ်လပ်စွာတင်သွင်းကြသည်။

ယနေ့တွင် ဩဂုတ် ၈ ရက်က တင်ဒါတင်သွင်းခဲ့သည့် ကျောက်စိမ်းအတွဲများမှ တင်ဒါအောင်မြင်သူများကို ထုတ်ပြန်ကြေညာပြီး တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် (၃၃၀၁) မှ (၄၄၀၀) ထိ ပြသရောင်းချလျက်ရှိပြီး ကျန်ရှိသည့် ပြပွဲရက်များတွင် အတွဲအမှတ်(၄၄၀၁)မှ (၅၅၀၀)ကိုလည်းကောင်း၊ အတွဲအမှတ် (၅၅၀၁)မှ (၆၅၆၁)ကို လည်းကောင်း ဆက်လက်ပြသ ရောင်းချသွားမည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ တင်ပြရောင်းချနေသည့် ကျောက်အတွဲများ၏ အခြေခံဈေးသတ်မှတ်ချက်အနေဖြင့် ကျောက်မျက်အတွဲတွင် အခြေခံဈေးယူရို ၅၀၀ နှင့် အထက်၊ ကျောက်စိမ်းရိုင်းအတွဲတွင် အခြေခံဈေးယူရို ၄၀၀၀ နှင့် အထက်၊ ကျောက်စိမ်းအချောထည်အတွဲတွင် အခြေခံဈေးယူရို ၁၀၀၀ နှင့်အထက်တို့ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**မောင်တော ဩဂုတ် ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း မောင်တောမြို့တွင် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ယခုလောလောဆယ် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၅၀)တွင် သင်တန်းသူ ဦးရေ ၄၀ နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၄၆)၌ သင်တန်းသူ ၁၀ ဦး သင်ကြားပေးလျက်ရှိကြောင်း အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ကျောင်းအုပ် ဒေါ်နီလာကြည်က ပြောကြားသည်။

အခြေခံအိမ်တွင်းမှုသင်တန်းတွင် လည်ကတုံးရှပ်အင်္ကျီ၊ အမျိုးသမီးဝတ် ရင်ဖုံးအင်္ကျီ၊ ဇာထိုးပန်းထိုး၊ မြန်မာ့ရိုးရာမုန့်လုပ်နည်း၊ ဟင်းလျာချက်ပြုတ်နည်းများ အပါအဝင် ဘာသာရပ် ၁၅ မျိုးခန့်နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ယူနီဖောင်း ရှပ်လက်ရှည်၊ ဘောင်းဘီ၊ စတိုင်ဘောင်းဘီ၊ ရှမ်းဘောင်းဘီ၊ မြန်မာတိုက်ပုံ၊ ဆာဖာရီကုတ်အင်္ကျီချုပ်နည်းများအပါအဝင် ဘာသာရပ်ကိုးမျိုး သင်ကြားပေးလျက်ရှိသည်။

"အခြေခံသင်တန်းပြီးရင် အဆင့်မြင့်သင်တန်းဆက်တက်မယ်။ အဲဒါပြီးရင် ရွာမှာ စက်ချုပ်ဆိုင်ဖွင့်မယ်။ သင်တန်းတက်ရတာ ပျော်စရာကောင်းပါတယ်"ဟု တမန်းသားကျေးရွာမှ အသက်(၂၂)အရွယ် မသန်းသန်းနွယ်က ပြောကြားသည်။

ဘူးသီးတောင်မြို့မှ အသက်(၁၉)အရွယ် မနန်းသီတာစိုးကလည်း "သင်တန်းပြီးရင် စက်ချုပ်ဆိုင်ဖွင့်သွားဖို့ ရည်ရွယ်ထားပါတယ်"ဟု ပြောကြားသည်။

မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို ၂၀၀၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ပြီး တစ်နှစ်လျှင် ရက်သတ္တ ၁၄ ပတ်ကြာ သင်တန်းသုံးကြိမ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**သတင်းနှင့် ဓာတ်ပုံ - အေဝမ်းစိုး၊ မျိုးသူဟိန်း**




**ရှုချင်စဖွယ်** စစ်ကိုင်းဓာတ်ပုံအသင်း ဓာတ်ပုံပြိုင်ပွဲ ရှုချင်စဖွယ်ကဏ္ဍ ပထမဆုရ ကိုတူးတူး(အမရပူရ)၏ လက်စွမ်းပြဓာတ်ပုံ ခိုင်ဇေယျ

# လက်ဆောင်ပစ္စည်းများရောင်းချသည့် ကျောက်မျက်အရောင်းဆိုင်များ အရောင်းအဝယ်နည်းပါး

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပနေသော မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် လက်ဝတ်ရတနာအချောထည် ကျောက်ဖြင့် ပြုလုပ်ထားသော လက်ဆောင်ပစ္စည်းများရောင်းချသည့် ကျောက်မျက်အရောင်းဆိုင်များ အရောင်းအဝယ်နည်းပါးကြောင်း သိရသည် ။

"သဘာဝတွင်းထွက် ကျောက်အချောထည်တွေက ပြည်ပကုန်သည်တွေကိုပဲ အားထားရောင်းဝယ်ရတာကြောင့် အရောင်းအဝယ်နည်းပါတယ်၊ ဆိုင်ခန်းငှားခ၊ အလုပ်သမားခ၊ စားစရိတ်နဲ့ အထွေထွေကုန်ကျစရိတ်တွေကြောင့် သိပ်အကျိုးအမြတ်မရှိပါဘူး။ ဒါပေမယ့် ပြပွဲကျင်းပတိုင်း လာရောက်ရောင်းချပါတယ်" ဟု ရန်ကုန်မြို့မှ လာရောက်ရောင်းချသူ မုဒိတာရတနာကျောက်မျက်အရောင်းဆိုင်မှ ဆိုင်ရှင်ဖြစ်သူ တစ်ဦးက ပြောသည်။ "တန်ဖိုးနည်းတဲ့ ပုတီးလက်ကောက်စတဲ့ ဖန်စီလက်ဆောင်ပစ္စည်းတွေကတော့ ရောင်းရပါတယ်။ ဒါပေမယ့် အများဆုံးရောင်းရတာက ကျောက်အတွဲထိန်းတွေပါ။ အပြင်ကျောက်တွဲထိန်းတွေက ခန်းမထဲမဝင်ရတော့ ရောင်းအားနည်းသွားတယ်လို့ ထင်ပါတယ်" ဟု ရင်းမြစ်မြိုင်ဝန်း ကျောက်မျက်ရတနာဆိုင်မှ မမေသန်းစိုးက ပြောသည်။ ပြပွဲ၏ အဝင်ဂိတ်ဝအနီး ဈေးဆိုင်များကြားတွင် ဈေးဗန်းများအတွင်းထည့်၍ တွင်းထွက်ကျောက်မျက်များကို ခင်းကျင်းရောင်းချခြင်းကလည်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ၏ပုံရိပ်ကို ထိခိုက်စေကြောင်း ကျောက်မျက်ရတနာအရောင်းဆိုင်မှ ဆိုင်ရှင်တစ်ဦးက အကြံပြုပြောကြားသည်။

ပြပွဲအတွင်း ဆိုင်ခန်းခမှာ နေရာအလိုက် ငွေကျပ်နှစ်သိန်းမှ ငွေကျပ် ၁၀ သိန်းအထိပေးရ၍ ဆိုင်ခန်း ၁၀၀ ခန့် ခင်းကျင်းရောင်းချပြီး အရောင်းဆိုင်ဝန်ထမ်းတစ်ဦး၏ ဝင်ခွင့်ကတ်ပြားအတွက် ကျပ်သုံးသောင်းကုန်ကျ၍ ဆိုင်ဝန်ထမ်းပေါင်း ၃၂၄ ဦးရှိကြောင်း သိရသည်။ ယခု (၅၄)ကြိမ်မြောက်ပြပွဲ၌ ကျောက်မျက်ရတနာအရောင်းဆိုင်များသည် ယခင်အကြိမ်များထက် ရောင်းအားကျဆင်းကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



# ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသလူနာ ၄၇၄ ဦးအနက် H1N1 ပိုးတွေ့လူနာ ၁၈၃ ဦးရှိပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉ ဦးရှိ

နေပြည်တော် ဩဂုတ် ၉

ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့ မွန်းလွဲ ၂ နာရီအထိ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm09 သံသယလူနာ ၄၁ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာတွင် H1N1 ပိုးတွေ့လူနာ ၁၇ ဦးတွေ့ရှိကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်း လူနာ ၄၇၄ ဦးအနက် H1N1 ပိုးတွေ့လူနာစုစုပေါင်း ၁၈၃ ဦးရှိခဲ့ပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် အထူးကုဆေးရုံကြီး (ဝေဘာဂီ)၌ ယနေ့ မွန်းလွဲ ၂ နာရီအထိ H1N1 ပိုးတွေ့ အတွင်းလူနာ ၁၁ ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၅၂ ဦး စုစုပေါင်း ၆၃ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း သိရသည်။

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် သေဆုံးသူစုစုပေါင်း ၁၄ ဦး ရှိကြောင်း။

ခုခံကျကာလသားရောဂါ၊ ကျောက်ကပ်ရောဂါ၊ ပြင်းထန်အဆုတ်တီဘီရောဂါ၊ ဆီးချိုသွေးချို စသည့် အခြားရောဂါအခံရှိသောသူများနှင့် ရာသီတုပ်ကွေးရောဂါ ပြင်းထန်စွာခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် လတ်တလောပြင်းထန်အဆုတ်ရောင်ရောဂါ လက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ အချိန်မီထိရောက်စွာ ကုသမှုခံယူသင့်ကြောင်း တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ဩဂုတ် ၃ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်း အဝေးတွင် ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၂၈ ရက်အထိ လုပ်ငန်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်း လုပ်ငန်းအတွက် အသစ်လျှောက်ထားသူနှစ်ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ် လျှောက်ထားသူ ဂျာနယ် သုံးဦး၊ မဂ္ဂဇင်း လေးဦး၊ အထွေထွေ ခြောက်ဦး၊ ပေါင်း ၁၃ ဦး ကိုလည်းကောင်း၊ သတင်းအေဂျင်စီ လုပ်ငန်း လုပ်ကိုင်လိုသူနှစ်ဦးကိုလည်းကောင်း အသိအမှတ်ပြု လက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းနည်းဥပဒေပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၄၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၁၅၈ ဦးနှင့် သတင်းအေဂျင်စီ လုပ်ငန်း ၇၇ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၆၈၃ ဦးအား အသိအမှတ်ပြု လက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ဂျာနယ်ထုတ်ဝေခြင်းလုပ်ငန်း လျှောက်ထားသူနှစ်ဦး အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန



ရာသီတုပ်ကွေးရောဂါကာကွယ်ရေးအတွက် Mask Cover များကို တွံတေးမြို့နယ် လူစည်ကားရာလမ်းဆုံများ၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ဩဂုတ် ၉ ရက်က အခမဲ့ဖြန့်ဝေပေးစဉ် မျိုးလှိုင် (တွံတေး)

## သိဟ်ရာသီဝါခေါင်မိုးနဲ့ ထွက်ခွာသွားခဲ့သူ တေးသံရှင်ခိုင်ထူး

ရန်ကုန် ဩဂုတ် ၉



ပန်ကရိယကင်ဆာရောဂါဖြင့် ဆေးကုသမှုခံယူနေရသည့် စတီရီယိုတေးသံရှင် (ဦး)ခိုင်ထူးသည် ယနေ့ မွန်းလွဲ ၃ နာရီ ၂၄ မိနစ်တွင် သူချစ်သော သီချင်းများနှင့်အတူ အနုပညာမောင်နှမများ၊ သီချင်းချစ်သူများအားလုံးကို ကျောခိုင်းထွက်ခွာ၍ ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ရောဂါဝေဒနာခံစားခဲ့ရသူ ခိုင်ထူးအား အဆိုတော်များနှင့် အနုပညာမောင်နှမများက အနီးကပ်ပြုစုစောင့်ရှောက်မှု ပေးခဲ့ကြပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့လည်း သွားရောက်ဆေးကုမှု ခံယူခဲ့သေးသည်။ ဩဂုတ် ၈ရက်(ယမန်နေ့)ကမှ ဆက်လက်ကုသရန် မလွယ်ကူတော့သည့်အတွက် ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ပါရမီဆေးရုံ အထူးကြပ်မတ်ဆောင်၌ ဆေးကုသမှုခံယူနေစဉ် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ ခိုင်ထူး မကွယ်လွန်မီအချိန်ပိုင်းအထိ သူတက်ရောက်ဆေးကုသမှုခံယူသည့် ပါရမီဆေးရုံတွင် အနုပညာမောင်နှမများစွာလာရောက်ကာ သူ့အတွက် ဆုတောင်းမေတ္တာများ ပို့သခြင်း၊ အားပေးခြင်းများ ပြုလုပ်ပေးခဲ့ကြသည်။

"အားလုံးရဲ့ ပို့သတဲ့မေတ္တာတွေကြောင့် အေးချမ်းတဲ့ဘုံဘဝကို ရောက်ရှိသွားမယ်လို့ ယုံကြည်ပါတယ်။ သူ့အတွက် ကျွန်တော်တို့အားလုံး စိတ်မကောင်းဖြစ်ရတယ်။ သူ့ချစ်ပနအတွက် စီစဉ်နေပါတယ်" ဟု တေးသံရှင် R ဇာနည်က ပြောသည်။

ကွယ်လွန်ချိန်တွင် အသက်(၆၁ နှစ်)ရှိပြီဖြစ်ပြီး မြန်မာ့စတီရီယို ကိုယ်ပိုင်သံစဉ် အဆိုရှင်တစ်ဦးဖြစ်ပြီး တေးသီချင်းပေါင်း များစွာကို သီဆိုခဲ့သူ ခိုင်ထူးသည် ၂၀၁၄ ခုနှစ် ဩဂုတ် ၉ ရက် (လွန်ခဲ့သည့် သုံးနှစ်ခန့်) က တစ်ကိုယ်တော်တေးဂီတ ဖျော်ဖြေပွဲကို အောင်မြင်စွာ ကျင်းပခဲ့သေးသည်။

ခိုင်ထူး၏ ပထမဆုံးတေးစီးရီး တေးမြုံ့ငှက်မှာ ၁၉၇၉ ခုနှစ်တွင် ထွက်ရှိခဲ့ပြီး အဥ္ဇလီ၊ သီချင်းတစ်ပုဒ် ပန်းတစ်ဆုပ်၊ ဆို၊ မိုးရဲရင် ဆောင်းရဲရမယ်၊ မကျေနပ်ဘူးသိလား၊ မကောင်းလည်းကိုယ် ကောင်းလည်းကိုယ်၊ အစောဆုံးပြန်ခဲ့ နှင်းသက်သက်ဝေ၊ ရွှေလည်တိုင်၊ ၃၉၊ ကမ်းလက်သင့်ရာ၊ အမုန်းဆုပန်မယ့်လူသား၊ တွဲဖက်ချွေး၊ အားလုံးကို ကျော်ဖြတ်ရမယ် စသည့် တစ်ကိုယ်တော် အခွေများအပြင် တွဲဖက်အခွေအချို့ကိုလည်း သီဆိုခဲ့သူဖြစ်ပြီး Phoenix တေးဂီတအဖွဲ့ကိုလည်း ဂီတညီအစ်ကိုများနှင့် တည်ထောင်ခဲ့သူဖြစ်သည်။

တေးသံရှင်ခိုင်ထူး ကွယ်လွန်ချိန်တွင် ဇနီးသည်နှင့်အတူ သားနှင့်သမီးတို့ ကျန်ရစ်ခဲ့ကြပြီး အနုပညာညီအစ်ကို မောင်နှမများက မိသားစုနှင့်အတူ ခိုင်ထူး၏ ချစ်ပနအတွက် ဝိုင်းဝန်းဆောင်ရွက်နေကြကြောင်း သိရသည်။

တေးသံရှင်ခိုင်ထူး၏ နာရေးအခမ်းအနားကို ရန်ကုန်မြို့ ရေဝေးသုသာန်၌ ဩဂုတ် ၁၁ ရက်တွင် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**

# တာဝန်ထမ်းဆောင်နေစဉ် ယာဉ်တိုက်မှုကြောင့်သေဆုံးသွားသည့် ကမာရွတ်မြို့နယ်ရဲစခန်းမှူးအား ရေဝေးသုသာန်၌ သင်္ဂြိုဟ်

ရန်ကုန် ဩဂုတ် ၉

**ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် ဩဂုတ် ၇ ရက် နံနက် ၂ နာရီက နယ်မြေအတွင်း လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် ယာဉ်တိုက်မှုဖြစ်စဉ်ကို ရှင်းလင်းဆောင်ရွက်နေသည့် ကမာရွတ်ရဲစခန်းမှူး ဒုရဲမှူး စိုးအောင်အား မူးယစ်သောက်စားထားသူတစ်ဦး မောင်းနှင်လာသည့် ယာဉ်တစ်စီးက ဝင်တိုက်မိခဲ့သောကြောင့် သေဆုံးသွားခဲ့ရာ ဩဂုတ် ၉ ရက်က သင်္ဂြိုဟ်ခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်လေးခရိုင်မှ ရဲတပ်ဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး မိသားစုစည်းရုံးရေးကော်မတီတို့က ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ခဲ့ကြပြီး ကျန်ရစ်သူမိသားစုအား ငွေကျပ် ၅၅ သိန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။** (အောက်ပုံ)

"လူငယ်တွေ အရက်သေစာ အလွန်အကျွံသောက်စားပြီး အချိန်မတော် ယာဉ်မဆင်မခြင်မောင်းနှင်လို့ တပ်ဖွဲ့ဝင်တင်မဟုတ်ဘူး ပြည်သူတွေ ထိခိုက်ရင်လည်း နစ်နာတယ်။ တာဝန်ထမ်းဆောင်နေတဲ့ တပ်ဖွဲ့ဝင်ဆိုရင် ပိုပြီး နစ်နာတာပေါ့။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ထိထိရောက်ရောက် အရေးယူသင့်တယ်လို့မြင်တယ်။ ပြစ်မှုကျူးလွန်သူကိုလည်း ဥပဒေအတိုင်း အမှုဖွင့်အရေးယူပြီး ထိရောက်စွာဆောင်ရွက်သွားမှာပါ။ ကိုယ်နဲ့အတူလက်တွဲဆောင်ရွက်နေချိန်မှာ ညီငယ်တစ်ယောက် အခုလိုဖြစ်သွားတာဟာ ဘယ်လိုမှအစားထိုးလို့မရတဲ့ ဆုံးရှုံးမှုတစ်ရပ်ပါပဲ" ဟု ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဟန်က ပြောသည်။



ကမာရွတ်မြို့နယ် (၉)ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း ဓမ္မာရုံရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွားသည်ကို လှည့်ကင်းဆောင်ရွက်နေသော ဒုတိယရဲမှူးနှင့် အဖွဲ့က ရှင်းလင်းပေးနေစဉ် အင်းလျားလမ်းမီးပွိုင့်မှ အရှိန်ဖြင့် မောင်းနှင်လာသည့် ချမ်းမြေ့အောင် (၃၀ နှစ်) (၂)ရပ်ကွက် ကမာရွတ်မြို့နယ်နေထိုင်သူ၏ Honda Civic ယာဉ်ဖြင့် တိုက်မိပြီး တရွတ်တိုက်ပါသွားကာ ပြင်းထန်စွာ ဒဏ်ရာရရှိ၍ မဆင်မခြင် မောင်းနှင်သောယာဉ်မှာလည်း လမ်းလယ်ဘလောက်တုံးများကို ဆက်လက်တိုက်မိကာ ရပ်တန့်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ကမာရွတ် စခန်းမှူးမှာ ရဲအကြပ်သင်တန်းကျောင်း (လှော်ကား) မှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သူဖြစ်ပြီး



သေဆုံးသူ ကမာရွတ်မြို့နယ်ရဲစခန်းမှူး၏ နာရေးအခမ်းအနားကို တွေ့ရစဉ်

လုပ်ငန်းတာဝန်ကျေပွန်သူအဖြစ် တပ်ဖွဲ့ဝင်များကလေးစားသော အရာရှိတစ်ဦးဖြစ်ကြောင်း၊ ဇနီးဖြစ်သူ ဒေါ်သင်းသင်းစိုးနှင့် သားဖြစ်သူ မြို့ပြအင်ဂျင်နီယာဘွဲ့ရတစ်ဦး၊ မြေးဖြစ်သူတစ်ဦးတို့အတွက် နေအိမ် (သို့) မြေကွက်တစ်ခုခုတွင် နေထိုင်နိုင်ရန် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီထောက်ပံ့ပေးနိုင်ရန် တင်ပြဆောင်ရွက်ထားကြောင်းလည်း သိရသည်။

တာဝန်ထမ်းဆောင်နေစဉ် သေဆုံးသွားသော ဒုတိယရဲမှူး စိုးအောင်၏ မိသားစုအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် ဇနီးတို့က သွားရောက်အားပေးစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး၊ ခရိုင်တပ်ဖွဲ့ဝင်တို့က ထောက်ပံ့ငွေနှင့် လူမှုရေးအသင်းအဖွဲ့တို့၏ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ်သိန်း ၈၀ ကျော်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဟန်က ပေးအပ်ခဲ့ကြောင်း ကမာရွတ်ရဲစခန်းမှ သိရသည်။

**သတင်း-သန်းထိုက် (လှိုင်သာယာ)**

**ဓာတ်ပုံ-သန်းစိုး**

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် တရုတ်နိုင်ငံမှ ငွေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော အလှူငွေကျပ် သန်း ၂၀၀ ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## စတုတ္ထအကြိမ် ပဲအလှူတော်အခမ်းအနား စစ်ကိုင်းမြို့၌ ကျင်းပမည်

**စစ်ကိုင်း ဩဂုတ် ၉**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်ဘုရားကြီး၏ ရေအလှူတော် ဒေါက်တာ အရှင်ဆေကိန္ဒ၏ ဆန်၊ ဆီ၊ ဆား၊ ဆေးအလှူတော်၊ မလွန်ဆန်အလှူအသင်း၏ ဆန်အလှူတော်တို့မှ လှူဒါန်းသကဲ့သို့ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဗုဒ္ဓဘာသာပညာရေးစင်တာမှ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဆွမ်း၊ ဟင်း၊ ပဲအလှူတော်ကို ဩဂုတ် ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်များတွင် စတုတ္ထအကြိမ်အဖြစ် ကျင်းပလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓဘာသာပညာရေးစင်တာမှတပည့် သာဝကအပေါင်းနှင့် အလှူရှင်များစုပေါင်း၍ မင်းကွန်း၊ မင်းဝံ၊ စစ်ကိုင်းတောင်ရိုးနှင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ မြို့မ၊ ရေဝင်ရပ်များတွင် သာသနာတော်ကြီး အရှည်ခန့်တည်တံ့စေရန် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ သာသနာ့တာဝန်များ ထမ်းဆောင်နေကြသော သံဃာတော်အရှင်သူမြတ်များ၊ ရဟန်းသာမဏေ၊ သီလရှင်ဆရာကြီး၊ ဆရာလေးတို့အား ဆွမ်း၊ ပဲများကို တစ်ပါးလျှင် နှစ်ပြည်နှုန်းဖြင့် လောင်းလှူကြမည်ဖြစ်သည်။

ယခုနှစ် ဩဂုတ် ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် စတုတ္ထအကြိမ်စုပေါင်း၍ ဆွမ်း၊ ပဲများလောင်းလှူမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ပဲတစ်ဘူးလျှင် ငွေကျပ် ၂၀၀၊ ပဲတစ်ပြည်လျှင် ငွေကျပ် ၁၆၀၀၊ ပဲတစ်တင်းလျှင် ငွေကျပ် ၂၅၆၀၀ နှုန်းဖြင့် မိမိတတ်နိုင်သမျှ ပူးပေါင်းပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကုသိုလ်ယူလိုသူ အလှူရှင်များအနေဖြင့် ဗုဒ္ဓဘာသာပညာရေးစင်တာမှ အရှင်နန္ဒမာလာ ဖုန်း-၀၉-၇၉၈၆၂၇၃၇၆၊ အရှင် တိလောကသာရ ဖုန်း-၀၉- ၇၉၈၂၅၃၁၅၅၊ ဦးဘိုလင်း ဖုန်း-၀၉-၄၀၀၄၅၂၁၆၃ နှင့် ဦးကိုကို ဖုန်း-၀၉- ၃၃၂၂၇၂၆၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် ကိုယ်တိုင်ကိုယ်ကျ လောင်းလှူနိုင်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**




## Paukphaw Scholarship မှ ပညာသင်စရိတ်လျှောက်ထားသူများ စိစစ်ရွေးချယ်

**ရန်ကုန် ဩဂုတ် ၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Foundation For Poverty Alleviation မှ Paukphaw Scholarship Program အစီအစဉ်အရ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဒုတိယ ပညာသင်ကာလမှစတင်၍ ပညာသင်စရိတ် လျှောက်ထားလာသည့် ကျောင်းသား ကျောင်းသူများ စိစစ်ရွေးချယ်ခြင်းကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ရတနာပုံတက္ကသိုလ် အဆောင်-၃၁ ၌ ပြုလုပ်သည်။

China Foundation For Poverty Alleviation ၏ ရည်ရွယ်ချက်များဖြစ်သည့် ဆင်းရဲမှုလျှော့ချရေးနှင့် လူသားအချင်းချင်း စာနာထောက်ထားရေး ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကြောင်းနှင့် မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလာဒီဂရီကောလိပ်များရှိ ကျောင်းသား ကျောင်းသူ ၉၀ စီအား ရွေးချယ်ပြီး ပညာသင်စရိတ် ပေးအပ်ရသည့် ရည်ရွယ်ချက်များကို မြန်မာနိုင်ငံ ပညာသင်စရိတ်ရွေးချယ်ရေး စီမံကိန်း အရာရှိ ဒေါ်လွင်ဖြိုးဦးက ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး Myanmar-China Foundation For Poverty Alleviation မှ Deputy Country Director Ms.Lin Yuan ဦးဆောင်သည့် အဖွဲ့ဝင်ငါးဦးတို့က ရတနာပုံတက္ကသိုလ် ဘာသာရပ်ဌာနအသီးသီးမှ ပညာသင်စရိတ်လျှောက်ထားလာသည့် ကျောင်းသား ကျောင်းသူ ၉၀ ကို စိစစ်ရွေးချယ်ခဲ့ပြီး ပညာသင်နှစ်တစ်နှစ်စာအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသိန်း ထောက်ပံ့သွားမည်ဖြစ်သည်။



အဆိုပါ ပညာသင်စရိတ်စိစစ်ရွေးချယ်ရေးသို့ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးကျော်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## စစ်တွေတက္ကသိုလ်၌ စံချိန်မီဘောလုံးကွင်းတစ်ခုရရှိရေးအတွက် လက်မှတ်ထိုးကန်ပိန်း ပြုလုပ်တောင်းဆို

**စစ်တွေ ဩဂုတ် ၉**

ရခိုင်ပြည်နယ်ရှိ စစ်တွေတက္ကသိုလ်၌ စံချိန်မီ ဘောလုံးကွင်းတစ်ခုရရှိရေးအတွက် စစ်တွေတက္ကသိုလ်ကျောင်းသားသမဂ္ဂက ဦးဆောင်၍ လက်မှတ်ထိုးကန်ပိန်းပြုလုပ်နေကြောင်းနှင့် ၎င်းကန်ပိန်းကို စစ်တွေတက္ကသိုလ်ရှိ ကျောင်းသား/ကျောင်းသူအားလုံးပါဝင်နိုင်အောင် ဆောင်ရွက်ပြီး တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလက်မှတ်ထိုးကန်ပိန်း (Signature Campaign) ကို စစ်တွေတက္ကသိုလ်တွင် ပြုလုပ်နေခြင်းဖြစ်ပြီး စည်းကမ်းတကျဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဘောလုံးကွင်းရရှိရေးအတွက် စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်ထံသို့ နှစ်ကြိမ်တိုင်တိုင်သွားရောက်တွေ့ဆုံခဲ့သော်လည်း အာမခံချက်တစ်ခုမှ မရခဲ့ကြောင်း၊ စစ်တွေတက္ကသိုလ်ဝင်းခြံသည် ဧကတစ်ရာကျော်အထိ ကျယ်ဝန်းကြောင်း၊ စစ်တွေတက္ကသိုလ်ကို တည်ဆောက်ကတည်းက ဘောလုံးကွင်းပါသည်ဟု သိရှိရကြောင်း၊ ယခုအခါ တက္ကသိုလ်ကြီးပြီးစီးသွားသည်မှာ ကြာပြီဖြစ်သော်လည်း ဘောလုံးကွင်းဘယ်နေရာမှာရှိသည်ကို မမြင်ဖူးကြောင်း၊ စစ်တွေတက္ကသိုလ်သည် ရခိုင်ပြည်နယ်၏ အထွတ်အထိပ်တက္ကသိုလ်ကြီးတစ်ခုဖြစ်၍ ဘောလုံးကွင်းတစ်ခုရှိသင့်ကြောင်း၊ ဘောလုံးကွင်းမရှိ၍ ကျောင်းအားကစားပွဲတော်များနှင့် ဘာသာရပ်အလိုက်ဘောလုံးပွဲများကို ကျောင်းပြင်ပနေရာများတွင်သွားပြီး သူတစ်ပါး၏ကွင်းများကို မျက်နှာငယ်ငယ်ဖြင့် တောင်းပန်ပြီးပြုလုပ်နေရကြောင်း၊ ဘောလုံးကွင်းရရှိရေးအတွက် မိမိတို့အနေဖြင့်ပါမောက္ခချုပ်ကို တောင်းဆို၍ မရပါက ပညာရေးဝန်ကြီးဌာနအထိလည်းကောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ လည်းကောင်း၊ တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း စသည်ဖြင့် စစ်တွေတက္ကသိုလ် ကျောင်းသားသမဂ္ဂဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေးတာဝန်ခံကို အေဝင်းမောင်က ရှင်းပြသည်။



ယင်းလက်မှတ်ထိုးကန်ပိန်းလှုပ်ရှားမှုသို့ စစ်တွေတက္ကသိုလ်ရှိဘာသာရပ်ပေါင်းစုံမှကျောင်းသူ/ကျောင်းသားများတက်ကြွ စွာပါဝင်ဆောင်ရွက်နေကြောင်း မြင်တွေ့ရပြီးသူတို့၏ စကားသံများကိုလည်း သိရှိခွင့်ရခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ဒီကန်ပိန်းမှာ ပါဝင်ရတာကတော့ ကျွန်တော်တို့ရဲ့ ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေဟာ လွန်ခဲ့တဲ့နှစ်ရက်လောက်က ပါမောက္ခချုပ်၊ ဒုပါမောက္ခချုပ်နဲ့တာဝန်ရှိသူတွေနဲ့တွေ့ဆုံပြီးပါပြီ။ အဓိကဘောလုံးကွင်းတစ်ခုရရှိရေးပါပဲ။ဒါပေမယ့် အာမခံချက်တစ်စုံတစ်ရာမှ မရရှိခဲ့ဘူးလို့သိရပါတယ်၊ ဒါကြောင့် ကျောင်းသားသမဂ္ဂက ဦးဆောင်ပြီးတော့ ခုလို Signature Campaign ကို ပြုလုပ်ရတာပါ။ ကျောင်းသားကျောင်းသူတွေရဲ့ဆန္ဒကို တာဝန်ရှိသူတွေက ဖြည့်ဆည်းပေးပါလို့ တောင်းဆိုပါတယ်။ ကျွန်တော်တို့အနေနဲ့တော့ကျောင်းသားသမဂ္ဂရဲ့ဦးဆောင်မှုအောက်မှာ တက်ကြွစွာပါဝင်လှုပ်ရှားသွားမှာပါ" ဟု စစ်တွေတက္ကသိုလ်မှ အင်္ဂလိပ်စာ တတိယနှစ်ကျောင်းသား ကိုသောင်းထိုက်ဝင်းက ပြောသည်။

စစ်တွေတက္ကသိုလ်သည် စစ်တွေမြို့နှင့် ဘင်္ဂလားပင်လယ်ကမ်းခြေကြားတွင် ပင်လယ်ကိုမေးတင်ကာ တည်ဆောက်ထားသော်လည်း အဏ္ဏဝါဗေဒဌာန မရှိသဖြင့် ဘာသာဗေဒအတွက် အရေးကြီးသောကဏ္ဍတစ်ခု လိုအပ်နေကြောင်းလည်း သိရသည်။

**လေးဝတီထွန်းစောခိုင်**

## ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၉**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိစေရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ရှာဖွေရေးလုပ်ငန်းများလုပ်ဆောင်လျက်ရှိစဉ် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေနှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ ယနေ့ ညနေပိုင်းတွင် လေယာဉ်ကိုယ်ထည်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**



## မျောပါစက်လှေမှ သီရိလင်္ကာနိုင်ငံသားငါးဦးအား ခေါ်ယူစစ်ဆေးလျက်ရှိ

**ရွှေသောင်ယံ ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာကမ်းခြေ၌ ဩဂုတ် ၉ ရက် နံနက် ၀၀ နာရီ ၅၂ မိနစ်တွင် ကမ်းခြေသို့ မသင်္ကာစရာစက်လှေတစ်စင်း ဦးတည်နေကြောင်းသတင်းအရ ချောင်းသာမြို့ အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ပင်လယ်ပြင်သို့ လိုက်လံကြည့်ရှုရာ သီရိလင်္ကာနိုင်ငံသားငါးဦးပါဝင်သော စက်လှေတစ်စင်း စက်ပျက်မျောပါနေကြောင်း တွေ့ရှိရသည်။ ၎င်းတို့အား အသေးစိတ်စုံစမ်းမေးမြန်း၍ ချောင်းသာကမ်းခြေသို့ နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် အရောက်ခေါ်ဆောင်နိုင်ခဲ့ကြောင်း၊ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကိုမောင် (ပြန်/ဆက်)**

# ကျပ်သန်းပေါင်း ၆၀၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းမိ

တာချီလိတ် ဩဂုတ် ၉

**ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဟဲအုပ်စု ကျဆီးကျေးရွာ၌ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချသည့် နေအိမ် သုံးအိမ်မှ ငွေကျပ်သန်းပေါင်း ၆၄၅၈၆ ဒသမ ၇၅ သန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်၊ ဘိန်းဖြူ၊ အက်တက်စီဆေးပြား၊ ကက်တမင်း၊ ဘိန်းစိမ်း၊ ကဖင်းနှင့် ထိုင်းနိုင်ငံသုံးဘတ်ငွေ၊ တရုတ်နိုင်ငံသုံး ယွမ်ငွေ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများကို ဖမ်းဆီးရမိကြောင်း မူးယစ်တပ်ဖွဲ့စုမှ သိရသည်။**



ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စီမံချက်အရ ရှမ်းရိုးမစစ်ဆင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် တပ်မတော်မှတပ်ဖွဲ့ဝင်များ၊ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု (၂၉)မိုင်းခတ်နှင့် မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်တို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချနေကြောင်း သတင်းအရ မိုင်းဟဲအုပ်စု ကျဆီးကျေးရွာနေကျခီး (အမျိုးသား)အား တာချီလိတ်မြို့အထွက် တာချီလိတ်-ကျိုင်းတုံသွားလမ်း သဗ္ဗညုစေတီအနီး Revo အမျိုးအစား မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကျခီး (အမျိုးသား) ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ကျခီး၏ နေအိမ်အား အိမ်စောင့်ကြပ်သူ ကျဟဲ(အမျိုးသား) အား တွေ့ရှိဖမ်းဆီးရမိပြီး ဆက်လက်ရှာဖွေရာ ကျခီးပိုင်ဆိုင်သည့် စတိုခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၄၆၆ သန်း၊ အက်တက်စီဆေးပြား ၆ ဒသမ ၁၅ သိန်း၊ ကဖင်း ၂၃၀ ကီလိုခန့်၊ မျောက်တံဆိပ်အနံ့ဆေးရည် ၁၈ ပုလင်း စုစုပေါင်းအလေးချိန် ၁၈ လီတာ၊ ပလတ်စတစ်ပုံးခွံအလွတ် ခြောက်လုံး၊ ပွိုင့် ၂၂ သေနတ်အရှည် နှစ်လက်၊ မီးခံသေတ္တာ တစ်လုံးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ကျဆီးကျေးရွာရှိ ဦးကျာနော်ခါးနှင့် ဒေါ်နာမီးလိုတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းတို့အားမတွေ့ရဘဲ နေအိမ်အား စောင့်ကြပ်နေထိုင်သူ ကျဟယ်အားတွေ့ရှိပြီး ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅၅ သန်း၊ အိုက်စ်အဖြူရောင် ပုံဆောင်ခဲ ၃ ဒသမ ၅ ကီလိုခန့်၊ ဘိန်းစိမ်း ၁ ဒသမ ၅ ကီလိုခန့်၊ စိတ်ကြွရူးသွပ်ဆေးပြားရိုက်နှိပ်ရာတွင်အသုံးပြုသည့် WY စာတမ်းပါ သံမိုလ်၁၇ ချောင်းနှင့် စာတမ်းမပါ သုံးချောင်း စုစုပေါင်း အချောင်း ၂၀၊ စိတ်ကြွရူးသွပ်ဆေးပြား ထုပ်ပိုးခွံအ ထုပ်ကြီးပေါ်တွင် ရိုက်နှိပ်သည့် သစ်သားဖြင့်ပြုလုပ်ထားသော Y အက္ခရာ တံဆိပ်တုံး နှစ်ခု၊ 1 အက္ခရာတံဆိပ်တုံး နှစ်ခု၊ OK တံဆိပ်တုံးတစ်ခု၊ Revo အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် Fortuner အမျိုးအစားမော်တော်ယာဉ် တစ်စီး၊ Remington ကိုးလုံးကျည်သေနတ် တစ်လက် နှင့် ၎င်းကျည် အတောင့် ၆၀၊ ရွှေထည်မျိုးစုံ ၂၈ မျိုး စုစုပေါင်း အလေးချိန် ၁ ဒသမ ၃၇၃ ကီလိုခန့်၊ မူးယစ်ဆေးဝါးရောင်းချရာမှရရှိသည်ဟု ယူဆရသည့် ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၁၈ သိန်းနှင့် တရုတ်နိုင်ငံသုံး ယွမ်ငွေ တစ်သောင်းတို့အား သိမ်းဆည်းရမိသည်။

ထို့အတူ ပူးပေါင်းအဖွဲ့သည် ကျဆီးကျေးရွာရှိ ကျမူးရှီး(အမျိုးသား)နှင့် နာအီတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ကျမူးရှီးနှင့် နာအီတို့အား နေအိမ်တွင် မတွေ့ရဘဲ သမီးဖြစ်သူ နာအူအားတွေ့ရှိပြီး ဆက်လက်ရှာဖွေရာ စိတ်ကြွရူး သွပ်ဆေးပြား ၁ ဒသမ ၀၅၄ သန်း၊ အိုက်စ်ပုံဆောင်ခဲ တစ်ကီလိုခန့်စီပါ ၁၉၉ ထုပ်၊ အလေးချိန် ၁၉၉ ကီလိုခန့်၊ တစ်တုံးလျှင် အလေးချိန် ၀ ဒသမ ၃၅ ကီလိုခန့်ပါ ဘိန်းဖြူ ဘလောက်တုံး ၂၆ တုံး၊ အလေးချိန် ၉ ဒသမ ၁ ကီလိုခန့်၊ KETAMINE အဖြူရောင်အမှုန့် အလေးချိန် ၀ ဒသမ ၅ ကီလိုခန့်စီပါ နှစ်ထုပ်၊ အလေးချိန် တစ်ကီလိုခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ရိုက်ရာတွင် အသုံးပြုသည့် WY တံဆိပ်ပါ မိုလ်အချောင်း ၃၀ နှင့် တံဆိပ်မပါ မိုလ်အချောင်း ၂၀ စုစုပေါင်း အချောင်း ၅၀၊ ၉၉၉ စာတန်းပါ တံဆိပ်တုံးနှစ်တုံးနှင့် မော်တော်ယာဉ်နှစ်စီးတို့ သိမ်းဆည်းရမိသည်။

အဆိုပါဖြစ်စဉ်တွင် ကျဆီးကျေးရွာရှိ နေအိမ် သုံးအိမ်မှ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးတန်ဖိုး ငွေကျပ် ၆၄၅၈၆ ဒသမ ၇၅ သန်းခန့်တို့အား သိမ်းဆည်းဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

စိတ်ကြွရူးသွပ် ဆေးပြားများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူ ကျခီး(၂၇ နှစ်)၊ ကျဟဲ(၄၀ နှစ်)၊ နာအူ (မ)၊ ၁၉ နှစ်နှင့် ကျဟယ်(၃၉ နှစ်)၊ ကျဆီးရွာ မိုင်းဟဲအုပ်စု တာချီလိတ်မြို့နယ်နေသူတို့အား တာချီလိတ်မြို့မ ရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ဆိုင်ကယ်ခိုးမှုကျူးလွန်ထားသူများကို ဖမ်းဆီးစစ်ဆေးရာမှ အခြားခိုးမှုများထပ်မံပေါ်ပေါက်၍ အမှုဖွင့်အရေးယူ

**ရန်ကုန် ဩဂုတ် ၉**

လှိုင်သာယာမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဆိုင်ကယ်ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိသူ လှိုင်သာယာမြို့နယ်နေသူများဖြစ်ကြသည့် တင်ကိုအောင်နှင့် ဖြိုးမောင်မောင်တို့နှစ်ဦးကို ဩဂုတ် ၁ ရက် ညနေ ၄ နာရီက ၎င်းတို့နေအိမ်မှ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးခဲ့ရာ လွန်ခဲ့သော ၁၀ ရက်ခန့်က လှိုင်သာယာမြို့နယ် အနော်ရထာလမ်းတွင်ရပ်ထားသော ဆိုင်ကယ်အား ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၎င်းတို့အား ထပ်မံစစ်ဆေးခဲ့ရာ လှိုင်သာယာမြို့နယ်၌ ရပ်ကွက်၊ကျေးရွာများရှိ ဆိုင်ကယ်ငါးစီးခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးချက်များအရ တင်ကိုအောင်(၂၁နှစ်)နှင့် ဖြိုးမောင်မောင် (၂၁နှစ်) တို့နှစ်ဦးကို လှိုင်သာယာမြို့မရဲစခန်းတွင် အမှုများထပ်မံရေးဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်၌ လက်လုပ်ဗုံး ပေါက်ကွဲမှုဖြစ်စဉ်နှင့် မူးယစ်ဆေးဝါးဖြစ်စဉ်တို့တွင် ပါဝင်ပတ်သက်သူများအား ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

မောင်တောမြို့နယ် ပန်းတောပြင်အနောက်ရွာ၌ လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် မူးယစ်ဆေးဝါး ဖြစ်စဉ်တို့တွင် ပါဝင်ပတ်သက်သူများအား ယမန်နေ့ မွန်းလွဲပိုင်းက ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပန်းတောပြင် အနောက်ရွာ၌ ဩဂုတ် ၁ ရက်က လက်လုပ်ဗုံးပေါက်ကွဲမှု ဖြစ်စဉ်တွင် ဆူဗီယာ အပါအဝင်နှစ်ဦးကို ယင်းနေ့က ဖမ်းဆီးရမိခဲ့ပြီး နေအိမ်အတွင်းမှ ပစ္စတိုကျည်နှစ်ထောင့်၊ မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းထုပ် နှစ်ထုပ်၊ ၁၀ ပိဿာခန့် ခါတ်မြေဩဇာအိတ် တစ်အိတ်၊ စနက်တံ သုံးခု၊ ဝိုင်ယာကြိုး ပေ ၁၅၀ ခန့်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်များအရ ပန်းတောပြင်အနောက်ရွာနေ အုပ်ချုပ်ရေးမှူး အာယာတူလ္လာ အပါအဝင် နှစ်ဦးအား ယမန်နေ့ မွန်းလွဲ ၁၂ နာရီ ခွဲခန့်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် မောင်တောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် မတ် ၃ ရက်က နတ်မြစ်အတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀၀၀ ခန့် ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်သူ ရွှေဇားအလယ်ရွာနေ ဟာဘေဆာမောက်အား ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တောရိုင်းဆင်များသတ်ဖြတ်သည့် ဆင်မုဆိုးများ ဖမ်းဆီးရမိရေး တောနင်းရှာဖွေလျက်ရှိ

**ပုသိမ် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် မြစ်တရာကြိုးဝိုင်းအကွက် အမှတ် (၂၇၀)အတွင်း ဩဂုတ် ၃ ရက်က တောဆင်ရိုင်းနှစ်ကောင် သတ်ဖြတ်ခံရမှုနှင့် ပတ်သက်ပြီး ဆင်သတ်မုဆိုးများဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် တောနင်းရှာဖွေလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၏ ညွှန်ကြားချက်အရ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်ထူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့က မြစ်တရာကြိုးဝိုင်းအကွက် အမှတ် (၂၀၇)(၂၀၉) အတွင်းစစ်ကြောင်းခွဲ၍ ကွင်းဆင်းရှာဖွေရာ ဩဂုတ် ၆ ရက်တွင် ဆင်လူးအိုင်အနီး၌ သန်းတိုး (၄၈နှစ်) အား ဆင်သားရေပြားအစိုနှစ်ပိဿာခန့်နှင့်၁၈ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းနှင့်အတူ ဖမ်းဆီးရမိပြီး တောကြီးရွာနေ စိုးမင်းထိုက်၏နေအိမ်၌ ဒူးလေးနှင့်မြား ရှစ်ချောင်း၊ခိုင်ထွန်း၏ နေအိမ်မှ မြားရှစ်ချောင်း ရှာဖွေတွေ့ရှိ၍ ပူးပေါင်းအဖွဲ့က ၎င်းတို့ အား ခေါ်ယူစစ်ဆေးပြီး အဓိကဆင်သတ်မုဆိုးဂိုဏ်းကို ဖမ်းဆီးရမိရေးအတွက် စစ်ကြောင်းအဖွဲ့က ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## တနိုင်းလမ်းမကြီးပေါ်၌ မိုင်းပေါက်ကွဲ၍ လူနှစ်ဦးသေဆုံး

**မိုးကောင်း ဩဂုတ် ၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် တနိုင်းလမ်းမကြီးပေါ်၌ ဩဂုတ် ၉ ရက် နံနက် ၄ နာရီခန့်က မိုင်းဖောက်ခွဲရန် တပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ခဲ့၍ လူနှစ်ဦး သေဆုံးခဲ့ကြောင်း မိုးကောင်းရဲတပ်ဖွဲ့စခန်း၏ ကနဦးသတင်းများအရ သိရသည်။

တနိုင်းကားလမ်းမကြီးပေါ်ရှိ ဆီးဒင်ယံကျေးရွာနှင့် နန်နွမ်ကျေးရွာကြား ရင်ကွဲတောင်အဆင်းတွင် အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ပြီး ယင်းနေရာတွင် မိုင်းဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့် လူနှစ်ဦးသေဆုံးနေသည်ကိုတွေ့ရကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ ကနဦးသတင်းများအရ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက်များဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်ကစတင်ဖွင့်လှစ်စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃၇ စီး၊ သွင်းကုန် ၅၄၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် အစီး ၁၄၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်ကရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၆၉၅ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၈၅၆ သန်းခန့် စုစုပေါင်း တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄ ဒသမ ၅၅၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၈ ရက်က မန္တလေးမှ မူဆယ်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ်နှစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက် (1 x 30) kg အိတ်၂၀ နှင့် ၁၆၆၂ ပိဿာ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၂၂၀ သန်းခန့်အားစစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက်များ

## မြောင်းမြ-ရန်ကုန် ခရီးသည်တင် မှန်လုံယာဉ်တိမ်းမှောက်

**မြောင်းမြ ဩဂုတ် ၉**

မြောင်းမြမှ ရန်ကုန်သို့ မောင်းနှင်သည့် ချမ်းမြေ့အေး ခရီးသည်တင်မှန်လုံယာဉ်သည် မြောင်းမြ-အိမ်မဲ-ရန်ကုန် ကားလမ်း မြောင်းမြမြို့နယ် ကြာဖူးငုံကျေးရွာအလွန် မိုင်တိုင်အမှတ် (၉၄/၄) အရောက် ရှေ့၌ရှိသော မော်တော်ဆိုင်ကယ်ကို ကျော်တက်ရာမှ အရှိန်များပြီး ဝဲဘက်ယာဉ်ကြောသို့ရောက်ရှိကာ လမ်းဘေးရှိ ထန်းပင်ကို ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တွင် ခရီးသည် ၂၁ ဦး လိုက်ပါလာပြီး မြောင်းမြမှ ရန်ကုန်သို့ နံနက် ၉ နာရီတွင် ထွက်ခွာလာစဉ် မြောင်းမြမြို့နယ်အတွင်း တိမ်းမှောက်ခြင်းဖြစ်ပြီး ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်လိုက်ပါလာသူ အမျိုးသား ငါးဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၃ ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း ကိုနောင်နောင်ဦး (၂၈နှစ်) မြောင်းမြမြို့နေသူအား မြောင်းမြရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## ယူအီးအက်ဖ်အေစူပါဖလား လက်ရှိချန်ပီယံရီးရဲတို့ မန်ယူကိုအနိုင်ယူ

**ယူအီးအက်ဖ်အေ စူပါဖလားလုပွဲကို ရီးရဲမက်ဒရစ်နှင့် မန်ချက်စတာယူနိုက်တက်တို့ ဩဂုတ် ၉ ရက် နံနက်က မက်ဆီဒိုးနီးယားနိုင်ငံ စကော့ဂျီမြို့ရှိ ဖီးလစ် -၂ အရီနာကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

ပထမပိုင်း နှစ်မိနစ်တွင် ရီးရဲမှ ဘေးလ် အမှတ်မထင်ကန်ခွင့်ရခဲ့သော်လည်း ဂိုးဘားတန်ပေါ် အနည်းငယ် ကျော်တက်သွား၍ မန်ယူတို့ သက်သာရာရခဲ့သည်။ ပထမပိုင်း ပွဲချိန်တွင် မန်ယူအသင်းသည် ရီးရဲမက်ဒရစ်ကို ကစားကွက်ပိုင်း၊ နည်းဗျူဟာပိုင်းအရ ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ဘဲ ပြိုင်ဘက်အသင်း၏ ဖိအားပေးမှုကိုသာ တရစပ်ခံနေရသည်။ ပွဲချိန် ၁၇ မိနစ်တွင် မန်ယူနောက်တန်းကစားသမားများ၏ ရှင်းထုတ်ပုံ မသေသပ်သဖြင့် ကက်စမဲရိုး၏ အဝေးကန်ချက် ဂိုးဘားတန်းပေါ် အနည်းငယ် ကျော်တက်သွားခဲ့၍သာ ရီးရဲတို့ ဦးဆောင်ဂိုးနှင့် ဝေးခဲ့ရသည်။ ရီးရဲအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် ကာဗာဂျယ်၏ ဖန်တီးပေးမှုမှ တစ်ဆင့် ကက်စမဲရိုးက လူကျွံထောင်ချောက်ကို ဖြေးထွက်ကာ ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းပွဲပြီးခါနီးတွင် အပြန်အလှန် ဂိုးသွင်းခွင့်များရရှိခဲ့ပြီး ဘင်ဇီမာ၏ ကန်သွင်းချက်ကို ဒီဂီယာ ကာကွယ်နိုင်ခဲ့သလို ပေါ့ဘာဂ်၏ ခေါင်းတိုက်မှု ဂိုးပေါက်တည့်မတ်မှု ရှိသော်လည်း နာဗက်စ်ပုတ်ထုတ်ကာ ပြန်ကျလာသော ဘောလုံးကို လူကာကူ အနီးကပ် အပိုင်ပိတ်သွင်းခွင့် ရရှိခဲ့သော်လည်း လွဲချော်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန် ၅၂ မိနစ်အရောက်တွင် အစ္စကိုနှင့် ဘေးလ်တို့ တွဲလုံးမှ ရရှိလာသော အခွင့်အရေးတစ်ရပ်ကို အစ္စကိုက အပိုင်အသုံးချနိုင်ခဲ့သဖြင့် ရီးရဲတို့ ဒုတိယဂိုးရရှိခဲ့သည်။ ထို့အပြင် ဘေးလ်၏ အဆုံးသတ်ကန်ချက်မှာလည်း ဂိုးဘားထိမှန်ပြန်ထွက်မှုကြောင့်သာ မန်ယူတို့ သက်သာရာရခဲ့သည်။ မန်ယူအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် မာတစ်၏ ပြင်းထန်အားပါသော အဝေးကန်ချက်ကို နာဗက်စ်ကာကွယ်ရာမှ အန်ထွက်လာသော ဘောလုံးကို လူကာကူက အပိုင်ပိတ်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဒီဂီယာ၏ အထူးလက်စွမ်းပြသနိုင်မှုကြောင့် မန်ယူတို့ ယခုထက် ဂိုးမပေးရခြင်းဖြစ်သည်။ ပွဲချိန် ၈၃ မိနစ်တွင် ဘင်ဇီမာအစား ရော်နယ်ဒိုဝင်လာသော်လည်း ပွဲပြီးသည်အထိ ထပ်မံမသွင်းနိုင်ကြဘဲ နှစ်ဂိုး-တစ်ဂိုးဖြင့်သာ အဆုံးသတ်ခဲ့ရသည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုနိုင်ပွဲကြောင့် ဥရောပစူဖလားပြိုင်ပွဲတွင် လေးကြိမ်မြောက် ဖိုလ်စွဲနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် နာမည်ကြီး ဘာစီလိုနာအသင်းနှင့် အေစီမီလန်အသင်းတို့က ငါးကြိမ်စီဖိုလ်စွဲထားသည်။ ဥရောပစူပါဖလား ပြိုင်ပွဲတွင် ချန်ပီယံလိဂ်ဖလားရရှိခဲ့သော အသင်းများကသာ နောက်ဆုံးငါးနှစ်ဆက် ဖိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။

**ဇော်ဇော်**




## ချင်းတွင်းမြစ်အတွင်း ရေမျောထင်းဆယ်သည့်သားအမိ စက်လှေမှောက်ရာ မိခင်မှာ ပျောက်ဆုံးနေပြီး ကလေးငယ်ကိုအခင်းဖြစ်နေရာတွင်တွေ့ရှိကယ်ဆယ်ထား

**ကနီ ဩဂုတ် ၉**

ချင်းတွင်းမြစ်အတွင်း ရေမျောထင်းဆယ်သည့် မိခင်နှင့် လေးနှစ်သားလေးတို့စီးလာသော စက်တပ်လှေသည် ဩဂုတ် ၈ ရက် ညနေ ၆နာရီက ကနီမြို့နယ် ငါးဖျက်ရွာနှင့် မုဒ္ဒေါရွာကြား နစ်မြုပ်ရာ မိခင်မှာပျောက်ဆုံးနေပြီး ကလေးငယ်ကိုအခင်းဖြစ်နေရာတွင် ရေမျောထင်းဆယ်ယူနေသူ လူငယ်တစ်ဦးက တွေ့ရှိကယ်ဆယ်ထားကြောင်း သိရသည်။

ကနီမြို့နယ် ငါးဖျက်ကျေးရွာနှင့် မုဒ္ဒေါရွာကြား အလျား ၂၇ ပေ၊ အကျယ် ၂ ပေခွဲခန့်ရှိ ဟွန်ဒါစက်တပ်ရေယာဉ်တစ်စင်း တိမ်းမှောက်နေကြောင်း သတင်းအရ ကနီမြို့မရဲစခန်း ရဲဒုတပ်ကြပ် ထွန်းထွန်းနိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ အိုင်တောင်ရွာမနေသူ အသက် ၄၂ နှစ်ရှိ မတင်မိုးခိုင်သည် အသက်လေးနှစ်အရွယ် သားဖြစ်သူနှင့်အတူ အိုင်တောင်ရွာမှချင်းတွင်းမြစ်အတွင်း ပန်းဆိုင်းရွာဖက် ဆန်တက်ကာ ရေမျောထင်းရှာအပြီးအပြန်တွင် လေပြင်းတိုက်မှုကြောင့် စက်လှေမှာ ညာဘက်သို့တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေယာဉ်တိမ်းမှောက်မှုကြောင့် မတင်မိုးခိုင်မှာနစ်မြုပ်ပျောက်ဆုံးနေပြီး သားဖြစ်သူကိုအခင်းဖြစ်နေရာအနီး ရေမျောထင်းဆယ်ယူပြီးပြန်လာသူ လူငယ်တစ်ဦးက တွေ့ရှိကယ်ဆယ်ထားနိုင်ခဲ့ကြောင်း သိရသည်။

စက်လှေနစ်မြုပ်မှုနှင့်ပတ်သက်၍ ကနီမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

### နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၉** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

## တွံတေးတူးမြောင်းဘေးရှိ အိုးဖိုအနောက်ရပ်ကွက် ကမ်းထိန်းနံရံပြိုကျ

**တွံတေး ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အိုးဖိုအနောက်ရပ်ကွက် တွံတေးတူးမြောင်းကမ်းပြိုကျမှုကြောင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ကမ်းထိန်းနံရံ ပေ ၁၁၅၀ မှ ဆောင်ရွက်ပြီးစီးသည့်အပိုင်းရှိ ကမ်းထိန်းနံရံ ပေ ၈၀ ခန့် ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီခန့်က ပြိုကျမှုဖြစ်ပွားခဲ့သည်။

ကမ်းထိန်းနံရံပြိုကျမှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ကမ်းထိန်းနံရံပြိုကျမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**


### Vacancy Announcement

Myanmar Digital News is an online news network publishing daily both in Myanmar and English. We need an experienced feature writer/correspondent who can report in English. The candidate should be fluent in spoken and written English, must have a keen interest in current political, social and economic affairs of Myanmar as well as that of international affairs, and should be willing to travel for covering news. Salary is negotiable.

If you're interested in joining our news room team in Nay Pyi Taw, please email your CV together with a cover letter to **recruitment @ myanmardigitalnews.com** not later than 31 August 2017.

### ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးအမှတ်(၂)၊ နေပြည်တော် ဒု-ဦးစီးမှူးရာထူးနှင့်စာရင်းကိုင်-၂ရာထူးစာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခေါ်ယူထားသော လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ဒု-ဦးစီးမှူးနှင့် စာရင်းကိုင်-၂ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လာရောက်ဖြေဆိုနိုင်ရန် အကြောင်းကြားပါသည်-

| ကျင်းပမည့်ရက် | အချိန် | ဘာသာရပ် | ကျင်းပမည့်နေရာ |
|---|---|---|---|
| ၁၅-၈-၂၀၁၇ရက် (အင်္ဂါနေ့) | နံနက်၈နာရီမှ ညနေ(၄)နာရီအထိ | မြန်မာစာ အင်္ဂလိပ်စာ အထွေထွေ ဗဟုသုတ | အထက(ခွဲ)၊ အောင်သုခ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် (ဒက္ခိဏခရိုင်တရားရုံးမျက်နှာချင်းဆိုင်) |

၂။ အောက်ပါစာရွက်စာတမ်းများ ယူဆောင်လာရမည်ဖြစ်သည်-
(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း
(ခ) လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြထားသည့် စာရွက်စာတမ်းများ(မူရင်း)
၃။ အထက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများ ယူဆောင်လာရန် ပျက်ကွက်ပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။
၄။ စာမေးပွဲဖြေဆိုသူများသည် စာဖြေဌာန (အထက-ခွဲ၊ အောင်သုခ) သို့ ၁၅-၈-၂၀၁၇ရက် နံနက် ၇နာရီထက် နောက်မကျစေဘဲ သတင်းပို့ရမည်ဖြစ်သည်။
၅။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံနံပါတ်များအား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်၌ ၁၁-၈-၂၀၁၇ရက်တွင် ထုတ်ပြန်ကြေညာထားမည်ဖြစ်ပါ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၀၇၂၅၀သို့ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

### (H1N1) အကြောင်းသိကောင်းစရာ ဟောပြောပွဲ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့မှ ကြီးမှူးကျင်းပမည့် "Seasonal Flu A (H1N1) pdm 09" ယခုလက်ရှိဖြစ်ပွားနေသော ရာသီတုပ်ကွေး (H1N1) အကြောင်းသိကောင်းစရာဟောပြောပွဲသို့ တက်ရောက်ကြပါ ရန် ဖိတ်ကြားအပ်ပါသည်။
ကျင်းပမည့်နေ့ရက် - ၁၃-၈-၂၀၁၇ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီထိ
ကျင်းပမည့်နေရာ - သူနာပြုတက္ကသိုလ် (ရန်ကုန်) ခန်းမ
စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပါသည်။

### ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ တောမ အထက (ခွဲ) အဋ္ဌမတန်း(A)မှ မောင်ကောင်းထက်စံ၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင် ၉/မကန(နိုင်)၀၃၁၅၇၈ ဖြစ်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့၊ အောင်ဆန်းနယ်မြေ၊ သမုန်းကုန်းရပ်နေ မရတနာမိုးဦးနှင့် မစုကဗျာတို့၏ ဖခင် ဦးတင်ဦး(ခ) ဦးစန်းမြင့် ၉/မထလ(နိုင်)၂၀၆၉၇၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/8740 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### မိဘအမည်မှန်

ကျောက်တန်း အထက(၂)သော်ကမှာ တက္ကသိုလ်ဝင်တန်း အခန်း(၄)မှ မနှင်းပွင့်ရီ ၁၈၈/၁၄၏ ဖခင်အမည်မှန် ဦးမောင်မောင်လေးဖြစ်ပါကြောင်း။
**ဦးမောင်မောင်လေး**

### ဖခင်အမည်မှန်

မြင်းခြံမြို့ အထက(၄) တက္ကသိုလ်ဝင်တန်းမှ မောင်သက်နိုင်ထွေး၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ဝင်း ဖြစ်ပါသည်။

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကလောမြို့နယ်တရားရုံး၌
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၂

ဒေါ်ခါတွန် **နှင့်** ဦးရန်စိန်
**တရားလို** **တရားပြိုင်**

ကလောမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရွှေတောင်ကြားရပ်နေ ဦးရန်စိန်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခါတွန်က ကလောမြို့နယ်တရားရုံးတော် ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၂၂တွင် အိမ်ခြံမြေအရောင်း အဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဌေးမော်)**
**မြို့နယ်တရားသူကြီး**
**ကလောမြို့နယ်တရားရုံး**

### ဖခင်အမည်မှန်

မူဆယ်မြို့၊ မန့်ဝိန်း အလက ပဉ္စမတန်း(B)မှ မသီရိ၏ ဖခင်အမည်မှန်မှာ ဦးရှင်ရှန် ၁/မစန(နိုင်)၀၁၆၄၁၇ ဖြစ်ပါကြောင်း။
**ဦးရှင်ရှန်**

### မိဘအမည်မှန်

မူဆယ်မြို့၊ မန့်ဝိန်း အလက ပထမတန်းမှ မယွန်းကေရီ၏ မိဘအမည်မှန်မှာ ဦးဆန်းငွေဦး ၁၃/မဆတ(နိုင်)၀၃၄၁၄၅-ဒေါ်လွေးအမ်ကျန် ဖြစ်ပါကြောင်း။
**ဦးဆန်းငွေဦး-ဒေါ်လွေးအမ်ကျန်**

### ဖခင်အမည်မှန်

ကျိုက္ကမီမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မနှစ်သက်လွှာ၏ ဖခင်အမည်မှန်မှာ ဦးချမ်းထွန်း ၁၀/သဖရ(နိုင်)၀၁၃၀၃၄ ဖြစ်ပါကြောင်း။
**ဦးချမ်းထွန်း**

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဦးကျော်ဟန်ဇေယျာ ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်ကောင်းလင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးလှမြင့်(ISN-၅၁၅၅၈၄) ဖြစ်ပါကြောင်း။
**ဦးလှမြင့်**

### ဖခင်အမည်မှန်

မြင်းခြံမြို့ အထက(၄)တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းမင်းထွေး၏ ဖခင်အမည်မှန်မှာ ဦးမြို့နိုင် ဖြစ်ပါသည်။

### ပျောက်ဆုံးကြောင်း

Hlaine Tet Group Ltd. ၏ ပို့ကုန်လိုင်စင်အမှတ် MQEL6 15-16 0081(27/10/2015) သည် ရုံးလုပ်ငန်းများ ဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါသဖြင့် ဆက်သွယ်ပေးပါရန်။
**ဖုန်း-၀၉-၄၃၀၇၉၀၈၄**
**၀၉-၂၅၄၅၅၄၆၉၈**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ကုန်းဇောင်း အထက တက္ကသိုလ်ဝင်တန်းမှ မဝင်းငွေး၏ ဖခင်အမည်မှန်မှာ ဦးမောင်ခိုင် ၈/စလန(နိုင်)၂၀၇၉၈၈ ဖြစ်ပါသည်။
**ဦးမောင်ခိုင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာနေ မစန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးကံဝင်း(ခ) ဦးသာအဲ့ ၅/ဟမလ(နိုင်)၀၅၄၆၁၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးကံဝင်း(ခ)ဦးသာအဲ့**

### ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

၇-၈-၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာ စာမျက်နှာ(ဆ) နှင့် ၈-၈-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉) အသိပေးအကြောင်းကြားခြင်းတွင် ဒေါ်နွယ်နွယ်အေး ၁၄/ဟသတ(နိုင်) ၀၃၃၇၃၃ HINNTHAR AKARJ COMPANY LIMITED, No.62/B, Thanthumar Road, Thut Wainn Kyee Word, Thingangyun Tsp, Yangon သိစေရန် ဖြစ်ပါသည်ဆိုသည့် စာပိုဒ်များ ယွင်းကျန်ရှိခဲ့ပါသည်။ ထိုစာပိုဒ်ကို အပိုဒ်(၂)အဖြစ် ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။
**ဒေါ်အေးအေးမော်**
**အထက်တန်းရှေ့နေ(စဉ်-၃၈၃၆၇)**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ရေပေါ်ကျွန်းကြီးကျေးရွာ အလက အဋ္ဌမတန်းမှ မဇင်မာမြင့်၊ ဆဋ္ဌမတန်းမှ မောင်ကျော်ဝင်းရှိန်၊ စတုတ္ထတန်းမှ မလှဲ့လှဲ့ဝင်း၊ KG တန်းမှ မောင်ဆန်းထွန်းနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင်အောင် ၈/စလန(နိုင်) ၀၉၄၄၂၃ ဖြစ်ပါသည်။
**ဦးသန်းနိုင်အောင်**

### အမည်ပြောင်း

ဦးအင်ခွန်တန် ၁/လဂန(နိုင်)၀၀၄၀၉၂၏သမီး မူဆယ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မထုဆိုင်းအားမထုလွမ်ဟု ပြောင်းလဲခေါ်ပါရန်။
**ဦးအင်ခွန်တန်**

### ပျောက်ဆုံးကြောင်း

MYANMAR TREASURE LAND CO.,LTD၏ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးထားသည့် IMPORT LICENCE NO.0012 12/5/2017 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဦးကျော်ခိုင်**
**ဖုန်း-၀၉-၄၂၉၀၃၅၄၄၉**

# တရုတ်နိုင်ငံစီချွမ်ပြည်နယ်တွင် မြေငလျင်အကြီးအကျယ် လှုပ်ခတ်ခဲ့မှုကြောင့် ကမ္ဘာလှည့်ခရီးသွားများ အပါအဝင် လူ ၂၀ နီးပါးသေဆုံး

**ပေကျင်း ဩဂုတ် ၉**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ အလွန်ဝေးကွာပြီး တောင်ကုန်းထူထပ်သောအစိတ်အပိုင်းတစ်ခုဖြစ်သည့် စီချွမ်ပြည်နယ်တွင် ပြင်းအား ၇ ဒသမ ၀ အဆင့်ရှိ ပြင်းထန်သော မြေငလျင်ကြီးတစ်ခုလှုပ်ခတ်သွားခဲ့ရာ ကမ္ဘာလှည့်ခရီးသွားများအပါအဝင် လူ ၁၉ ဦး သေဆုံးခဲ့ပြီး ၂၄၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့နှင့် နိုင်ငံပိုင်သတင်းမီဒီယာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ငလျင်သည် အင်္ဂါနေ့နှောင်းပိုင်းတွင် ဂွမ်ယန်မြို့၏ အနောက်မြောက်ဘက်မှ ကီလိုမီတာ ၂၀၀(မိုင် ၁၂၀)အကွာ လူဦးရေထူထပ်များပြားသည့် ဧရိယာတွင် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ပြီး ငလျင်အနက် ၁၀ ကီလိုမီတာ(၆ မိုင်)ရှိကြောင်း အမေရိကန်ဘူမိဗေဒဆိုင်ရာ စစ်တမ်းကောက်ယူမှုအဖွဲ့က ဆိုသည်။

မြေငလျင်လှုပ်ခတ်ခဲ့သည့်နေရာသည် ကမ္ဘာလှည့်ခရီးသွားများအားဆွဲဆောင်ရာဖြစ်သည့် Jiuzhaigo က သဘာဝဘေးမဲ့တောနှင့် နီးကပ်စွာတည်ရှိကြောင်း သိရသည်။

စီချွမ်ပြည်နယ်သည် မြေငလျင်လှုပ်ခတ်မှုများကို မကြာခဏကြုံတွေ့ရသည့် ဒေသဖြစ်သည်။ ၂၀၀၈ခုနှစ် မေလအတွင်းက စီချွမ်တွင်ဖြစ်ပွားခဲ့သည့် မြေငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် လူ ၇၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။



ငလျင်ပြင်းအား ၆ ဒသမ ၆ ရစ်ချ်တာစကေးရှိသည့် သီးခြားမြေငလျင်တစ်ခုသည် ဗုဒ္ဓဟူးနေ့တွင် တရုတ်နိုင်ငံ၏ဝေးလံခေါင်ဖျားသည့် စင်ကျန်းအနောက်မြောက်ပိုင်းဒေသ ၂၀၀၀ကီလိုမီတာ (၁၂၄၀ မိုင်) အကွာခန့်တွင် လှုပ်ခတ်သွားခဲ့သေးကြောင်း တရုတ်မြေငလျင်စီမံခန့်ခွဲမှုအဖွဲ့က ပြောကြားခဲ့သည်။

ငလျင်ကြောင့် ကျေးလက်ဧရိယာအများစုတို့မှ လူ ၃၂ ဦးခန့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း People's Daily သတင်းစာတွင် ဖော်ပြခဲ့သည်။

ငလျင်လှုပ်ခတ်ရာမှမြေပြိုမှုများကြောင့် ထိခိုက်ခံစားခဲ့ရသည့် ကမ္ဘာလှည့်ခရီးသွားများနှင့် ဒေသခံပြည်သူများကို ရှာဖွေကယ်ဆယ်ရေး အဖွဲ့များက ကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိကြောင်း စီချွမ်အုပ်ချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ငလျင်ကြောင့် သေဆုံးသွားခဲ့သူများတွင် နိုင်ငံခြားခရီးသည် ခြောက်ဦးပါဝင်ခဲ့ကြောင်း တရုတ်သတင်းမီဒီယာက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်ပြီးနောက် ၁၉ ဦး သေဆုံးသွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများမှာ ဒဏ်ရာပြင်းထန်သူနည်းပါးကြောင်း သိရသည်။

မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားသည့် ဇုန်အတွင်း ရောက်ရှိနေသည့် ကမ္ဘာလှည့်ခရီးသွား ၄၅၀၀၀ ကို ကယ်ဆယ်ရွှေ့ပြောင်းပြီးဖြစ်ကြောင်းနှင့် လူ ၁၀၀၀ ကျော် ကယ်ထုတ်ရန် ကျန်ရှိနေသေးကြောင်း စီချွမ်အုပ်ချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားများစွာတို့သည် Jiuzhaigou လေဆိပ်၌ လေယာဉ်ပျံသန်းထွက်ခွာရန် စောင့်ဆိုင်းလျက်ရှိသည်။ ပြည်သူများအား လေကြောင်းဖြင့်ကယ်ဆယ်ရန် လေဆိပ်ကို ဖွင့်ထားကြောင်း ဒေသမီဒီယာက ဖော်ပြသည်။ ပြင်းအား ၇ ဒသမ ၀ အဆင့်ရှိသည့် မြေငလျင်သည် နာဂဝါစီရင်စုအတွင်း၌ ဗဟိုပြုလျက် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း စီချွမ်မြေငလျင် စီမံခန့်ခွဲမှုအဖွဲ့က ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## အမေရိကန်ပစိဖိတ် နယ်နိမိတ်တစ်ခုကို ဒုံးကျည်တိုက်ခိုက်မှုပြုလုပ်ရန် ကြံရွယ်နေကြောင်း မြောက်ကိုရီးယားပြောကြား

**ဆိုးလ် ဩဂုတ် ၉**

အမေရိကန်ပြည်ထောင်စုအပေါ် ခြိမ်းခြောက်မှုတစ်စုံတစ်ရာ ပြုလုပ်လာပါက ဆိုးရွားသည့်အခြေအနေနှင့် ရင်ဆိုင်ရလိမ့်မည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က မြောက်ကိုရီးယားနိုင်ငံအား သတိပေးခဲ့ပြီးနောက် နာရီအနည်းငယ်အကြာတွင် မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်ပစိဖိတ် နယ်နိမိတ်ဖြစ်သည့် ဂူအမ်ကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုပြုလုပ်ရန် စဉ်းစားလျက်ရှိသည်ဟု ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ရုတ်တရက်တင်းမာမှုများမြင့်တက်လာခြင်းက ငွေကြေးဈေးကွက်ကို ရိုက်ခတ်လာစေခဲ့ပြီး မြောက်ကိုရီးယားနှင့်စေ့စပ်ဆွေးနွေးညှိနှိုင်းမှုများမပြုလုပ်ရန် အမေရိကန်အာဏာပိုင်များနှင့် ကျွမ်းကျင်ပညာရှင်များထံမှသတိပေးချက်များ ပေါ်ထွက်လာစေခဲ့သည်။

**(ရိုက်တာ)**

## အာဖဂန်နစ္စတန်တွင်အသေခံဗုံးခွဲတိုက်ခိုက်မည့် လူနှစ်ဦးကို ပစ်ခတ်ရှင်းလင်းနိုင်ခဲ့

**ကဘူးလ် ဩဂုတ် ၉**

အာဖဂန်နစ္စတန်တောင်ပိုင်း ကက်ပီဆာပြည်နယ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုဆောင်ရွက်မည့် လူနှစ်ဦးကို မကြာသေးမီက အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့က ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံသတင်းမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

လက်နက်ကိုင်အဖွဲ့ဝင် နှစ်ဦးကို ကက်ပီဆာပြည်နယ် တာကွဘ်ဒေသတွင် လုံခြုံရေးတပ်ဖွဲ့ယာဉ်များကို တိုက်ခိုက်ရန် ပြင်ဆင်နေစဉ် ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း၊ ပစ်ခတ်ရှင်းလင်းမှုပြုစဉ်တွင် ၎င်းတို့ကိုယ်ပေါ်မှ ဖောက်ခွဲရေးပစ္စည်းများမပေါက်ကွဲခဲ့သဖြင့် အခြားသေဆုံးဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

ပစ်ခတ်ရှင်းလင်းနိုင်ခဲ့သည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်နှစ်ဦးမှာ တာလီဘန်အဖွဲ့ဝင်များဖြစ်ကြောင်း ကနဦးစစ်ဆေးချက်များအရ သိရသည်။

ကက်ပီဆာပြည်နယ်သည် တာလီဘန်အဖွဲ့အစည်းများ တက်ကြွလှုပ်ရှားသည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။ အာဖဂန်၌ နွေဦးတိုက်ခိုက်မှုဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံတွင် တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ဂျာမနီနိုင်ငံအနောက်ပိုင်းတွင် အသေးစားလေယာဉ်တစ်စင်းပျက်ကျ လေယာဉ်ပေါ် လိုက်ပါလာသူများ သေဆုံးဖွယ်ရှိ

**ဖရန့်ဖာ့ထ် ဩဂုတ် ၉**

အင်ဂျင်တစ်လုံးတပ် အမျိုးအစားလေယာဉ်ငယ်တစ်စင်းသည် ယမန်နေ့က ဂျာမနီနိုင်ငံအနောက် တောင်ပိုင်းဘိုဒန်ဇီရေကန်တွင် ပျက်ကျသွားခဲ့ကြောင်း ဂျာမနီနိုင်ငံ သတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ လေယာဉ်ပေါ် လိုက်ပါခဲ့သူနှစ်ဦးမှာ သေဆုံးနိုင်ခြေများကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

လေယာဉ်သည် အနက် ၆၀ မီတာခန့်ရှိသော ရေကန်အတွင်းပျက်ကျသွားခဲ့ခြင်းဖြစ်ပြီးရဲတပ်ဖွဲ့ကရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ဒေသတွင်းရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

လက်ရှိချိန်တွင် ပျက်ကျခဲ့သော လေယာဉ်အစိတ်အပိုင်းအချို့နှင့် လိုက်ပါခဲ့သူတစ်ဦး၏ အစိတ်အပိုင်းအချို့ကို တွေ့ရှိခဲ့ကြောင်း ပြောခဲ့သည်။

အဆိုပါ လေယာဉ်သည် ဘာလင်မြို့သို့ ပျံသန်းထွက်ခွာလာခြင်းဖြစ်ပြီး ဒေသစံတော်ချိန်နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ပျက်ကျခဲ့ကြောင်း သိရသည်။

လေယာဉ်သည် ထိန်းချုပ်ရေးစင်တာ၏ ရေဒါမှရုတ်တရက်ပျောက်ဆုံးသွားခဲ့ပြီး ပျက်ကျခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျသည့်အကြောင်းရင်းကို ဆက်လက်စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဒုံးကျည်ဖြင့်တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတိုက်လေယာဉ်များ ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းဖြင့်တိုက်ခိုက်



**ဂါဇာ ဩဂုတ် ၉**

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနိုင်ငံဘက်သို့ ဒုံးကျည်ဖြင့်တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးဘက်မှတိုက်လေယာဉ်များသည် ဂါဇာကမ်းမြောင်ဒေသပေါ်သို့ ဩဂုတ် ၉ ရက်က လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ဂါဇာလုံခြုံရေးတာဝန်ရှိသူများက ပြောခဲ့သည်။

ဂါဇာမြို့အနောက်မြောက်ဘက်တွင် ကျယ်လောင်သည့် ပေါက်ကွဲသံများကို ဆက်တိုက်ကြားခဲ့ရကြောင်း လုံခြုံရေးတာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိခဲ့သူများက ပြောခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုတွင် အနည်းဆုံးအရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အား ဆေးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း ဆေးဘက်ဆိုင်ရာသတင်းရင်းမြစ်များအရ သိရသည်။

ဂါဇာရှိ စစ်သွေးကြွစခန်းများကို အစ္စရေးဘက်မှ လေကြောင်းတိုက်စစ်ဆင်ခြင်းဖြစ်ပြီး ဂါဇာဘက်မှ အစ္စရေးဘက်သို့ တိုက်ခိုက်မှုကြောင့် ပျက်စီးမှုနှင့် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အရှေ့ဥရောပ၌ အမေရိကန်၏ စစ်ရေးလေ့ကျင့်မှုများ

ခြူးစန္ဒီနွေး



အီရတ်နဲ့ဆီးရီးယားတို့မှာ အစွန်းရောက် စစ်သွေးကြွတွေကို ဆယ်စုနှစ်တစ်ခုကျော်ကြာ တိုက်ခိုက်ပြီးတဲ့နောက်မှာတော့ အမေရိကန်ဟာ ရုရှားနဲ့ မပြီးဆုံးသေးတဲ့ စစ်အေးတိုက်ပွဲကို ပြန်သတိလည်လာပါပြီ။

အရှေ့ဥရောပမှာရှိတဲ့ ရုရှားက အဓိက အကာအကွယ်ပေးထားတဲ့နယ်မြေတွေမှာ ရုရှားနဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့အတွက် ခြိမ်းခြောက်မှုတွေရှိလာတယ်။ အဓိကကတော့ နယ်မြေအနေအထားပါပဲ။ အီရတ်နဲ့ အာဖဂန် နစ္စတန်တို့မှာ ဆယ်စုနှစ်တစ်ခုကျော်ကြာတိုက်ပွဲတွေနဲ့ အချိန်ကုန်ခဲ့တော့ အမေရိကန်အနေနဲ့ အရှေ့ဥရောပရဲ့ နယ်မြေအနေအထားနဲ့ကိုက်ညီအောင် ပြင်ဆင်ဖို့ရာ အပြောင်းအလဲ စိန်ခေါ်မှုတွေ အများကြီးဖြစ်လာတယ်။ ရာပေါင်းများစွာသော တင့်ကားတွေ၊ သံချပ်ကာကားတွေဟာ ကန္တာရထဲမှာ ဖြတ်ကျော်တိုက်ခိုက်ခဲ့ရပါတယ်။ အဲဒီလို တိုက်ခိုက်ခဲ့ရာကနေ အခုဖြုန်းစားကြီး ကန္တာရမြေမဟုတ်တော့ဘဲ နယ်မြေအနေအထား ပြောင်းလဲသွားတော့ တင့်ကားတွေ၊ သံချပ်ကာ ကားတွေကို ဥရောပမြေ အနေအထားနဲ့ကိုက်ညီအောင် ပြင်ဆင်မှုတွေ ပြုလုပ်ရပါတော့မယ်။ ဒီလိုပါပဲ အမေရိကန်တပ်ဖွဲ့ဝင်တွေဟာလည်း အီရတ်နဲ့အာဖဂန်နစ္စတန်တို့မှာ ပြုလုပ်ခဲ့တဲ့ စစ်ရေးလေ့ကျင့်မှုနဲ့မတူဘဲ ပြောင်းလဲလေ့ကျင့်ရတော့မှာပါ။

အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ အာဖဂန်နစ္စတန်ရဲ့ တောင်တန်းထူထပ်တဲ့ဒေသနဲ့ အီရတ်နဲ့ ချိုင့်ဝှမ်းဒေသတွေမှာ တိုက်ပွဲဆင်နွှဲမှုတွေနဲ့ အသားကျခဲ့တော့ မြေပြန့်ဒေသမှာ တိုက်ခိုက်ဖို့အတွက်တော့ ပြင်ဆင်မှုတွေပြုလုပ်ရမှာပါ။

လွန်ခဲ့တဲ့လကတော့ အမေရိကန်နဲ့ မဟာမိတ်တပ်ဖွဲ့ဝင် ၂၅၀၀၀ ဟာ ၁၀ ရက်ကြာ စစ်ရေးလေ့ကျင့်မှုတွေပြုလုပ်ခဲ့ပါတယ်။ ဟန်ဂေရီ၊ ရိုမေးနီးယားနှင့် ဘူဂေးရီးယားတို့မှာ လေ့ကျင့်မှုတွေပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။ အဲဒီမှာ တပ်ဖွဲ့ခေါင်းဆောင်တွေဟာ ရုရှားတပ်ဖွဲ့တွေနဲ့ ရင်ဆိုင်ဖို့အတွက် နည်းလမ်းအသစ်တွေ၊ ဗျူဟာအသစ်တွေနဲ့ လေ့ကျင့်ကြပါတယ်။ အဲဒီလို လေ့ကျင့်တဲ့အခါမှာလည်း လေထီးခုန်တပ်သား ရာပေါင်းများစွာဟာ ညအချိန်မှာ တိုက်ပွဲဝင်ဆင်နွှဲဖို့ရာ ပါဝင်လေ့ကျင့်ခဲ့ကြပါတယ်။

တပ်ဖွဲ့ခေါင်းဆောင်တွေဟာ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်ကတည်းက အရှေ့အလယ်ပိုင်းမှာ တိုက်ပွဲတွေ ဆင်နွှဲခဲ့ကြတဲ့ လူငယ်တပ်ဖွဲ့ဝင်တွေကို လေ့ကျင့်မှုတွေပြုလုပ်ပေးခဲ့ကြတယ်။

အဲဒီလို လေ့ကျင့်ပေးတဲ့အခါမှာတော့ သူတို့ကို ပတ်ဝန်းကျင်အသစ်နဲ့ ကိုက်ညီအောင် လေ့ကျင့်ပေးရပါတယ်။ အီရတ်နဲ့ အာဖဂန်နစ္စတန်မှာလည်း အမေရိကန်တပ်ဖွဲ့ဝင်တွေလိုအပ်နေဆဲပါပဲ။ ဒါပေမယ့်လည်း အမေရိကန်နဲ့နေတိုးမဟာမိတ်တွေက တပ်ဖွဲ့ဝင် ၄၅၀၀ ကိုဘော်လ်တစ်ဒေသကို ပြောင်းရွှေ့ခဲ့ပါတယ်။ ဒီလိုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ရုရှားနဲ့ ရင်ဆိုင်ဖို့အတွက် ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်တွေကိုလေ့ကျင့်ပေးဖို့ရာပဲ ဖြစ်ပါတယ်။ ဝါရှင်တန်နဲ့ မော်စကိုကြားမှာ အခြေအနေ တင်းမာမှုတွေ ရှိနေပါတယ်။ ရုရှားဟာ သူ့ရဲ့တပ်ဖွဲ့ဝင်တွေကို နယ်စပ်မှာ လေ့ကျင့်မှုတွေပြုလုပ်ခဲ့ပါတယ်။ ဒ့ါအပြင် ဆီးရီးယားနဲ့ ယူကရိန်းအရှေ့ပိုင်းမှာ တပ်ဖြန့်ချထားမှုတွေပြုလုပ်ခဲ့ပါတယ်။ ရုရှားဟာ စက်တင်ဘာလထဲမှာ အဓိက စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်သွားဖို့ရှိပြီး အဲဒီမှာ တပ်ဖွဲ့ဝင်နဲ့ အခြားသောလုံခြုံရေးအရာရှိပေါင်း ၁၀၀၀၀၀ ပါဝင်မယ်လို့လည်း သိရပါတယ်။

အပြန်အလှန်အနေနဲ့ အမေရိကန်ဟာလည်း အရှေ့ပိုင်းမှာရှိတဲ့ နေတိုးမဟာမိတ်နိုင်ငံအချို့မှာ အလှည့်ကျစစ်ရေးလေ့ကျင့်မှုတွေပြုလုပ်ခဲ့ပါတယ်။ နေတိုးမဟာမိတ်အဖွဲ့ဝင်နိုင်ငံတွေဟာလည်း ဘော်လ်တစ်ပင်လယ်နဲ့ ပင်လယ်နက်တို့မှာ ရေကြောင်း၊ လေကြောင်းနဲ့ ရေအောက်တို့မှာ လေ့ကျင့်မှုတွေကို တိုးမြှင့်လုပ်ဆောင်ခဲ့ပါတယ်။

ရုရှားသမ္မတပူတင်ကလည်း ရုရှားတပ်ဖွဲ့ကို ခေတ်မီတပ်ဖွဲ့ကြီးဖြစ်အောင်ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးပြုလုပ်ခဲ့ပါတယ်။ ခြေလျင်တပ်တွေနဲ့ တင့်ကားတွေ၊ အမြောက်တွေကို ခေတ်မီအောင်ပြုလုပ်ခဲ့ပါတယ်။

အမေရိကန်စုံစမ်းထောက်လှမ်းရေး အရာရှိတွေဟာ ခရိုင်းမီးယားမှာရှိတဲ့ ရုရှားတို့ရဲ့လှုပ်ရှားမှုတွေကို စောင့်ကြည့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီလိုပါပဲ ဆီးရီးယားမှာရှိတဲ့ ရုရှားတပ်ဖွဲ့ဝင်တွေရဲ့ လှုပ်ရှားမှုအခြေအနေတွေကိုလည်း စောင့်ကြည့်ခဲ့ကြပါတယ်။ အဓိကကတော့ ရုရှားရဲ့နည်းဗျူဟာတွေနဲ့ လက်နက်တွေ၊ ရုရှားတပ်ဖွဲ့ရဲ့စွမ်းဆောင်ရည်တွေကို စောင့်ကြည့်တာပါပဲ။

စစ်အေးကာလမှာ အမေရိကန်ရဲ့ ဥရောပမှာ ပါဝင်မှုဟာ ပိုမိုအရှိန်မြှင့်လာတယ်။ အရင်တုန်းကထက်စာရင် တပ်ဖွဲ့ဝင်အင်အား ပိုတိုးမြှင့်ချထားခဲ့တယ်။ တပ်ဖွဲ့ဝင်တွေဟာ လျင်လျင်မြန်မြန်နဲ့ လက်နက်ကြီးတွေကို သယ်ဆောင်ကာ မိုင်ပေါင်းရာနဲ့ချီပြီး ရွှေ့ပြောင်းနိုင်တယ်။ ပြင်ဆင်မှုတွေဟာလည်း ပိုမိုပြီး အားကောင်းလာခဲ့တယ်။

စစ်ရေးလေ့ကျင့်မှုတွေအတွက် ကုန်ကျစရိတ်ကတော့ ဒေါ်လာသန်းလေးဆယ်ပဲဖြစ်ပါတယ်။ ယခုနှစ်အတွင်းမှာ လေ့ကျင့်မှုတွေ အကြီးအကျယ်ပြုလုပ်ခဲ့တာဖြစ်ပြီး တပ်ဖွဲ့ဝင် ၁၀၀၀ ကျော်ဟာ ရာပေါင်းများစွာသော ယာဉ်များနှင့် ဥရောပတစ်ဝန်း မိုင်ပေါင်း ၁၂၀၀ ခန့်ကို ဖြတ်ကျော်ခဲ့ပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင်တွေနဲ့ သူတို့ရဲ့စစ်လက်နက်ပစ္စည်းတွေကို ပုံပြောင်းရုပ်ဖျက်မှုတွေ၊ တန် ၆၀ ခန့် လေးတဲ့တင့်ကားတွေ မြစ်ကိုဖြတ်ဖို့ ယာယီတံတားထိုးတာတွေနဲ့ လျှပ်တစ်ပြက်တိုက်ခိုက်မှုတွေကို ရင်ဆိုင်နိုင်အောင် လေ့ကျင့်တာတွေကို ပြုလုပ်ခဲ့ကြပါတယ်။

အရှေ့ဥရောပနိုင်ငံတွေရဲ့ တပ်ဖွဲ့တွေဟာ ယခုအချိန်ထိတိုင်အောင် ရုရှားလုပ်စစ်လက်နက်ပစ္စည်းတွေကို ကိုင်ဆောင်ဆဲပါပဲ။ ဒီလိုမျိုးစစ်ရေးလေ့ကျင့်မှုကနေ အမေရိကန်နဲ့ အနောက်ဥရောပနိုင်ငံတွေကို ယုံကြည်မှုတွေ ပိုတိုးစေပါတယ်။ အမေရိကန်ရဲ့နောက်မှာ မဟာမိတ်တွေရှိတယ်ဆိုတာ ပိုပြီးခိုင်မာစေပါတယ်။

ယခုချိန်မှာတော့ တပ်ဖွဲ့ဝင် ၂၂၀၀ နဲ့ ရဟတ်ယာဉ် ၈၀ ကျော်ကို ကြီးကြပ်ကွပ်ကဲနေရတဲ့ အမေရိကန်ဗိုလ်မှူးကြီး ဂေးလ်က အဓိကစိန်ခေါ်မှုကတော့ အသစ်ဝင်လာတဲ့ တပ်ဖွဲ့ဝင်တွေကို အကောင်းဆုံးနေရာချထားပြီး လျင်လျင်မြန်မြန် တိုက်ခိုက်နိုင်ဖို့ ပြင်ဆင်ဖို့ပါပဲလို့ ပြောပါတယ်။ သူ့ရဲ့တပ်ဖွဲ့ဝင် ၄၀ ရာခိုင်နှုန်းခန့်ဟာ အောက်တိုဘာလကတည်းက ပြောင်းလဲမှုတွေ ပြုလုပ်ခဲ့ပါတယ်။ နေရာတိုင်း အချိန်တိုင်းမှာလည်း အဆင်သင့်ဖြစ်နေဖို့လိုအပ်တယ်လို့လည်း သူကပြောပါတယ်။

အသက် ၄၅ နှစ်အရွယ်ရှိတဲ့ ဗိုလ်မှူးအီလစ်ကတော့ ဗိုလ်မှူးဂေးလ်ရဲ့အတန်းဖော်ဖြစ်ပြီး စက်တင်ဘာလ ၁၁ ရက် တိုက်ခိုက်မှုအပြီးမှာတော့ သူဟာ အာဖဂန်နစ္စတန်မှာ အထူးတပ်ဖွဲ့ကို တပ်ဖြန့်ချထားရာမှာ အဓိက ကိုင်တွယ်မှုတွေကို ပြုလုပ်ခဲ့ပါတယ်။ ဗိုလ်မှူးဂေးလ်ကတော့ အစွန်းရောက် စစ်သွေးကြွတွေကို တိုက်ခိုက်နှိမ်နင်းတဲ့ တပ်ဖွဲ့တွေ ကိုင်တွယ်ရသူပါ။ ဗိုလ်မှူးအီလစ်ဟာ အခုချိန်မှာတော့ တပ်ဖွဲ့ဝင် ၄၈၀၀ ကို ဦးစီးရပြီး တိုက်ခိုက်ရေးယာဉ် ၃၃၀ ကိုလည်း စီမံခန့်ခွဲရသူဖြစ်ပါတယ်။ သူ့ရဲ့တပ်ဖွဲ့တွေကို ဂျာမနီကနေ ဘူဂေးရီးယားအထိ လေ့ကျင့်မှုတွေပြုလုပ်ခဲ့ပြီး ဒေသခံပြည်သူတွေနဲ့လည်း ဆက်ဆံမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဘာကြောင့် ဒီလိုမျိုးပူးပေါင်းစစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်နေရတာလဲဆိုတာကိုပါ ဒေသခံတွေ နားလည်သဘောပေါက်အောင် ရှင်းပြခဲ့ပါတယ်။

အခုချိန်မှာတော့ အမေရိကန်ရဲ့စိတ်ဝင်စားမှုဟာ အီရတ်နဲ့ အာဖဂန်နစ္စတန်တို့ထက် အရှေ့ဥရောပမှာ စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်ဖို့ကို ပိုပြီးစိတ်ဝင်စားနေပါတယ်။ ဒါပေမယ့် အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ အီရတ်နဲ့ အာဖဂန်နစ္စတန်တို့ရဲ့ နယ်မြေတွေမှာ အသားကျခဲ့တော့ ပတ်ဝန်းကျင်အသစ်နဲ့ အသားကျအောင် လုပ်ဆောင်ရဦးမှာပါ။ အမေရိကန်နဲ့ နေတိုးတပ်ဖွဲ့ဝင်တွေဟာ ရုရှားကို ရင်ဆိုင်ဖို့အတွက် ဘော်လ်တစ်ဒေသမှာ စစ်ရေးပူးပေါင်းလေ့ကျင့်မှုတွေ လုပ်ဆောင်နေပါတယ်။ ဒါဟာ စစ်အေးတိုက်ပွဲရဲ့ ရိုက်ခတ်မှုတွေလို့ပဲ ဆိုရမှာပါ။

**(ကိုးကား-နယူးယောက်တိုင်းမ်)**

**အမေရိကန်နဲ့ မဟာမိတ်တပ်ဖွဲ့ဝင် ၂၅၀၀၀ ဟာ ၁၀ ရက်ကြာ စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဟန်ဂေရီ ရိုမေးနီးယားနှင့် ဘူဂေးရီးယားတို့မှာ လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့တာပဲ ဖြစ်ပါတယ်။ အဲဒီမှာ တပ်ဖွဲ့ခေါင်းဆောင်တွေဟာ ရုရှားတပ်ဖွဲ့တွေနဲ့ ရင်ဆိုင်ဖို့အတွက် နည်းလမ်းအသစ်တွေ၊ ဗျူဟာအသစ်တွေနဲ့ လေ့ကျင့်ကြပါတယ်။ အဲဒီလို လေ့ကျင့်တဲ့အခါမှာလည်း လေထီးခုန် တပ်သားရာပေါင်းများစွာဟာ ညအချိန်မှာ တိုက်ပွဲဝင်ဆင်နွှဲဖို့ရာ ပါဝင်လေ့ကျင့်ခဲ့ကြပါတယ်**

## ဗီယက်နမ်၌ အွန်လိုင်းဖြင့် ဆင်ဆာလုပ်ငန်းဆောင်ရွက်မည်

ဟန္နိုင်း ဩဂုတ် ၉

လာမည့် ၂၀၃၀ခုနှစ်မတိုင်မီတွင် ပြုလုပ်သွားမည့် ဆိုက်ဘာရာဇဝတ်မှုကျူးလွန်ခြင်းကို ကာကွယ်ရေးမြှင့်တင်မှုစီမံချက်၏ တစ်စိတ်တစ်ပိုင်းနေဖြင့် ပိတ်ဆို့မှု၊ စုစည်းမှုနှင့် အင်တာနက်ပေါ်တွင် သတင်းအချက်အလက်လိမ်လည်မှုဖြစ်စဉ်များကို ဖော်ထုတ်မည့် ဆော့ဖ်ဝဲပါရှိသည့် အွန်လိုင်းဆင်ဆာစနစ်ကို ဗီယက်နမ်နိုင်ငံ၌ မကြာမီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆင်ဆာစနစ်၌ သတင်းအချက်အလက်လိမ်ညာဖော်ပြသည့် ဝက်ဘ်ဆိုက်များအား ကွန်ပျူတာများကလက်ခံခြင်း တားဆီးပေးမည့်ဆော့ဖ်ဝဲနှင့် မသမာသူများက ဆိုက်ဘာရာဇဝတ်မှုကျူးလွန်မည့်နည်းလမ်းများကို စိစစ်သွားမည့် စုံစမ်းစစ်ဆေးရေးစနစ်ကို အဆင့်မြှင့်တင်ထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

(၁) သတ်မှတ်သည့် ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) သတ်မှတ်သည့် ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့် ပတ်သက်သည့် ရှင်းလင်းချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် လိုအပ်ချက်များ အားလုံးကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့် ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအတွက် အကြောင်းပြချက်များကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုမှာ မရည်ရွယ်ဘဲ ဖြစ်ပေါ်ခဲ့ကြောင်း မှတ်ပုံတင်အရာရှိက တွေ့ရှိခြင်း၊

(၅) အခကြေးငွေ ပေးသွင်းပြီးဖြစ်ခြင်း။

(ခ) အယူခံတင်သွင်းထားသည့် ကာလအတွင်း ပုဒ်မခွဲ (က)အရ လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေး ပြန်လည်ပေးအပ်ရန် တောင်းဆိုလာလျှင် မှတ်ပုံတင်အရာရှိက ဆိုင်းငံ့ထားရမည်။

၂၂။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) အမှတ်တံဆိပ်လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက စွန့်လွှတ်ပြီးသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က) အရ ပြန်လည်လျှောက်ထားလာလျှင် အဆိုပါ တောင်းဆိုချက်ကို စိစစ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၀၊ ပုဒ်မ ၁၄ တို့နှင့်ညီညွတ်သော လျှောက်ထားချက်ကို အများပြည်သူ သိရှိစေရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန်အလို့ငှာ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန် ကြေညာရမည်။

၂၃။ အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ ရက်အတွင်း ဤဥပဒေပါ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တွင် ဖော်ပြထားသော အကြောင်းပြချက် တစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

၂၄။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၂၅။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းခြင်းမရှိပါက အဆိုပါ အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာတင်သွင်းလာပါက ကန့်ကွက်ချက်ကို ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စစ်ဆေးပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) မှတ်ပုံတင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူသို့ ထုတ်ပေးရမည်။

၂၆။ အမှတ်တံဆိပ်ပိုင်ရှင်သည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ် မူရင်း ပျက်စီးသို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထပ်မံထုတ်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန်သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၇။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)ပါ လျှောက်ထားချက်ကို စိစစ်ပြီး အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ် မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ခ) ပါလျှောက်ထားချက်ကို စိစစ်ပြီးပြင်ဆင်ခွင့်ပေးနိုင်သည်။

### အခန်း(၉)
### ဦးစားပေးအခွင့်အရေး

၂၈။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် ပြည်ပတွင် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားချက်၌ ပါဝင်သည့် ထပ်တူညီ သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် တူညီသော အမှတ်တံဆိပ်ကို ပထမ လျှောက်ထား သည့် နေ့ရက်မှ ခြောက်လအတွင်း ဦးစီးဌာနသို့ အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားလျှင် ဦးစားပေး အခွင့်အရေး ခံစားရမည်။

၂၉။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာနိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် အမှတ်တံဆိပ်နှင့် ထပ်တူညီသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ စတင်ခင်းကျင်းပြသခဲ့သည့် နေ့ရက်မှ ခြောက်လအတွင်း ဦးစီးဌာနသို့ အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထားလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေး အခွင့်အရေး ခံစားရမည်။

၃၀။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၂၈ အရလျှောက်ထားသည့် နေ့ရက်မှစတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

### အခန်း(၁၀)
### မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်း

၃၁။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ မှတ်ပုံတင်သက်တမ်းသည် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်မှစ၍ ၁၀ နှစ်ဖြစ်သည်။ မှတ်ပုံတင်သက်တမ်း ၁၀ နှစ် ကုန်ဆုံးပြီးနောက် တစ်ကြိမ်လျှင် ၁၀ နှစ်စီဖြင့် သက်တမ်းတိုးနိုင်သည်။

၃၂။ အမှတ်တံဆိပ်ပိုင်ရှင်သည် မှတ်ပုံတင်သက်တမ်းကာလကို တိုးလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မှတ်ပုံတင်သက်တမ်းကာလကုန်ဆုံးမည့် နေ့ရက်မတိုင်မီ ခြောက်လအတွင်း မှတ်ပုံတင်သက်တမ်းတိုးပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်း၍ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက်လျှောက်ထားခြင်းဖြစ်ပါက အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း လျှောက်ထားခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားသည့်အခါ သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၃၃။ မှတ်ပုံတင်အရာရှိသည်-

(က) သတ်မှတ်ချက်နှင့်ညီညွတ်သော မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို ခွင့်ပြုရမည်။ မှတ်ပုံတင်သက်တမ်းတိုးခြင်းသည် ယခင်မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(ခ) မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို စစ်ဆေး၍ သတ်မှတ်ချက်နှင့် ညီညွတ်ပါက ၁၀ နှစ် သက်တမ်းတိုးပေးပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် အခကြေးငွေ ပေးသွင်းခြင်းတို့ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ဃ) မှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက် အခကြေးငွေကို အထူးအခွင့်အရေးအဖြစ် ပေးသော ခြောက်လအတွင်း အမှတ်တံဆိပ်ပိုင်ရှင်က ပေးသွင်းခြင်းမရှိလျှင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းမှ ရုပ်သိမ်းရမည်။

(င) ရုပ်သိမ်းသွားသည့် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းမှ ရုပ်သိမ်းကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

### အခန်း(၁၁)
### မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ

၃၄။ အမှတ်တံဆိပ်ပိုင်ရှင်သည် အခန်း(၁၀) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက မှတ်ပုံတင်သက်တမ်းကာလအတွင်း ဤအခန်းပါ မှတ်ပုံတင်ထားသော အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၃၅။ အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ်-

(၁) သဘောတူညီချက်မရှိဘဲ အခြားသူတစ်ဦးက ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကိုထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူကို ထင်ယောင်ထင်မှား ဖြစ်စေပါက ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

**ရှင်းလင်းချက်။** ။ ထပ်တူဖြစ်သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် ထပ်တူဖြစ်သော အမှတ်အသားကို အသုံးပြုခြင်းဖြစ်ပါက ထင်ယောင်ထင်မှား ဖြစ်စေသည်ဟု မှတ်ယူရမည်။

(၂) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သူအား ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့် ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားစွဲဆိုခွင့်ရှိသည်။

(၃) အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် ယင်း၏ သဘောတူညီချက်မရှိဘဲ ကုန်သွယ်မှုပြုရာတွင် အသုံးပြုခြင်းကို ကာကွယ်တားဆီးခွင့်ရှိသည် -

(ကက) မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်နေခြင်း၊

(ခခ) ယင်းအမှတ်တံဆိပ်ပိုင်ရှင်၏အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း။

(ခ) အခန်း (၁၂) နှင့် အခန်း (၁၃) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

၃၆။ အမှတ်တံဆိပ်ပိုင်ရှင်သည် အခြားသူတစ်ဦးဦးက စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်းများ အတွက် အောက်ပါတို့နှင့် စပ်လျဉ်း၍ သဘောရိုးဖြင့် အသုံးပြုဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခွင့်မရှိစေရ -

(က) ပိုင်ရှင်၏ ကိုယ်ပိုင်အမည် သို့မဟုတ် နေရပ်လိပ်စာ၊

(ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ ဆက်စပ်သောအကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့် အချိန်ကာလ သို့မဟုတ် အခြားသော လက္ခဏာများကို ဖော်ပြသည့် ညွှန်းပြချက်များ၊

(ဂ) ကုန်ပစ္စည်းကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ အသုံးပြုရန် ရည်ရွယ်သည့် ဖော်ပြချက်၊ အထူးသဖြင့် တွဲဖက်သုံးပစ္စည်းများ သို့မဟုတ် အပိုပစ္စည်းများ၏ အသုံးပြုရန် ရည်ရွယ်သည့် ဖော်ပြချက်။

၃၇။ အမှတ်တံဆိပ်ပိုင်ရှင်သည် ယင်းကိုယ်တိုင်က ဖြစ်စေ၊ ယင်း၏သဘောတူညီချက်ရရှိသူကဖြစ်စေ ပေးပို့ထား၍ ဈေးကွက်တွင် ရောက်ရှိနေသော ကုန်ပစ္စည်းများ၌ ယင်း၏ အမှတ်တံဆိပ်ကို အသုံးပြုခြင်းအား တားမြစ်ပိတ်ပင်ခွင့်မရှိစေရ။

၃၈။ ပုဒ်မ ၃၇ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ အမှတ်တံဆိပ်ပိုင်ရှင်သည် ကုန်ပစ္စည်းများကို ဈေးကွက်သို့ တင်သွင်းပြီးနောက် ယင်းကုန်ပစ္စည်း၏ အခြေအနေပြောင်းလဲသွားလျှင် သို့မဟုတ် ပျက်စီးယိုယွင်းသွားလျှင် ယင်းကုန်ပစ္စည်းအား ဆက်လက်ရောင်းချခြင်းကို တည်ဆဲဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်နိုင်သည်။

### အခန်း(၁၂)
### အမှတ်တံဆိပ်အခွင့်အရေးများကို လွှဲပြောင်းခြင်း

၃၉။ (က) အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကို ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ဆိုင်မှုကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၄၀။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က)အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ အမှတ်တံဆိပ်ပိုင်ရှင်က ဖြစ်စေ၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ခ) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် တောင်းဆိုလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူ သိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၁။ အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက် သို့မဟုတ် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် တောင်းဆိုချက်သည် သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိရမည်။

၄၂။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှုမရှိစေရ။

### အခန်း(၁၃)
### မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်း

၄၃။ အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ၊ ယင်း၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို အသုံးပြုရန်အတွက် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

၄၄။ အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့သည် ခွင့်ပြုချက် စာတမ်းအမှတ်အသား မိတ္တူမှန်နှင့်အတူ သတ်မှတ်သည့်အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၄၅။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၄ အရ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၆။ အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့က မှတ်ပုံတင်အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိက မှတ်တမ်းမှပယ်ဖျက်ပြီး ယင်းသို့ပယ်ဖျက်ကြောင်း အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၇။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းသည် အကျိုးသက်ရောက်မှုမရှိစေရ။

### အခန်း(၁၄)
### အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်းကြေညာခြင်းနှင့် ပယ်ဖျက်ခြင်း

၄၈။ (က) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ တောင်းဆိုချက်အရ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မကိုက်ညီသော အမှတ်တံဆိပ်ဖြစ်ကြောင်း သို့မဟုတ် ပုဒ်မ ၁၀ ပါ ငြင်းပယ်ရန် ခိုင်လုံသည့် အကြောင်းပြချက် တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့် မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထားခိုင်လုံလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၁၀)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**ဒယဉ့်တိုက်ပါခြင်း**

မည်သည့် မော်တော်ကားအမျိုးအစား၌မဆို အများဆုံးတင်ဆောင်နိုင်သည့် ဝန်အလေးချိန်(Payload)ကို တပ်ဆင်ထုတ်လုပ်စဉ်ကတည်းက မော်တော်ယာဉ် အင်ဂျင်နီယာတို့က သတ်မှတ်ပေးလိုက် ကြသည်။ ထိုကဲ့သို့ သတ်မှတ်ပေးလိုက်သော ဝန်အလေးချိန်ထက် ကျော်လွန်အောင် တင်ဆောင်မောင်းနှင်သည့်အခါမျိုး၌လည်း အခြေအနေတစ်ရပ်သို့အရောက်တွင် ဒယဉ့်တိုက်ပါသွားနိုင်ခြေရှိနေသည်။ မြန်နှုန်းမြင့်မောင်းနှင်သည့်အခါ၊ အရှိန်ဖြင့်ကွေ့သည့်အခါ၊ လမ်းကွေ့လမ်းကောက်များ၌ ရှေ့မှယာဉ်တန်းကိုကျော်တက်ရန် အရှိန်မြှင့်သည့်အခါမျိုးများ၌ ခွင့်ပြုချက်ထက်ပိုနေသော ဝန်ထုပ်ဝန်ပိုးကြောင့် ဒယဉ့်တိုက်ပါသွားနိုင်ခြင်းဖြစ်သည်။



ထိုသို့သောအကြောင်းများကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ဒယဉ့်တိုက်ပါသွားနိုင်ခြင်းကို မော်တော်ယာဉ်အင်ဂျင်နီယာတို့က ကြိုတင်စဉ်းစား မျှော်လင့်ထားကြရသည်။ မလွှဲမရှောင်သာသော အကြောင်းများကြောင့် မော်တော်ကားမှန်သမျှတွင် ဒယဉ့်တိုက်ပါသွားနိုင်ခြေများ အသီးသီးရှိနေကြသည်ဖြစ်ရာ မော်ဒယ်အသစ်ကားတစ်စီးကိုထုတ်လုပ်ရန် စဉ်းစားသုံးသပ် တွက်ချက်ကြသည့်အခါ ဒယဉ့်တိုက်ပါသွားနိုင်ခြေ၏ အမြင့်ဆုံးအဆင့်နှင့် အဆိုးဆုံးအခြေအနေများအထိ ကျယ်ကျယ်ပြန့်ပြန့်လေးလေးနက်နက်တွက်ချက်ကာ အဖြေထုတ်ကြရသည်။

မော်တော်ကားမော်ဒယ်သစ်တစ်မျိုးကို ထုတ်လုပ်ရန်အတွက် ပုံစံကြမ်းရေးဆွဲခြင်းမပြုရသေးမီကတည်းကပင် ဒယဉ့်တိုက်ပါသွားစေနိုင်သော အထက်ဖော်ပြပါအကြောင်းရင်းတစ်ခုချင်းစီနှင့် ယင်းတို့ကြောင့် ဖြစ်ပွားနိုင်ခြေများကို အတတ်နိုင်ဆုံးလျှော့ချရန် ကြိုးပမ်းဆောင်ရွက်ကြရသည်။ တစ်နည်းဆိုရသော် အကြောင်းရင်းတစ်ခုချင်းစီအလိုက် ဖြစ်လာနိုင်ဖွယ်ရှိနေသောအန္တရာယ်ကို လျော့ပါးသက်သာစေမည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရသည်။

သုတေသနပြုလုပ်မှုရလဒ်များကို အခြေခံလျက် ဖရိမ်နှင့် ကားကိုယ်ထည်ပုံစံကိုအတည်ပြုရေးဆွဲခြင်း၊ ကုတ်အားထိန်းစနစ်များ ထည့်သွင်းခြင်း၊ ဘရိတ်စနစ်တစ်ခုလုံးကို ပုံစံသစ်ရေးဆွဲခြင်း၊ ဝန်ပိုတင်ဆောင်နိုင်မှုကို ရာခိုင်နှုန်းတစ်ရပ်အထိ ခံနိုင်ရည်ရှိအောင်တွက်ချက်ခြင်း၊ Wheel Base နှင့် Trad စသည့် ဘီးများ၏ အကွာအဝေးအား ချိန်ညှိတွက်ချက်ခြင်း စသည်တို့ကို ကျွမ်းကျင်ပညာရှင်များစွာဖြင့် အင်တိုက်အားတိုက် လုပ်ဆောင်ကြရသည်။

ယင်းကဲ့သို့ မော်တော်ယာဉ်ထုတ်လုပ်မှု အင်ဂျင်နီယာပညာဆိုင်ရာ သုတေသနများစွာနှင့် တွက်ချက်မှုပေါင်းများစွာတို့ကို စနစ်တကျ လုပ်ဆောင်လာနိုင်သည်နှင့်အမျှ ယနေ့ခေတ်ပေါ်ကားများအဖို့ မောင်းနှင်အသုံးပြုသည့်အခါ ဒယဉ့်တိုက်ပါသွားနိုင်ခြေမှာ ကျေနပ်ဖွယ်ကောင်းလောက်အောင်ပင် လျော့ပါးသက်သာသွားခဲ့ကြပြီဖြစ်သည်။

**တိမ်းမှောက်နိုင်ခြေ**

မော်တော်ကားတစ်စီးအနေဖြင့် မောင်းနှင်သွားလာနေရင်း ကြုံတွေ့ရနိုင်သည့်အန္တရာယ်များထဲတွင် တိမ်းမှောက်မှုသည် အသက်အန္တရာယ်နှင့်နီးကပ်သောကြီးမားသည့် အန္တရာယ်တစ်မျိုးဖြစ်သည်။ လမ်းချော်မှုကြောင့် တိမ်းမှောက်ခြင်း၊ ယာဉ်တိုက်မှုကြောင့် တိမ်းမှောက်ခြင်း၊ စတီယာရင်စနစ် ချွတ်ယွင်းမှုကြောင့် တိမ်းမှောက်ခြင်း၊ ဆိုင်းထိန်းပစ္စည်းများ ပြုတ်ထွက်ပြတ်ထွက်မှုကြောင့် တိမ်းမှောက်ခြင်း၊ ဘီးနတ်များ ပြုတ်ထွက်ပြတ်ထွက်မှုကြောင့် တိမ်းမှောက်ခြင်း၊ ရှေ့တာယာပွင့်ထွက်မှုကြောင့် တိမ်းမှောက်ခြင်း၊ မညီညာသော လမ်းမျက်နှာပြင်ကြောင့် တိမ်းမှောက်ခြင်း၊ ထရပ်ကားများအဖို့ ဖရိမ်နှင့် ဝန်တင်ကိုယ်ထည်အကြား တွယ်ဆက်ထားသောနတ်နှင့်ဘရက်ကက်များ ပြုတ်ထွက်ပြတ်ထွက်မှုကြောင့် တိမ်းမှောက်ခြင်း၊ ဝန်ပိုတင်ဆောင် မောင်းနှင်မှုကြောင့် တိမ်းမှောက်ခြင်း၊ တင်ဆောင်ထားသည့် ကုန်စည်များပြုတ်ကျမှုကြောင့် တိမ်းမှောက်ခြင်းစသည့် အမျိုးမျိုးသော တိမ်းမှောက်မှုများသည် မော်တော်ကားလောက၌ နေ့စဉ်ဖြစ်ပျက်နေသော မတော်တဆမှုများပင် ဖြစ်ကြသည်။

အကြောင်းအမျိုးမျိုးကြောင့် လမ်းချော်မှုဖြစ်ပေါ်သည့်အခါ ကားတစ်စီးလုံးဒယဉ့်တိုက်ပါသွားရာမှ ဟန်ချက်ပျက်ပြီး တိမ်းမှောက်မှုအထိပင် ဖြစ်ပွားတတ်သည်။ ယာဉ်အချင်းချင်း တိုက်မိခြင်း၊ ယာဉ်နှင့် သစ်ပင်၊အုတ်ခုံစသည်တို့ တိုက်မိခြင်း၊ ယာဉ်က အဆောက်အအုံနှင့် တံတားလက်ရမ်းများအား တိုက်မိခြင်း၊ လမ်းလယ်အတားအဆီး ကွန်ကရစ်တုံးများကိုတိုက်မိခြင်း စသည်တို့ကြောင့်လည်း ဟန်ချက်ပျက်ကာ တိမ်းမှောက်တတ်သည်။

မော်တော်ကား၌ တပ်ဆင်ထားသည့် စတီယာရင်စနစ်တွင် ပါဝင်ဖွဲ့စည်းထားသောလက်ရုံးမောင်းတံ(Arm)ပြုတ်ထွက်ခြင်း၊ သံမဏိဘောလုံး ကျွံထွက်ခြင်း၊ အသွားလိမ်ဂီယာ(Worm Gear)ပျက်စီးခြင်း စသော ချွတ်ယွင်းချက်များသည်လည်း မော်တော်ကားကို ထိန်းချုပ်မှုကင်းမဲ့စေကာ ထိုမှတစ်ဆင့် ဟန်ချက်ပျက်ပြီး တိမ်းမှောက်စေနိုင်သည့် အကြောင်းရင်းများ ဖြစ်လာနိုင်သည်။

Suspension ခေါ် ဆိုင်းထိန်းပစ္စည်းများဖြစ်ကြသည့် လေးထပ်၊ ကွိုင်စပရင်၊ တိုးရှင်းဘား၊ လိပ်ပြာတန်း၊ လက်ရုံးမောင်းတံ၊ ဘောဂွိုင့်စသည့် စက်ပစ္စည်းအစိတ်အပိုင်းများ ပြုတ်ထွက်ပြတ်ထွက်သွားခဲ့လျှင်လည်း ချက်ချင်းဆိုသလို ဟန်ချက်ပျက်ယွင်းပြီး တိမ်းမှောက်မှုဖြစ်ပွားနိုင်သည်။

မော်တော်ကားဘီးခွေများကို မောင်းဝင်ရိုး(Drive Shaft)နှင့် ထိစပ်တွယ်ဆက်ထားသည့် ဘီးနတ်များနေရာတွင် နတ်တိုင်များပြုတ်ထွက်ခြင်း၊ နတ်ခေါင်းများကွဲထွက်ခြင်း၊ လျော့ရဲနေသောနတ်ခေါင်းများ ကျွတ်ထွက်ခြင်း စသည်တို့ကြောင့်လည်း အရှိန်ပြင်းစွာလည်ပတ်နေသည့် မော်တော်ကားဘီး၏ လည်ပတ်ရွေ့လျားမှုလမ်းကြောင်းကို သွေဖည်စေကာ တိမ်းမှောက်မှုဖြစ်ပွားနိုင်သည်။

တစ်ခါတစ်ရံ မော်တော်ကားကို အရှိန်ပြင်းပြင်းမောင်းနှင်နေရင်း မမျှော်လင့်ဘဲ ရှေ့ဘီးတာယာ ပွင့်ထွက်သွားမှုကြောင့်လည်းကောင်း၊ တာယာနှုတ်ခမ်းသားများကွဲအက်ပျက်စီးကာ ဘီးခွေနှုတ်ခမ်းမှ ကျွတ်ထွက်သွားမှုကြောင့်လည်းကောင်း ဆိုးရွားစွာဟန်ချက်ပျက်ပြီး တိမ်းမှောက်မှု ဖြစ်ပွားတတ်သည်။

အချို့သောကားလမ်းများသည် စနစ်တကျဖောက်လုပ်ထားခြင်း မရှိခဲ့သောကြောင့်လည်းကောင်း၊ ရေတိုက်စားခံရမှုကြောင့်လည်းကောင်း၊ လမ်းပုခုံးသားများနိမ့်ဝင်ကျွံကျမှုကြောင့်လည်းကောင်း၊ ကားလမ်းအောက်ခံမြေသားများ ကြွခိုင်မှုကျဆင်းသွားခြင်းကြောင့်လည်းကောင်း၊ ဝန်တင်ကားကြီးများနှင့် ယန္တရားတင်ယာဉ်ကြီးများ မကြာခဏ ဖြတ်သန်းမောင်းနှင်မှုကြောင့်လည်းကောင်း၊ ပြုပြင်ထိန်းသိမ်းမှုမရှိဘဲ ကာလကြာရှည်စွာ အသုံးပြုနေခြင်းများကြောင့်လည်းကောင်း လမ်းမျက်နှာပြင်၌ လှိုင်းများ၊ ချိုင့်နှင့် ကျင်းများ၊ အဖုအထစ်များ အများအပြားဖြစ်ပေါ်နေလေ့ရှိသည်။ ထိုကဲ့သို့သောလမ်းများပေါ်၌ လမ်းအခြေအနေအပေါ်မူတည်ပြီး ချိန်ဆမောင်းနှင်ခြင်းမရှိဘဲ အလျင်စလို မောင်းနှင်မိမှုများကြောင့်လည်း မော်တော်ကားဟန်ချက်ပျက်ကာ တိမ်းမှောက်မှုဖြစ်ပွားတတ်သည်။

ကုန်စည်အများအပြား တင်ဆောင်မောင်းနှင်ကြရသော ထရပ်ကားကြီးများတွင် ဝန်တင်ကိုယ်ထည်နှင့် ဖရိမ်တို့ကို ဧရာမ သံဘရက်ကက်နှင့် နတ်များကိုအသုံးပြုကာ တင်းကြပ်စွာ တွယ်ဆက်ပေးထားရသည်။ ယင်းကဲ့သို့ တွယ်ဆက်ပေးထားသော ဘရက်ကက်နှင့် နတ်များ ကျိုးပဲ့ခြင်း၊ အရစ်ပြုန်းနေခြင်း၊ နတ်ခေါင်းများ ကွဲထွက်နေခြင်း၊ အရည်အသွေးစံမမီသော ပစ္စည်းများကို အသုံးပြုထားခြင်း စသည်တို့ကြောင့်လည်း ဝန်တင်ကိုယ်ထည်အခြေပျက်ပြီး လှုပ်ရမ်းကာ တိမ်းမှောက်မှုဖြစ်ပွားရလေ့ရှိသည်။

ထို့ပြင် ခွင့်ပြုဝန်တင်အလေးချိန်ထက် ပိုမိုလွန်ကဲများပြားစွာ တင်ဆောင်မောင်းနှင်ကြသော ထရပ်ကားများသည်လည်း ကားအချင်းချင်း အရှောင်အတိမ်းပြုလုပ်စဉ်နှင့် လမ်းကွေ့များ၌မောင်းနှင်စဉ် သိသာစွာဟန်ချက်ပျက်ယွင်းပြီး တိမ်းမှောက်မှုကို ကြုံတွေ့ရတတ်သည်။ ထိုကဲ့သို့သောဖြစ်ရပ်မျိုးကို ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၊ ဆင်းရဲသောနိုင်ငံများနှင့် လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းသော နိုင်ငံများ၌ တွေ့မြင်ရလေ့ရှိသည်။



မည်သို့ပင်ဆိုစေကာမူ မော်တော်ကားတစ်စီးအဖို့ တိမ်းမှောက်မှုဖြစ်ပွားရခြင်းမှာ အဆိုပါကား၏ ကမ္ဘာ့မြေဆွဲအား ဗဟိုချက်အမှတ် (Center of Gravity - CG) သည် ကား၏အောက်ခြေရေိယာပြင်ပသို့ နယ်ကျွံထွက်သွားမှုကြောင့်သာလျှင် ဖြစ်သည်။

သို့ဖြစ်၍ မော်တော်ကား မော်ဒယ်သစ်တစ်မျိုးကို ထပ်မံထုတ်လုပ်တော့မည်ဆိုလျှင် ကား၏ CG အမှတ်သည် အောက်ခြေဧရိယာ ပြင်ပနယ်ပယ်သို့ လွယ်လင့်တကူ ထွက်သွားခြင်းမျိုး မဖြစ်ရလေအောင် နိမ့်ပြီးဝပ်နေသော ဒီဇိုင်းမျိုးကိုသော်လည်းကောင်း၊ ရှေ့ဘီးနှစ်ဘီး၏အကွာအဝေး(Trad)ကို တတ်နိုင်သမျှ ခွာထားပေးခြင်းကိုသော်လည်းကောင်း၊ ကား၏အလေးချိန်နှင့် ထုထည်တို့အပေါ်မူတည်ပြီး ကားရှေ့ဘီးနှင့် နောက်ဘီးတို့၏ အကွာအဝေး(Wheel Base)ကို စနစ်တကျ တွက်ချက်ခြင်းကိုသော်လည်းကောင်း မော်တော်ယာဉ်အင်ဂျင်နီယာတို့က ကြိုးစားပမ်းစား တွက်ချက်လုပ်ဆောင်ကြရခြင်း ဖြစ်သည်။

**ထိခိုက်ပျက်စီးနိုင်ခြေ**

မော်တော်ကားတစ်စီးအဖို့ ထိခိုက်မိသည့်အခါ၌ဖြစ်စေ၊ တိုက်မိသည့်အခါ၌ဖြစ်စေ၊ တိမ်းမှောက်သည့်အခါ၌ဖြစ်စေ အနည်းနှင့်အများဆိုသလို ပျက်စီးမှုများဖြစ်ရလေ့ရှိသည်။ မောင်းနှင်နေချိန် သို့တည်းမဟုတ် ရပ်နားထားချိန်များ၌ အရာဝတ္ထုတစ်စုံတစ်ခုက လာရောက်ထိမှန်ခြင်းနှင့် စက်တပ်ယာဉ်၊ စက်မဲ့ယာဉ်၊ တိရစ္ဆာန်ဆွဲသောယာဉ်၊ အနေးယာဉ်များက ပွတ်တိုက်သွားခြင်းစသည့် ထိခိုက်မှုများ ဖြစ်ပွားသည့်အခါ ယာဉ်ကိုယ်ထည်အခွံ ချိုင့်ဝင်သွားခြင်း၊ ဘမ်ပါများကျိုးပဲ့ခြင်း၊ မှန်များကွဲအက်ခြင်း၊ နောက်ကြည့် မှန်ကိုင်းများ ထိခိုက်ပျက်စီးခြင်း၊ မီးလုံးများအက်ကွဲခြင်း၊ အင်ဂျင်ခန်း လေဝင်ပေါက်ဆန်ခါ (Grille) ကျိုးပဲ့ခြင်းစသော အပေါ်ယံထိခိုက်မှုများ ဖြစ်ပေါ်တတ်သည်။

ကားကို မောင်းနှင်အသုံးပြုနေရင်း သစ်ပင်၊ အုတ်ခုံ၊ ကျောက်တုံး၊ အဆောက်အအုံ စသည်တို့ကို တိုက်မိသည့်အခါ သို့တည်းမဟုတ် မောင်းနှင်နေသော အခြားမော်တော်ကားတစ်စီးကို ထိခိုက်မိသည့် အခါမျိုးနှင့် အခြားမော်တော်ကားတစ်စီးက ဝင်ရောက်တိုက်မိခြင်းကို ခံရသည့်အခါမျိုးများ၌မူ အထက်ဖော်ပြပါ အပေါ်ယံထိခိုက်ပျက်စီးမှုများအပြင် ရေတိုင်ကီအက်ကွဲခြင်း၊ အင်ဂျင်အစိတ်အပိုင်းများ ပျက်စီးခြင်း၊ အရှိန်ပြောင်းစနစ်နှင့် ဆိုင်းထိန်းပစ္စည်းများ ပျက်စီးခြင်း၊ ဖရိမ်အက်ကွဲကွေးကောက်ခြင်း၊ ဘီးများကျွတ်ထွက်သွားခြင်း၊ တာယာများပေါက်ကွဲခြင်း၊ အိပ်ဇောပိုက်များပြုတ်ကျခြင်း၊ တံခါးရွက်များ ပြုတ်ထွက်ခြင်းစသည့် ဆိုးရွားပြင်းထန်သော အတွင်းပိုင်း ထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့ရနိုင်သည်။

တိမ်းမှောက်မှု ဖြစ်ပွားသည့်အခါ၌လည်း ဖြစ်ပွားရမှု အတိမ်အနက်ပေါ်မူတည်ပြီး အလယ်အလတ် ပျက်စီးဆုံးရှုံးမှုမှသည် ကြီးမားသော ပျက်စီးဆုံးရှုံးမှုအထိ ဖြစ်ပေါ်နိုင်သည်။ မြေပြင်ပေါ်တိမ်းမှောက်ခြင်း၊ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခြင်း၊ ချောင်းမြောင်းများအတွင်းသို့ တိမ်းမှောက်ပြုတ်ကျခြင်း၊ တောင်စောင်း၌ တိမ်းမှောက်ပြီး ချောက်ကမ်းပါးအတွင်းသို့ ပြုတ်ကျခြင်းစသည်ဖြင့် အမျိုးမျိုးသော တိမ်းမှောက်မှုပုံစံများသည် မော်တော်ကားတစ်စီးကို ပြန်လည်ပြုပြင်သည့်တိုင် စီးနင်းအသုံးပြု၍ မရနိုင်လောက်အောင်ပင် ပျက်စီးသွားခြင်းမျိုးအထိ ဖြစ်ပွားစေနိုင်သည်။

အစဉ်အလာကြီးမားသော မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီကြီးများသည် ထိုကဲ့သို့သော ထိခိုက်ပျက်စီးနိုင်ခြေများကို ကြိုတင်လေ့လာ သုံးသပ်သိရှိထားကြပြီးဖြစ်သည့်အတွက် မိမိတို့ထုတ်လုပ်မည့် မော်တော်ကားပုံစံအမျိုးမျိုးတို့အနေဖြင့် အပြင်းထန်ဆုံးသော ထိခိုက်မှုများ ဖြစ်ပေါ်လာသည့်တိုင် ပျက်စီးဆုံးရှုံးရမှု အသက်သာဆုံးဖြစ်အောင် ကြိုတင်ကြံဆ စီမံလုပ်ဆောင်ကြလေ့ ရှိကြသည်။ အသစ်ထပ်မံထုတ်လုပ်မည့် မော်တော်ကားတစ်စီးအတွက် ထိခိုက်ပျက်စီးမှု အသက်သာဆုံးဖြစ်အောင် ယာဉ်ကိုယ်ထည်အပြင်ခွံ(Shell) နှင့် အတွင်းဘက်ရှိ အမာခံကိုယ်ထည်အကြား၌ Side Impact Protection နည်းပညာကို အသုံးပြုကာ ပုံစံရေးဆွဲထုတ်လုပ်ကြရသည်။

တစ်စုံတစ်ခုသောအကြောင်းကြောင့် အန္တရာယ်ဖြစ်စေလောက်သော ထိခိုက်မှုမျိုးနှင့် ကြုံတွေ့ရသည့်အခါ ယာဉ်ကိုယ်ထည်အခွံက ဆိုးရွားစွာချိုင့်ဝင်သွားခြင်း မရှိစေရန်လည်းကောင်း၊ အကယ်၍ ယာဉ်ကိုယ်ထည်အခွံ ချိုင့်ဝင်သွားရလောက်အောင် ပြင်းထန်သောထိခိုက်မှု ဖြစ်ပေါ်ပါကလည်း အတွင်းဘက်ရှိ အမာခံကိုယ်ထည်ဆီသို့ သက်ရောက်မှု နည်းပါးစေရန်လည်းကောင်း၊ ထိုမှတစ်ဆင့် ယာဉ်မောင်းသူနှင့် လိုက်ပါစီးနင်းသူခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု လျော့ပါးသက်သာစေရန်လည်းကောင်း၊ အသက်ဆုံးရှုံးရမှုအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက်လည်းကောင်း Side Impact Protection နည်းပညာကို အသုံးချကြရသည်။

အသစ်ထပ်မံထုတ်လုပ်မည့် မော်တော်ကား၏ပုံစံ၊ အရွယ်အစား၊ အတိုင်းအတာနှင့် တပ်ဆင်မည့် အင်ဂျင်စွမ်းအား စသည်တို့အပေါ်မူတည်ပြီး ယာဉ်ကိုယ်ထည် ဘေးပတ်လည် တစ်လျှောက်လုံးတွင် ကြံ့ခိုင်မှုကောင်းစေရန် စနစ်တကျ တွက်ချက်လုပ်ဆောင်ကြရသည်။ ထို့အတူ မော်တော်ကား၌တပ်ဆင်မည့် လေကာမှန်များနှင့် တံခါးမှန်များ၏ အရည်အသွေးကိုလည်း အဆင့်မြှင့်တင် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရသည်။ သာမန်ထိခိုက်မှုဖြစ်ရုံမျှဖြင့် မှန်များမကွဲအက်နိုင်စေရန်နှင့် အကယ်၍ ကွဲအက်ခဲ့ပါကလည်း ယာဉ်မောင်းသူနှင့် ခရီးသည်များကို အန္တရာယ်မဖြစ်စေနိုင်သော အရည်အသွေးမြင့်မှန်များကို ထုတ်လုပ်ပေးကြရသည်။

ထို့အတူ ကားတစ်စီး၏ အဓိက အစိတ်အပိုင်းကြီးဖြစ်သည့် ဖရိမ်ကို ထုတ်လုပ်ရာ၌လည်း ပြင်းထန်သောထိခိုက်မှုဒဏ်ကို အတိုင်းတာတစ်ရပ်အထိ ခံနိုင်ရည်ရှိအောင် စဉ်းစားတွက်ချက်ကြရသည်။ ခံနိုင်ရည်ရှိသည့် အမြင့်ဆုံးသော အနေအထားသို့ ရောက်ရှိသွားသည့်အခါ၌လည်း ဖရိမ်တစ်လျှောက် မည်သည့်နေရာကစတင် ကွေးကောက်သွားနိုင်သည်...ယင်းသို့ ကွေးကောက်သွားမှုကြောင့် ကား၏ မည်သည့်အစိတ်အပိုင်းက စတင်ထိခိုက်ပျက်စီးမည်...ထိုမှတစ်ဆင့် ဆက်စပ်အစိတ်အပိုင်းများကပါ မည်မျှအနေအထားအထိ ပျက်စီးသွားနိုင်သည်ကို ကြိုတင်လေ့လာတွက်ချက်ထားကြရသည်။

မော်တော်ကားတစ်စီး၌ တပ်ဆင်ထားသော စက်ပစ္စည်း အစိတ်အပိုင်းများအနက် ရေတိုင်ကီခေါ် Radiator နှင့် လေအေးစက်စနစ်၌ ပါဝင်သော အပူကွိုင်ခေါ် Condenser များကိုမူ အလွန်ပါးလွှာပြီး ပေါ့ပါးသောသတ္တုများဖြင့် ဖန်တီးပြုလုပ်ထားရသည့် အားလျော်စွာ၊ ထိုစက်ပစ္စည်း အစိတ်အပိုင်းများသည် မော်တော်ကားတစ်စီးလုံး၌ အထိအခိုက်မခံသော၊ ပျက်စီးလွယ်သော၊ ခံနိုင်ရည်အလွန်နည်းသော ပစ္စည်းများပင်ဖြစ်ကြသည်။

စက်နှိုးထားသော အင်ဂျင်ထဲမှ ထွက်လာသောရေပူများက ရေတိုင်ကီ သတ္တုပြွန်နံရံများဆီသို့ စီးကူးခြင်းနည်းလမ်းဖြင့် ပို့လွှတ်လိုက်သောအပူဓာတ်ကို လေထုထဲသို့ ဖြာကူးခြင်းနည်းလမ်းဖြင့် ပို့ဆောင်ပေးနိုင်စေရန်အတွက် ရေဒီယေတာကို အလွန်ပါးလွှာသော သတ္တုပြွန်ချောင်းများဖြင့် ဖန်တီးပြုလုပ် တပ်ဆင်ထားရသလို... လေအေးစက် ကွန်ဒင်ဆာအနေဖြင့်လည်း ပူနေသောဓာတ်ငွေ့များက သတ္တုပြွန်နံရံများဆီသို့ ပို့လွှတ်လိုက်သောအပူဓာတ်ကို လေထုထဲသို့ ဖြာကူးခြင်းနည်းလမ်းဖြင့် ပို့ဆောင်ပေးနိုင်စေရန် အလွန်ပါးလွှာသော သတ္တုဖြင့် ဖန်တီးပြုလုပ်ပေးထားရသည်။ ဤနည်းအားဖြင့် ရေဒီယေတာက ရေ၏ အပူချိန်ကို လျော့ကျသွားစေသလို... ကွန်ဒင်ဆာကလည်း လေအေးစက်ဓာတ်ငွေ့၏ အပူချိန်ကို လျှော့ချပေးရသည်။ ထိုသို့သော ဖွဲ့စည်းတည်ဆောက်ထားပုံကြောင့်ပင် အတန်အသင့်ပြင်းထန်သော ထိခိုက်တိုက်မိမှု တစ်စုံတစ်ရာ ဖြစ်ပေါ်သည့်အခါ ရေဒီယေတာနှင့် ကွန်ဒင်ဆာများက လွယ်လင့်တကူ ကွဲအက်ပျက်စီးကြခြင်း ဖြစ်သည်။



မော်တော်ကားအပါအဝင် ယာဉ်ယန္တရားမှန်သမျှတို့သည် ပြင်းထန်သော ထိခိုက်တိုက်မိခြင်းမျိုးနှင့် ကြုံတွေ့ကြရသည့်အခါ အနည်းနှင့်အများဆိုသလို ပျက်စီးကြရမည်မှာ ဓမ္မတာပင်ဖြစ်သော်လည်း ထိုသို့သော ထိခိုက်မှုအန္တရာယ်ကြောင့် ယာဉ်မောင်းသူနှင့် ခရီးသည်များ အသက်ဆုံးရှုံးရခြင်းမှ တတ်နိုင်သမျှ ကြိုတင်ကာကွယ်စီမံလုပ်ဆောင်ပေးနေကြခြင်းသည် ခေတ်သစ်အရည်အသွေးမြင့် မော်တော်ကားထုတ်လုပ်မှုလုပ်ငန်းစဉ်၏ အရေးကြီးသော အဆင့်တစ်ခုပင် ဖြစ်သည်။ ။

**(ဆက်လက်ဖော်ပြပါမည်)**

# မြိတ်ပြည်သူ့ဆေးရုံ၌ နားရောဂါဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး




**မြိတ် ဩဂုတ် ၉**
မြန်မာ-ထိုင်းချစ်ကြည်ရေး နားရောဂါ အခမဲ့ကုသရေးစီမံချက်ဖြင့် မြိတ်ပြည်သူ့ဆေးရုံ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်အထူးကုဆရာဝန်ကြီးများအဖွဲ့နှင့် ထိုင်းနိုင်ငံမှ Rajavithi ဆေးရုံမှ နားအထူးကုဆရာဝန်ကြီးများအဖွဲ့တို့ ပူးပေါင်း၍ ဒေသခံ နားရောဂါဝေဒနာရှင်များအား မြိတ်ပြည်သူ့ဆေးရုံ၌ ဩဂုတ် ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာအခမဲ့စမ်းသပ်ခြင်းနှင့် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နားရောဂါ အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခြင်း အစီအစဉ်ကို မြိတ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ဖွင့်လှစ်ခဲ့ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး Rajavithi ဆေးရုံဥက္ကဋ္ဌ Manus Potaporn က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် နှစ်နိုင်ငံဆရာဝန်များ အပြန်အလှန်မိတ်ဆက်ကာ နားရောဂါဝေဒနာရှင်များအား စတင်စမ်းသပ်ပေးပြီး လိုအပ်သလိုကုသခြင်းနှင့် ခွဲစိတ်ရမည့်ဝေဒနာရှင်များအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး အနေဖြင့် ဆေးရုံကြီးများနှင့်ဝေးသည့် နေရာနှင့် ချို့တဲ့သည့်သူများကို အဓိက ကုသပေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးအနေဖြင့် နားရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးသည်မှာ မြိတ်မြို့အပါအဝင် (၁၂) ကြိမ်ရှိပြီဖြစ်ကြောင်း Rajavithiဆေးရုံ ဥက္ကဋ္ဌက ပြောသည်။

နားရောဂါဝေဒနာရှင်များအား မြိတ်ပြည်သူ့ဆေးရုံတွင် အခမဲ့စမ်းသပ်ကုသပေးနိုင်ရေးအတွက် ဝေဒနာရှင်များကို ကြိုတင်စာရင်းရယူပြီး တစ်ရက်လျှင် ၁၅၀ ခန့် စမ်းသပ်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း၊ ဩဂုတ် ၇ ရက် နံနက်ပိုင်းက စမ်းသပ်ပေးခဲ့ရာတွင် ခွဲစိတ်ကုသမည့်ဝေဒနာရှင် ၁၇ ဦးရှိကြောင်း ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာချိုနွယ်ဦးက ပြောသည်။

နားရောဂါဝေဒနာရှင်များကို အခမဲ့စမ်းသပ်ကုသပေးရာတွင် ထိုင်းနိုင်ငံ Rajavithi ဆေးရုံဥက္ကဋ္ဌ ဦးဆောင်သော နားအထူးကုဆရာဝန်ကြီး ၂၄ ဦးပါအဖွဲ့နှင့် ရန်ကုန် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း အထူးကုဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ ဒေါက်တာခင်စန်းလွင်နှင့် အထူးကုဆရာဝန်များ၊ မြိတ်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးနှင့် သူနာပြုများပူးပေါင်း၍ ကုသပေးခြင်းဖြစ်ကာ စာရင်းမပေးထားဘဲ လာရောက်ပြသသည့် ဝေဒနာရှင်များကိုလည်း ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ အလှူငွေများလှူဒါန်း



**ရန်ကုန် ဩဂုတ် ၉**
မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၇ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သန်လျင်မြို့နေသူများဖြစ်ကြသော ဦးအောင်ကျော်ဝင်း(ဇမ္ဗူမေတ္တာကုမ္ပဏီ)-ဒေါ်မြသီတာဦး မိသားစုကတတိယအကြိမ် လှူဒါန်းငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်တိုး(ရာဇသောက်ရေသန့်)-ဒေါ်မိုးစန္ဒာထွဏ်း မိသားစုက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များက ငွေကျပ်တစ်သိန်း၊ ဦးကျော်ရွှေ(ခရိုင် ကညနဦးစီးမှူး၊သန်လျင်)က ငွေကျပ်ငါးသောင်း၊ ဦးအောင်သန်းထွဋ်က ငွေကျပ်သုံးသောင်း၊ လင်းကျော်လျှပ်စစ်-သန်လျင်က ငွေကျပ်နှစ်သောင်းတိတိ စုစုပေါင်း လှူဒါန်းငွေကျပ် ငါးသိန်းကို အလှူရှင်များကိုယ်စား ဦးအောင်ကျော်ဝင်းက ပေးအပ်လှူဒါန်းရာ အဖွဲ့နာယကများ၊ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ဘော်ဂါသွေး**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**သံတွဲ ဩဂုတ် ၉**
သံတွဲမြို့နယ်အတွင်း မောင်းနှင်သွားလာနေသည့် ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် တေပါ(သဲတင်မော်တော်ယာဉ်)များအား သတ်မှတ်ကီလိုဖြင့် မောင်းနှင်ရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်မှုကို ဩဂုတ် ၁ ရက်က သံတွဲမြို့အထွက် စစ်ဆေးရေးဂိတ်၊ မြို့တွင်းနှင့်ငပလီမြို့ ဝါးတောင်ကွင်းရပ်ကွက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ပြုလုပ်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် သံတွဲမြို့ အမှတ် (၂၄) ယာဉ်ထိန်း ရဲတပ်ဖွဲ့စု၊ တပ်ဖွဲ့စုမှူး ရဲအုပ်သန်းစိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးဦးစီးဌာန ဦးစီးအရာရှိ ကျော်ငြိမ်းမောင်နှင့် ဝန်ထမ်းများက သံတွဲမြို့နယ်အတွင်းမောင်းနှင်သွားလာနေကြသည့် ယာဉ်များအား သတ်မှတ်ကီလိုဖြင့် မောင်းနှင်ရေးအတွက် အရှိန်နှုန်းတိုင်းကိရိယာစစ်ဆေးပြီး အရှိန်ပြင်းမောင်းနှင်သည့်ယာဉ်များကို ခေါ်ယူသတိပေးခြင်း၊ အသိပညာပေးခြင်း၊ ရှေ့ယာဉ်မှနောက်ယာဉ်ကျော်တက်ရန် မှန်ကန်သော လက်ယာမီးအချက်ပြမီး ပြသကြရန် အသိပညာပေးဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ ယခုကဲ့သို့ပညာပေးဆောင်ရွက်ခြင်းကို ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ပညာပေးကာလအဖြစ် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး စက်တင်ဘာ ၁ ရက်မှစတင်ကာ စည်းကမ်းလိုက်နာမှုမရှိသောယာဉ်များကို စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## သတင်းတိုများ

### စည်းကမ်းမလိုက်နာသည့်ယာဉ်မောင်းများအား ရှောင်တခင်စစ်ဆေးအရေးယူ

တနင်္သာရီမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ရေးကော်မတီနှင့်ရဲတပ်ဖွဲ့ဝင်များ၊ ထွေ/အုပ်ဝန်ထမ်းများ၊ စည်ပင်ကော်မတီဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍စည်းကမ်းမလိုက်နာသည့်ယာဉ်များအား ရှောင်တခင်စစ်ဆေးအရေးယူမှုကို မြို့မရဲစခန်းအရှေ့ မင်္ဂလာကြီးလမ်း၊ မင်္ဂလာငယ်လမ်းနှင့် သုခလမ်းဆုံတို့၌ ဩဂုတ် ၇ ရက်က ဆောင်ရွက်ခဲ့ကြရာ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲမောင်းနှင်သူ ၁၁ ဦးနှင့် သတ်မှတ်မြို့တွင်းတစ်လမ်းသွားစနစ်ကို ပြောင်းပြန်မောင်းနှင်သူ ၁၁ ဦးတို့ကို အရေးယူခဲ့ကြောင်း သိရသည်။ တနင်္သာရီမြို့၌ မြို့တွင်းတစ်လမ်းသွားစံနစ်အတိုင်း သတ်မှတ်ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးတပ်၍စည်းကမ်းလိုက်နာမောင်းနှင်ကြရန်နှင့်အရှိန်ပြင်းစွာမောင်းခြင်း၊ နှစ်ဦးထက်ပို၍တင်ဆောင်ခြင်း၊ ဆိုင်ကယ်အိတ်ဇောဖြုတ်၍မောင်းခြင်း၊ မူးယစ်သောက်စား၍မောင်းခြင်းများကို စစ်ဆေးအရေးယူမှုများ ဆက်လက်ဆောင်ရွက်မည်ဟု သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

### ကလေးငယ်များအတွက်ပုံတူဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့တွင် ကျောင်းသားကျောင်းသူများ တီထွင်ဖန်တီးလိုစိတ်တိုးလာစေရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်တလုံးကြီး အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ ပုံတူဆေးရောင်ခြယ်ပြိုင်ပွဲကို ဩဂုတ် ၅ ရက်က ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးကြီးဒဲရယ်က ပြိုင်ပွဲကျင်းပပေးသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လာရောက်ယှဉ်ပြိုင်ကြသည့်ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခွန်အာကာ(ကျောက်တလုံးကြီး)**

### နယ်လှည့်စာကြည့်တိုက်ကွင်းဆင်းဖွင့်လှစ်ပေး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲကို ဩဂုတ် ၇ ရက်က ချောင်းဆုံကျေးရွာ ရွာဦးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့ကာ ကျောက်ဆည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်စောလွင်က နယ်လှည့်စာကြည့်တိုက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက ကျေးဇူးတင်စကားပြောကြားပြီး ဆက်လက်၍ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်ပြပွဲများကို ပြုလုပ်ခဲ့ပြီး ဒေသခံပြည်သူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**ခင်မောင်လွင်**

# ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သုံးခွမြို့နယ်၌ ပညာပေးဟောပြော

**သုံးခွ ဩဂုတ် ၉**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျောင်းစုပတုပ်ကျေးရွာမှ ဒေသခံပြည်သူများအား ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးမှူးပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၆ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းသန်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာကျော်ကိုကိုခိုင်တို့က ရာသီတုပ်ကွေး H1N1 ၏ လက္ခဏာများ၊ ရောဂါကူးစက်ပုံနှင့် ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး စသည်တို့ကို ရှင်းလင်းဟောပြောကြပြီး ကျေးရွာနေပြည်သူများ၏ ဝက်မွေးမြူရေးခြံများကိုလည်း ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ရောဂါကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရန်နည်းလမ်းများကိုလည်း အသိပညာပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# အာဆီယံ နှစ်(၅၀)ပြည့်အခမ်းအနား အရပ်ဘက်လူ့အဖွဲ့အစည်းများ ကျင်းပ

**ရန်ကုန် ဩဂုတ် ၉**
အာဆီယံအသင်းကြီး တည်ထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြစ်သော Myanmar Civil Societies' Core group on ASEAN နှင့်ညီမျှခြင်း မြန်မာအဖွဲ့တို့ကဦးစီး၍ ရန်ကုန်မြို့စင်ထရယ်ဟိုတယ်၌ ဩဂုတ် ၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အာဆီယံပြည်သူ့ဖိုရမ်မှ ဦးငွေသိန်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးညွှန့်ဆွေတို့က အမှာစကားပြောကြားပြီး ညီမျှခြင်းမြန်မာအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးအောင်မျိုးမင်းက အာဆီယံအဖွဲ့အစည်း ပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အာဆီယံအသင်းကြီးတည်ထောင်သည့်နှစ်(၅၀)ပြည့်အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်သည်။

အဆိုပါ ကြေညာချက်တွင် မြန်မာနိုင်ငံရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံအစိုးရအပါအဝင် အာဆီယံအသင်းဝင်နိုင်ငံများတို့သည် ခွဲခြားဖယ်ထုတ်ခံရသော အုပ်စုများအပါအဝင် အရပ်ဘက်လူ့အဖွဲ့အစည်းများ ကိုယ်စားပြုမှုနှင့် ပါဝင်မှုကို ဦးစားပေးလုပ်ဆောင်ရန်၊ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပေါ်လစီများကိုစဉ်းစားရာတွင် နိုင်ငံတကာလူ့အခွင့်အရေးစံချိန်များကို ထည့်သွင်းစဉ်းစားရန်၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများကို ကာကွယ်ပြီး တည်တံ့ခိုင်မြဲစေမည့် နည်းလမ်းများကို အသုံးပြုရန်၊ လူထု၏ အခြေခံလူမှုဝန်ဆောင်လုပ်ငန်းများတွင် ငွေကြေးပိုမိုသုံးစွဲရန်၊ အမျိုးသမီးများငြိမ်းချမ်းရေးနှင့်လုံခြုံရေးတို့အတွက်စီမံချက်များချမှတ်လုပ်ဆောင်ရန် ၊ ဒေသဆိုင်ရာလူ့အခွင့်အရေးယန္တရားများဖြစ်သည့် အာဆီယံအစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်(AICHR )နှင့် အမျိုးသမီးနှင့် ကလေးအခွင့်အရေးဆိုင်ရာကော်မရှင်(ACWC ) တို့ကိုအားကောင်းလာစေရန်လုပ်ဆောင်ပြီး အရပ်ဘက်အဖွဲ့အစည်းများနှင့် ပိုမိုလက်တွဲလုပ်ဆောင်ရန် တိုက်တွန်းအပ်ပါကြောင်း ဖော်ပြထားသည်။

**အောင်သူရ**



## အသက်(၉၀)နှစ်အထက် ဘိုးဘွားများအား ထောက်ပံ့

**မော်လူး ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စုအတွင်းမှ အသက်(၉၀)နှစ်အထက် ဘိုးဘွားများအား ထောက်ပံ့ငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ဩဂုတ် ၆ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ပေးနေသော အမျိုးသားလူမှုရေးပင်စင်ရ ဘိုးဘွား ငါးဦးအား ဧပြီ၊ မေနှင့် ဇွန်လများအတွက် တစ်ဦးလျှင် လူမှုရေးပင်စင် ကျပ် ၃၀၀၀၀ စီကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ထောက်ပံ့ပေးသော လူမှုရေးပင်စင်ငွေများကို မော်လူးကျေးရွာအုပ်စု လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီက ဘိုးဘွားများထံ အိမ်တိုင်ရာရောက်သွား၍ လက်ဝယ်အရောက် ကန်တော့ပေးအပ်ခဲ့ကြသည်။

မော်လူးကျေးရွာအုပ်စုအတွင်း လူမှုရေးပင်စင်ရ အသက်(၉၀)နှစ်အထက် ဘိုးဘွား ၁၀ ဦးရှိရာ အခြားဘိုးဘွား ငါးဦးအတွက် ထောက်ပံ့ငွေများကိုလည်း ဇွန်လအတွင်းက ပေးအပ်ခဲ့ပြီး ကျေးရွာအုပ်စုအတွင်းမှ ကျန်ရှိနေသေးသော ဘိုးဘွားများကိုလည်း ဆက်လက်စာရင်းကောက်ယူ၍ ထောက်ပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၆၇)

## ဝါးနှီးဖြင့် အသုံးအဆောင်ပစ္စည်းရက်လုပ်ခြင်း သင်တန်းဖွင့်

**ဗန်းမောက် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်ရည်ရွယ်၍ ဒေသထွက်ဝါးနှီးဖြင့် ဒေသအသုံးအဆောင်ပစ္စည်းများ ရက်လုပ်ခြင်း သင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဗန်းမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၇ ရက်က ဖွင့်လှစ်ခဲ့သည်။

ဗန်းမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် ဦးစီးဌာနမှူး ဦးကျော်နန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီဆွေတို့က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်နှင့် သင်တန်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းတွင် နည်းပြဦးအောင်ပြည့်က ဝါးနှီးများဖြင့် ဒေသအသုံးအဆောင်ပစ္စည်း ရက်လုပ်နည်းပညာရပ်များကို သင်တန်းကာလ တစ်လတိတိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်သင်ကြားကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## ရာသီတုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြော

**မိုင်းယန်း ဩဂုတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ်တွင် ရာသီတုပ်ကွေးရောဂါ Influenza A(H1N1)အကြောင်း ဒေသခံပြည်သူများအား အသိပညာပေး ဟောပြောပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ဟော်ကန်ရပ်ကွက်ရှိ ပါကန်ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၄ ရက်က ပြုလုပ်ခဲ့သည်။



ဟောပြောပွဲတွင် မြို့နယ်ဆရာဝန် ဒေါက်တာအောင်အောင်ကျော်က A(H1N1) ရာသီတုပ်ကွေးရောဂါ လက္ခဏာများ၊ ရောဂါပိုးကူးစက်နိုင်ခြေရှိသော အခြေအနေအကြောင်းများကို ဟောပြောပြီး အထက်တန်းသူနာပြု(၁) ဒေါ်နော်ဆာဝါးကြည်က H1N1 တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် ဆင်ခြင်နေထိုင်ပုံများ၊ ရောဂါကာကွယ်နည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် စနစ်တကျလက်ဆေးခြင်း၏ အရေးပါပုံများကို ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက် ဒေသခံပြည်သူများက H1N1 ရောဂါနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းခဲ့ကြပြီး ကျန်းမာရေးဝန်ထမ်းများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## မြောက်ဦးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**မြောက်ဦး ဩဂုတ် ၉**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်တွင်းမှ ဌာနဆိုင်ရာများနှင့် ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့ ဩဂုတ် ၇ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးခင်မောင်ချိုနှင့် မြို့နယ်လေးခုမှ အုပ်ချုပ်ရေးမှူးနှင့် ဒုတိယအုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီးက အမှာစကားပြောကြားကာ မြို့နယ်များအတွင်း တင်ဒါလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ၊ တင်ဒါလုပ်ငန်း၏ ဥပဒေများအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများက တင်ဒါလုပ်ငန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်ချက်များကို တင်ပြဆွေးနွေးကာ ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မော်လူးဒီပင်္ကရာမဟာစေတီ အလယ်ဌာပနာပိတ်ပွဲတော်ကျင်းပ

**အင်းတော် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ(၉) တိုက်နယ်က ကိုးကွယ်ကြသော ဒီပင်္ကရာမဟာစေတီတော်ကြီးအား အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်လျက်ရှိရာ ဒုတိယအဆင့် အလယ်ဌာပနာပိတ်ပွဲကို ဩဂုတ် ၇ ရက်က ကျင်းပခဲ့သည်။



အခမ်းအနားတွင် မော်လူးဒေသ(၉)တိုက်နယ်မှ ဩဝါဒါစရိယဆရာတော်များဖြစ်ကြသည့် မြိုင်သာယာဆရာတော်၊ ဘုရားကြီးကျောင်းတိုက်ဆရာတော်တို့က ဩဝါဒမိန့်ကြားပြီး မန္တလေးမြို့မဟာဂန္ဓာရုံဆရာတော် ဦးဆောင်၍ အင်းတော်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မော်လူးဒေသရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဂေါပက အဖွဲ့ဝင်များက ဌာပနာများကို ဒီပင်္ကရာစေတီတော် မြတ်ကြီးဆီသို့ ပင့်ဆောင်ထည့်သွင်း ပူဇော်ခဲ့ကြသည်။ ဒီပင်္ကရာမဟာစေတီတော်ကြီးသည် မော်လူးဒေသ(၉) တိုက်နယ်က ကိုးကွယ်ကြသော နှစ်စဉ်ပွဲတော်ရ စေတီတစ်ဆူဖြစ်ပြီး ဉာဏ်တော်အမြင့်မှာ သပိတ်တော်အထိ ပေ ၄၀ ရှိကြောင်း သိရသည်။ **လှအောင်(ကသာ)**

## တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အားပါဝင်ရန် အင်ဂျင်နီယာများအား ပြည်ထောင်စုဝန်ကြီးတိုက်တွန်း



လက်မှတ်ရအင်ဂျင်နီယာများအား ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားစဉ်

**ရန်ကုန် ဩဂုတ် ၉**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပြည်တွင်း/ပြည်ပ အင်ဂျင်နီယာပညာရှင်များအား ဒုတိယအကြိမ်မြောက် မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ်၊ တတိယအကြိမ်မြောက် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်နှင့် ဒုတိယအကြိမ်မြောက် ကုမ္ပဏီအဆင့်သတ်မှတ်ချက် အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ဩဂုတ် ၆ရက်က ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယက၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးသည့်အတွက် အင်ဂျင်နီယာများအနေဖြင့် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ အင်ဂျင်နီယာများအနေဖြင့် ကျင့်ဝတ်၊ သိက္ခာ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ အင်ဂျင်နီယာများ၊ ကန်ထရိုက်တာများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် စံချိန်စံညွှန်းအရည်အသွေးပြည့်မီအောင် ဆောင်ရွက်ဖို့လိုကြောင်း၊ တိုင်းပြည်လိုအပ်ချက်နှင့်အညီ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်း၊ ယခု လက်မှတ်ရအင်ဂျင်နီယာများအနေဖြင့် ရှေးယခင်က အင်ဂျင်နီယာကြီးများ၏သစ္စာကို စောင့်သိရိုသေပြီး အနာဂတ်မျိုးဆက်သစ် အင်ဂျင်နီယာများကိုလည်း လက်ဆင့်ကမ်းပေးစေလိုကြောင်း၊ အင်ဂျင်နီယာများအနေဖြင့် မိမိနှင့် ဆက်စပ်ဆက်နွှယ်သည့် လုပ်ငန်းနယ်ပယ်များတွင် အစွမ်းကုန် ရိုးသားဖြောင့်မတ်ရန်နှင့် ပြည်သူလူထု၏အကျိုးကို ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းလက်တွဲဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှပေးအပ်သော အသိအမှတ်ပြုလက်မှတ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းက အမှာစကားပြောကြားပြီး လက်မှတ်ယူမည့် အင်ဂျင်နီယာများက စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိဝန်ခံမှု ပြုကြသည်။ ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကများဖြစ်ကြသော ဦးအေးမြင့်က RFPE လက်မှတ်ရရှိသူများကိုလည်းကောင်း၊ ဦးညီလှငယ်က RLPE လက်မှတ်ရရှိသူများကိုလည်းကောင်း၊ ဒေါက်တာစိန်မြင့်က RLPE လက်မှတ်ရသူများကိုလည်းကောင်း လက်မှတ်များ အသီးသီးပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းက မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာ ပညာရှင်လက်မှတ်၊ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်နှင့် ကုမ္ပဏီအဆင့်သတ်မှတ်ချက် အသိအမှတ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် ပြည်တွင်း ပြည်ပ အင်ဂျင်နီယာများအား ယနေ့အထိ အာဆီယံ ပင္ဒိုညာဉ်ခံ အင်ဂျင်နီယာပညာရှင်လက်မှတ် ၃၀၁ ဦး၊ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ် ၆၆၅ဦး၊ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင် လက်မှတ် ၁၀ ဦး၊ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာ လက်မှတ် ၁၉၂၇ ဦးနှင့် ကုမ္ပဏီအဆင့်သတ်မှတ်ချက် အသိအမှတ်ပြုလက်မှတ် ၅၁ ဦးတို့ကို ပေးအပ်ချီးမြှင့်ထားပြီးဖြစ်ကြောင်း သိရသည်။ **သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

## ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားကျင်းပ

**မော်လမြိုင် ဩဂုတ် ၉**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကရင်တိုင်းရင်းသားတို့၏ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို မော်လမြိုင်မြို့ မြေနီ ကုန်းရပ်ကွက် တောင်ရိုးတန်းလမ်းရှိ အတုလရန်အောင်ကျောင်းဓမ္မာရုံ၌ ဩဂုတ်၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အတုလရန်အောင်ကျောင်းတိုက်ဆရာတော်ဦးကောသလ္လက အဖွင့်ဩဝါဒချီးမြှင့်ပြီး မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်၊ မွန်ပြည်နယ် ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ စောအောင်ကျော်သိန်းနှင့် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ စောဟိုးရှေးတို့က အမှာစကားပြောကြားသည်။

ပြည်နယ်ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကရင်ရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာပွဲသည် ရှေးအစဉ်အလာ ဖြစ်ပြီး ကရင်လူမျိုး သွေးချင်းများ စည်းလုံးညီညွတ်မှုရရှိစေသလို ချည်ဖြူကြိုးရစ်ပတ်ချည်နှောင်ထားခြင်းဖြင့် ရောဂါဘယများ ကင်းဝေးစေပြီး မကောင်းသော အရာများကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ရိုးရာယုံကြည်မှုအရ ဤရိုးရာ ပွဲလေးကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**တင်ထွဋ် (မော်လမြိုင်)**



## မှုခင်းသတင်းတိုများ

### တရားမဝင်သယ်လာသော ကျောက်စိမ်းတုံးများ ဖမ်းဆီးရမိ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရေအေးချောင်းစစ်ဆေးရေးဂိတ်တွင် ဩဂုတ် ၅ ရက် ညနေ ၆နာရီခွဲခန့်က ကျောက်စိမ်းတုံးများ တရားမဝင် သယ်ဆောင်လာသော ယာဉ်တစ်စီးကို ဖမ်းမိခဲ့ကြောင်း သိရသည်။ ရေအေးချောင်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေသော နမ္မတီးရဲစခန်းမှူး ရဲအုပ်ဇော်လွန်းအောင်နှင့် တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်တစ်စီးကို ရပ်တန့်စစ်ဆေးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ယာဉ်ပေါ်တွင် ဆာလာအိတ်ဖြင့်ထည့်၍ တရားမဝင်တင်ဆောင်လာသော ကျောက်စိမ်းတုံး ၁၀၄ အိတ်(အလေးချိန် ၁၄၂၁ ပိဿာခန့်)ကို ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း နမ္မတီးနယ်မြေရဲစခန်းမှ သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အဆိုပါယာဉ်ကို မောင်းနှင်လာသူ မောင်မောင်မြင့်(ခ)သားကြီးအား နမ္မတီးနယ်မြေရဲစခန်း၌ အမှုဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

### တရားမဝင် တမလန်းသစ်ခွဲသားများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ တရားမဝင် တမလန်းသစ်ခွဲသားဆိုက်စုံ အတုံး ၂၀ ကို ဩဂုတ် ၅ ရက်က ပိုင်ရှင်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မော်လိုက်မြို့စွယ်တော်ရပ်ကွက် ချင်းတွင်းမြစ်ကမ်းဘေးတွင် တရားမဝင်သစ်များ သယ်ဆောင်နေကြောင်း သတင်းအရ မော်လိုက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးသန့်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးအေးလွင်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ မသက်ဘဖွယ် နီဆန်း ခြောက်ဘီးကားတစ်စီးပေါ်မှ တရားမဝင် တမလန်းသစ်ခွဲသားဆိုက်စုံ ကိုးတုံးကို ဖမ်းမိပြီး အနီးတွင် တမလန်းသစ်များသယ်ဆောင်ရာ၌ အသုံးပြုသော ဝန်ချီစက်တစ်လုံး၊ ချိန်းဆောစက်တစ်လုံးနှင့် တရားမဝင် တမလန်းသစ်ခွဲသားဆိုက်စုံ ၁၀ တုံးနှင့် မြစ်ကမ်းစပ်တွင်မြှုပ်ထားသည့် တမလန်းသစ်ခွဲသားတစ်တုံး စုစုပေါင်း တမလန်းသစ်ခွဲသားဆိုက်စုံ အတုံး ၂၀ (အလေးချိန် ၄ ဒသမ ၀၉၇၂ တန်ခန့်)ကို သစ်ပိုင်ရှင် မင်းအောင်နှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းအောင်အား အမှုဖွင့်ထားပြီး ထွက်ပြေးတိမ်းရှောင်သွားသူ ယာဉ်မောင်း ဖိုးစိုးအား ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မော်လိုက်မြို့မရဲစခန်းမှ သိရသည်။

**မော်လိုက်သားလေး**

### စကားများရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ပြီး လူတစ်ဦးသေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ တစ်ရွာတည်းသားချင်း စကားများရန်ဖြစ်ပြီး ဓားဖြင့်ထိုးရာမှ လူသေဆုံးမှု ဩဂုတ် ၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာမှ ဝင်းထွန်းနှင့် ကိုမြင့်ထွန်းတို့ စကားများရန်ဖြစ်စဉ် ဝင်းထွန်းက ဓားချွန်ဖြင့်ထိုး၍ ကိုမြင့်ထွန်းတွင် ဒဏ်ရာရရှိပြီး ထန်းကုန်းရဲစခန်းသို့ သတင်းပို့ကာ ဆေးရုံပို့ရန်စီစဉ်နေစဉ် ကိုမြင့်ထွန်းမှာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကိုမြင့်ထွန်း၏ဇနီးဖြစ်သူ မစန္ဒာအောင်က တရားလိုပြုလုပ်ကာ ဇီးကုန်းနယ်မြေရဲစခန်း၌ တိုင်တန်းခဲ့၍ ဇီးကုန်းနယ်မြေရဲစခန်းက ဝင်းထွန်းအား ဖမ်းဆီးထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### မန်ကျည်းပင်ပေါ်မှပြုတ်ကျ၍ လူတစ်ဦးသေဆုံး

ကချင်ပြည်နယ် မိုးမောက်မြို့ကွက်သစ်ရပ်၌ အမျိုးသားတစ်ဦး မန်ကျည်းသီးတက်ခူးစဉ် မန်ကျည်းပင်အမြင့်မှပြုတ်ကျ၍ သေဆုံးမှု ဩဂုတ် ၆ ၇က်က ဖြစ်ပွားခဲ့သည်။ မိုးမောက်မြို့မရဲစခန်းမှ ဒုရဲအုပ်အောင်ဝင်း၏ သွားရောက်စစ်ဆေးချက်အရ ကချင်စုရပ်နေ ငြိမ်းချမ်းဇော် (၃၁ နှစ်)သည် ဩဂုတ် ၆ ရက်က ကွက်သစ်ရပ်ရှိ မန်ကျည်းပင်ပေါ်သို့ တက်၍ မန်ကျည်းသီးခူးစဉ် ပြုတ်ကျပြီး ဒဏ်ရာရရှိကာ ဆေးရုံတက်ရောက်ကုသနေစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးမောက်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ဆီမီးခုံ-နန်းရီ**

### လူငယ်တစ်စုက တုတ်၊ ဓားများဖြင့် နေအိမ်ဈေးဆိုင်ကို မီးရှို့မှုဖြစ်ပွား

ကရင်ပြည်နယ် ဘားအံမြို့နယ် ရွှေတောကျေးရွာအုပ်စု ကော့ပရံကျေးရွာ၌ လူငယ်ချင်း စကားများရန်ဖြစ်ရာမှ လူငယ်တစ်စုက တုတ်၊ ဓားများကိုင်ဆောင်၍ ရန်ဖြစ်သူလူငယ်၏ နေအိမ်နှင့် ဈေးဆိုင်ကို မီးရှို့ဖျက်ဆီးမှု ဩဂုတ် ၃ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာနေ ဒေါ်စန်းစန်းဝင်း၏သား ထွန်းမိုးနိုင်သည် တစ်ရွာတည်းနေ သိန်းဇော်၊ မိုင်းဝေ၊ ကျော်ခင်ထွေးနှင့် အခလိန်းတို့ပါဝင်သော လူငယ်ရှစ်ဦးနှင့် စကားများရန်ဖြစ်ရာမှ သိန်းဇော်တို့အဖွဲ့က ဒေါ်စန်းစန်းဝင်း၏ နေအိမ်ဈေးဆိုင်ရှေ့သို့ရောက်ရှိလာပြီး ထွန်းမိုးနိုင် အားထုတ်ပေးရန် ပြောဆိုရာ ဒေါ်စန်းစန်းဝင်းက မထုတ်ပေးသဖြင့် သိန်းဇော်နှင့်အဖွဲ့က ဈေးဆိုင်ပေါ်ရှိ သစ်သီးများနှင့် ကော်ထိုင်ခုံများကို ရိုက်ချိုးဖျက်ဆီးပြီး ဈေးဆိုင်ခေါင်းရင်းတွင်ကာရံထားသော အင်ဖက်ကို မီးရှို့ခဲ့၍ ဆိုင်မီးလောင်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်စန်းစန်းဝင်းက ကျေးရွာအုပ်ချုပ်ရေးမှူးထံ တိုင်ကြားပြီး၍ ရဲတပ်ဖွဲ့က လာရောက်ကြည့်ရှုသော်လည်း အမှုမဖွင့်လိုကြောင်းနှင့် နောက်နောင်တွင် ထိုသို့ပြဿနာမရှာရန်သာ ထိန်းသိမ်းပေးစေလိုကြောင်း ပြောကြားခဲ့သည်။ ထိုညပိုင်း ၉ နာရီခန့်တွင် သိန်းဇော်နှင့်လူငယ်တစ်စုတို့က တုတ်၊ ဓားများကိုင်ဆောင်ကာ ထပ်မံရောက်ရှိလာပြီး ထွန်းမိုးနိုင်အားထုတ်ပေးရန် ထပ်မံပြောကြားကြောင်း၊ ဒေါ်စန်းစန်းဝင်းက မရှိကြောင်းပြန်လည်ပြောကြားစဉ် သိန်းဇော်နှင့်အဖွဲ့က ဈေးဆိုင်ရှိ စားသောက်ကုန်ပစ္စည်းများ၊ လူအသုံးအဆောင်ပစ္စည်းများကို ရိုက်ခွဲဖျက်ဆီးခဲ့သည့်အပြင် နေအိမ်နောက်ဘက်၌ မွေးမြူထားသော ဝက်တစ်ကောင်ကိုပါ ဓားဖြင့်ခုတ်သတ်ခဲ့၍ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး ဒေါ်စန်းစန်းဝင်းက ထုံးအိုင်နယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထုံးအိုင်ရဲစခန်းမှူး ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းပြီး ပြစ်မှုကျူးလွန်သူများအား လိုက်လံဖမ်းဆီးရာ သိန်းဇော်၊ မိုင်းဝေ၊ ကောင်းနီ၊ အခလိန်း(ခ)ကျော်ရဲလိန်းနှင့် တိုင်းကျော်(၁၄ နှစ်)တို့ ငါးဦးအား ဖမ်းမိခဲ့၍ အမှုဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# ရန်ကုန်တစ်ခွင်၊ စာပေဗဟုသုတ ကြွယ်ဝစေချင်

**ခင်မောင်သော်(ကမာရွတ်)**



အများပြည်သူ လူငယ်လူရွယ်များ၊ ကျောင်းသားကျောင်းသူများ စာပေဗဟုသုတ တိုးပွားစေရန်အတွက် အထောက်အကူပေးနိုင်သည့် စာကြည့်တိုက်ကလေးများသည် ရန်ကုန်မြို့တွင် မြို့နယ်များ၏ ရပ်ကွက်များအနှံ့အပြား၌ တည်ရှိနေသည်။ ယနေ့ကာလတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိခင်အမည်ကိုပင် မှန်ကန်စွာ မသိရှိသည့် လူငယ်လူရွယ်များ၊ နေ့စဉ်ထိတွေ့ရင်းနှီးနေသည့် မြန်မာ့အသံရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနကိုပင် မှန်ကန်အောင် မပြောတတ်သူ လူငယ်များရှိနေသဖြင့် အဆိုပါလူငယ်များ ဗဟုသုတတိုးပွားစေရန် စာကြည့်တိုက်ကလေးများတိုးပွားရေးနှင့် ရေရှည်တည်တံ့ရေးသည် အလွန်အရေးကြီးသည်။ စာကြည့်တိုက်ကလေးများသည် လေ့လာဆည်းပူး မှတ်သားဖတ်ရှုလိုသူများအတွက် အမြဲတစေ တံခါးဖွင့်ထားသောနေရာများဖြစ်ကာ လူငယ်များအနေဖြင့် စာအုပ်စာပေများကို ဖတ်ရှုလေ့လာပါမှ ဗဟုသုတကြွယ်ဝလာမည်ဖြစ်သည်။

စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ရန်၊ ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ပံ့ပိုးဆောင်ရွက်ရန်နှင့် ပြည်သူများ စာပေဗဟုသုတတိုးပွားအောင် စည်းရုံးဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် စာပေပညာရှင်များ၊ လုပ်ငန်းရှင်များ၊ စေတနာရှင်အလှူရှင်များဖြင့် ၂၀၁၀ ပြည့်နှစ် မေ ၁၅ ရက်က စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း၏ အောက်တွင် ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရပ်ကွက်ကျေးရွာများမှ စံ(၅) ရပ်ညီ စာကြည့်တိုက်ပေါင်း ၆၄၇၈ တိုက်ရှိသည်။

အဆိုပါစာကြည့်တိုက်များထဲတွင် ရေရှည်ရပ်တည်နိုင်ရေး ရုန်းကန်နေရသော ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာ(ကွမ်းခြံတောင်ပိုင်း)မှ ပညာတန်ဆောင်စာကြည့်တိုက်လေးသည်လည်း တစ်တိုက်အပါအဝင်ဖြစ်သည်။ ရပ်ကွက်နေပြည်သူများ စာပေဗဟုသုတတိုးပွားရေး၊ နှစ်သက်ရာ စာပေအမျိုးအစားများကို လွယ်လင့်တကူ ရွေးချယ်လေ့လာ ဖတ်ရှုနိုင်ရေးအတွက် ထိုပညာတန်ဆောင်စာကြည့်တိုက်လေးကို ရပ်ကွက်အတွင်းမှ စာပေမြတ်နိုးသူများဖြစ်ကြသော အဘထွေး ဒေါက်တာညွန့်လှိုင်၊ ဗိုလ်ကြီးကိုကိုမျိုး(ငြိမ်း)တို့ ဦးဆောင်၍ စာချစ်သူ ရပ်မိရပ်ဖများ၊ လူငယ်များနှင့်အတူ ၂၀၀၅ ခုနှစ်မှစပြီး အများပြည်သူပိုင်စာကြည့်တိုက်အဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ပညာတန်ဆောင်စာကြည့်တိုက်ကို နာယကခြောက်ဦး၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာကြည့်တိုက်မှူး၊ စာရင်းစစ်တို့ အပါအဝင် စာကြည့်တိုက်ကော်မတီ ၁၄ ဦးဖြင့် စီမံဆောင်ရွက်နေပြီး စာကြည့်တိုက်တွင် စာအုပ်အမျိုးအစားများအနေဖြင့် ဘာသာရေး၊ ဘာသာပြန်၊ သုတ-ရသ၊ မဂ္ဂဇင်းတို့ကို အမျိုးအစားအလိုက် ခွဲခြားကာ စာအုပ်အမျိုးအစား စုစုပေါင်း ၁၅၀၀ ခန့်ကို ထိန်းသိမ်းထားရှိပြီး ငှားရမ်းဖတ်ရှုသူများထံ အခမဲ့ငှားရမ်းပေးနေသည်။ စာကြည့်တိုက် ရေရှည်ရပ်တည်နိုင်ရေးအတွက် စေတနာအလျောက် တစ်လတစ်ကြိမ် အလှူရှင်များအပြင် လစဉ်ထုတ်မဂ္ဂဇင်းစာအုပ်သစ်များ၊ ဂျာနယ်နှင့် သတင်းစာများ ဝယ်ယူလှူဒါန်းဖြည့်ဆည်းပေးသော စာပေချစ်သူ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် စာကြည့်တိုက်လုပ်ငန်း အမြဲရှင်သန်နေအောင် ဆောင်ရွက်နေကြောင်းသိရသည်။

အဆိုပါ ပညာတန်ဆောင်စာကြည့်တိုက်သည် အလျား ၁၆ ပေ၊ အနံ ၁၂ ပေရှိ တစ်ထပ်အုတ်စီသစ်ညှပ်အဆောက်အအုံဖြစ်ရာ အဆောက်အအုံသစ်သားနှင့် စာအုပ်စင်များကို ခြနှင့်ပိုးမွှားများ ဖျက်ဆီးမှုရှိကြောင်း၊ သံဖရိန်စာအုပ်စင်များ လဲချင်သော်လည်း ရန်ပုံငွေအရ မလုပ်နိုင်သေးကြောင်း၊ စာအုပ်စာပေများကို ရပ်ကွက်ရုံးမှ ဘီရိုများထဲတွင် သိမ်းထားရသည့်အခြေအနေမရောက်ရအောင် ကြံ့ကြံ့ခံ ကြိုးပမ်းဆောင်ရွက်နေရကြောင်း၊ လက်ရှိအချိန်တွင်မူ ပြည်ရိပ်မွန်အိမ်ရာ စာပေချစ်မြတ်နိုးသူ မိသားစုဝင်များနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့၏ ပံ့ပိုးကူညီမှုဖြင့် စာကြည့်တိုက်တွင် ကိုယ်ပိုင်မီတာ တပ်ဆင်နိုင်ခဲ့ပြီးဖြစ်ကြောင်း ပညာတန်ဆောင်စာကြည့်တိုက်မှူး ဦးအောင်ကိုကိုက ပြောသည်။

ပညာတန်ဆောင်စာကြည့်တိုက်သည် အရွယ်သေးငယ်သော်ငြားလည်း စာပေဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲများကို စာကြည့်တိုက်တွင် ၂၀၁၂ မှ ၂၀၁၄ ခုနှစ်အထိ သုံးနှစ်တိုင် နှစ်စဉ် ဒီဇင်ဘာလများတွင် ကျင်းပနိုင်ခဲ့သလို စာကြည့်တိုက်မှ အချို့စာအုပ်များ၊ ဂျာနယ်၊ စာစောင်များကို စာအုပ်အလှူခံလာသော နယ်ဒေသများမှ စာကြည့်တိုက်များဆီကို ခွဲဝေပေးပို့ လှူဒါန်းနိုင်ခဲ့ကြောင်းလည်း သိရသည်။

လက်ရှိအချိန်တွင် စာကြည့်တိုက်များ ရေရှည်ရပ်တည်နိုင်ရေးအတွက် ထူမပေးမည့်သူများ လိုအပ်နေရာ တစ်နိုင်ငံလုံးအတိုင်းအတာအရ စာကြည့်တိုက်များအားလုံးကို လွှမ်းခြုံနိုင်မည့် ပြည်သူ့စာကြည့်တိုက်များဥပဒေ ပေါ်ထွက်လာရန် လိုအပ်နေပြီး စာကြည့်တိုက်များအနေဖြင့် အစိုးရဘတ်ဂျက် ခွဲဝေရရှိမှသာ ပညာတန်ဆောင်စာကြည့်တိုက်ကဲ့သို့သော တစ်နိုင်ငံလုံးရှိ ရုန်းကန်နေရသည့် စာကြည့်တိုက်ကလေးများအနေဖြင့် ဆရာကြီးဇော်ဂျီ၏ 'မဗေဒါ အံကိုခဲ၊ ပန်းပန်လျက်ပဲ' ကဗျာစာသားထဲကလို 'ပန်းပန်လျက်ပဲ' အခြေအနေဆီ ရောက်နိုင်မည်ဖြစ်သည်။

ထို့အပြင် စာကြည့်တိုက်ကလေးများအတွက် မားမားမတ်မတ်ရပ်တည်နေသည့် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းအနေဖြင့်လည်း ရေရှည်ရပ်တည်နိုင်ရန် ရုန်းကန်နေရသည့် ပညာတန်ဆောင်စာကြည့်တိုက်လေးကဲ့သို့သော မပြည့်စုံသည့် စာကြည့်တိုက်လေးများကို လုံးဝပျောက်ပျက်မသွားရစေရန်နှင့် ပိုမိုတိုးပွားလာစေရန် ပံ့ပိုးဆောင်ရွက်ပေးသလို စာကြည့်တိုက်ကလေးများဆီသို့ စာပေဖတ်ရှုလေ့လာသူ လူငယ်လူရွယ်များ၊ ပြည်သူများ အများအပြား လာရောက်စေရေးအတွက် အုပ်ချုပ်ရေးအပိုင်းအပါအဝင် တာဝန်ရှိအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းလှုံ့ဆော်ကြဖို့ လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**(စာကြည့်တိုက်ကလေးများ အဓွန့်ရှည်တည်တံ့ရေးသို့)**

# ရန်ကုန်-မန္တလေး လမ်းဟောင်းတစ်လျှောက် လုယက်မှုများမဖြစ်ပွားစေရန် လှည့်ကင်းများဆောင်ရွက်နေ

**ရေတာရှည် ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတစ်လျှောက်၌ ညပိုင်းအချိန် ခရီးဝေးသွားလာသည့် ကုန်တင်ယာဉ်ကြီးများအား ဆိုင်ကယ်စီးနင်းသူများက ဓားထောက်လုယက်မှုများရှိခဲ့ရာ ဇူလိုင်လ ဒုတိယပတ်မှစတင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဦး၏ ကြီးကြပ်မှုဖြင့် ညဉ့်နက်ပိုင်းလှည့်ကင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကုန်တင်ယာဉ်ကြီးများအနေဖြင့် စိတ်ချလုံခြုံစွာ မောင်းနှင်သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။



"ကျွန်တော်တို့မြို့နယ် မြောက်ဘက်အစွန်ဆုံးဖြစ်တဲ့ ရေနီမြို့က စတယ်။ မြို့လှ၊ သာဂရနယ်မြေရဲစခန်းတွေအပါအဝင် ဆွာနယ်မြေရဲစခန်းဆိုလည်း ဆွာမြို့နဲ့ ဆွာတိုးဂိတ်တွေမှာ ညလုံးပေါက်လှည့်ကင်းတွေ အလှည့်ကျစနစ်နဲ့ ဖြန့်ခွဲချထားတယ်"ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဦးက ပြောကြားသည်။

ထို့အတူ ရေတာရှည်မြို့တောင်ဘက် လေးမိုင်ခန့်အကွာ တောင်ငူမြို့နယ်စပ် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ တောင်နန်ချွန်ကျေးရွာနှင့် မြောက်နန်ချွန်ကျေးရွာများမှ ယာဉ်ရပ်နားမှုများပြားသည့် စားသောက်ဆိုင်များတွင် ညအိပ်ရပ်နားသည့် ကုန်တင်ယာဉ်မောင်းများကိုလည်း ရေတာရှည်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်မြင့်ဦးစီးသည့် တပ်ဖွဲ့ဝင်များက အသိပညာပေးခြင်း၊ အခက်အခဲရှိပါက ဆက်သွယ်ရမည့်ဖုန်းနံပါတ်များပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ မြောက်နန်ချွန်ရွာ မြောက်ဘက် ဆိတ်ဖူးတောင်ဘုန်းတော်ကြီးကျောင်းနားမှာရယ်၊ အဲ့ဒီတောင်ဘက်နားမှာရယ် ညအိပ်နားတဲ့ယာဉ်တွေကို လုတယ်လို့တော့ ကြားလိုက်တယ်။ အခုတော့ ရဲတပ်ဖွဲ့ဝင်တွေကလည်း ညတိုင်းလှည့်ကင်းတွေဆောင်ရွက်ပေးနေတော့ ကားသမားတွေလည်း စိတ်ချလက်ချနားလို့ရနေပါပြီ"ဟု စားသောက်ဆိုင်ရှင်တစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# THE GOVERNMENT OF THE REPUBLIC OF THE UNION MYANMAR MINISTRY OF ELECTRICITY AND ENERGY NATIONAL ELECTRIFICATION PROJECT

## Invitation for Bids

**Date: 8th August, 2017**

**SPECIFIC PROCUREMENT NOTICE**

IDA Credit No: 5727-MM

**Contract Title:Insulators and Related Fittings for National Electrification Project Reference No: C1-G5**

1. The Ministry of Electricity and Energy has received financing from the World Bank toward the cost of the National Electrification Project, and intends to apply part of the proceeds toward payments under the contract for Insulators and Related Fittings for National Electrification Project.

2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for supply of Insulators and Related Fittings to be delivered in 2018 to multiple destinations in all Regions and States of Myanmar. Domestic preference with the margin of 15% will apply. The goods have been grouped into 4 lots and bidders may submit bid for any one or more lots.

3. For quick reference, some of the key qualification requirements include:

- The minimun average annual turnover (or annual sales volume) of the last three years shall be as follows:

| Lot no and description | Amount in USD (million) |
|---|---|
| Lot1- Insulator and Related Fitting package for Bago(W), Kachin, Chin, Sagaing. | 3.0 |
| Lot2- Insulator and Related Fitting package for for Rakhine, Magway, Nay Pyi Taw, Bago(E) | 3.0 |
| Lot3- Insulator and Related Fitting package for Ayeyarwaddy, Mandalay | 2.0 |
| Lot4- Insulator and Related Fitting package for Shan(N), Kayah, Shan(S), Shan(E), Kayin, Mon, Yangon | 1.6 |

- The bidder should have past experience of having satisfactorily completed during the last 5 years at least two contracts for supply of similar goods, with the value of each such contract should be greater than the minimum amount shown in the table below.

| Lot no. and description | Amount in USD(million) |
|---|---|
| Lot1- Insulator and Related Fitting package for Bago (W), Kachin, Chin, Sagaing. | 2.6 |
| Lot2- Insulator and Related Fitting package for for Rakhine, Magway, Nay Pyi Taw, Bago (E) | 2.3 |
| Lot3- Insulator and Related Fitting package for Ayeyarwaddy, Mandalay | 1.7 |
| Lot4- Insulator and Related Fitting package for Shan(N), Kayah, Shan(S), Shan(E), Kayin, Mon, Yangon | 1.3 |

Other requirements are stated in Section III of the bidding documents.

4. Bidding will be conducted through the International Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers [edition of January 2011 revised in July 2014] ("Procurement Guidelines") and is open to all eligible bidders as defined in the Procurement Guidelines.In addition, please refer to the paragraphs 1.6 and 1.7 seting for the World Bank's policy on conflict of interest.

5. Interested eligible bidders may obtain further information from Project Manager, Project Management Office, Office No(27), Ministry of Electricity and Energy nep.pmomoep@gmail.com and inspect the bidding documents during office hours 10:00 to 16:00 hours Myanmar time at the address given below.

6. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The bidding documents will be issued through email only.

In case of any difficulty in obtaining the bidding documents, interested parties may contact in writting:

Director General, Department of ELectric Power Planning
Ministry of Electricity and Energy, Office No(27)
City: Nay Pyi Taw
Country: The Republic of the Union of Myanmar
Email:nep.pmomoep@gmail.com

7. Bids must be delivered to the address below on or before September 22, 2017, 10:00 hours (10;00 am) Myanmar time. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives at the address below on September 22, 2017, 10:00 hours (10:00am) Myanmar time.

8. All bids must be accompanied by a Bid Security as stated in ITB 19.1.

9. The address referred to above is:

**Attention** : Director General Office, Department of Electric Power Planning
Office No (27), Ministry of Electricity and Energy, Nay Pyi Taw
The Republic of the Union of Myanmar

**Telephone** : + 9567410203
**Facsimile** : + 9567410077
**E-mail** : nep.pmomoep@gmail.com
**Web site** : http://www.moep.gov.mm

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့်တင်သွင်းရမည့်ဆေးဝါးစာရင်းကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁-၈-၂၀၁၇ ရက် (အင်္ဂါနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃၁-၈-၂၀၁၇ရက်၊ (ကြာသပတေးနေ့) ညနေ ၄း၀၀နာရီ

**တင်ဒါဝယ်ယူရေးလုပ်ငန်းစိစစ်ရေးအဖွဲ့**
**အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး**
**စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၆၄၅၇၅၆၊ ၀၁-၆၄၅၇၄၈**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့် နေ့ရက်/အချိန် | တင်ဒါပိတ်မည့် နေ့ရက်/အချိန် |
|---|---|---|---|
| 1. | Diesel Oil, Premium Diesel Oil & Octane-92 | ၁၀-၈-၂၀၁၇ မှ ၇-၉-၂၀၁၇ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၈-၉-၂၀၁၇ ၁၃း၀၀ နာရီ |
| ၂ | Lubricants | ၁၅-၈-၂၀၁၇ မှ ၂၈-၈-၂၀၁၇ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၂၉-၈-၂၀၁၇ ၁၃း၀၀ နာရီ |
| ၃ | Tyre & Battery | ၁၅-၈-၂၀၁၇ မှ ၂၈-၈-၂၀၁၇ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၂၉-၈-၂၀၁၇ ၁၃း၀၀ နာရီ |
| ၄ | M.S Plate, M.S Welding Electrode, Zinc Anode | ၁၈-၈-၂၀၁၇ မှ ၃၁-၈-၂၀၁၇ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၁-၉-၂၀၁၇ ၁၃း၀၀ နာရီ |
| ၅ | အထွေထွေလုပ်ငန်းသုံး ပစ္စည်းများ | ၁၈-၈-၂၀၁၇ မှ ၃၁-၈-၂၀၁၇ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) | ၁-၉-၂၀၁၇ ၁၃း၀၀ နာရီ |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန ကမ်းနားလမ်းသစ် (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် အထက်ဖော်ပြပါနေ့ရက်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း ၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပြင်ဆင်ဖြည့်စွက်ကြော်ငြာခြင်း

၄-၈-၂၀၁၇ရက်ထုတ် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများတွင်ပါရှိသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၏ အလုပ်လျှောက်လွှာခေါ်ယူခြင်းအပိုဒ် (၁)(ဃ)ပါ (လစာနှုန်း ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀) ကျွမ်းကျင်-၃ (ဓာတု) ရာထူးနေရာများကို ရွေးချယ်ခန့်ထားရာ၌ ၄င်းနေရာများကို ကျော်ထောက်နောက်ခံပြု၍ အလုပ်သင်လစာနှုန်း (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀)ဖြင့် ဦးစွာခန့်ထားမည်ဖြစ်ကြောင်း ပြင်ဆင်ဖြည့်စွက် ကြော်ငြာပါသည်။

**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းပိုင် ဝင်းသုဇာအရောင်းဆိုင်(မြို့မဈေး-နေပြည်တော်)ရှိ ဆိုင်ခန်းအမှတ် (၇/၉၊ ၁၀၊ ၁၁၊ ၁၈၊ ၁၉၊ ၂၀) ဆိုင်ခန်း (၆)ခန်းအား တင်ဒါခေါ်ယူငှားရမ်းသွားမည်ဖြစ်ပါသည်။

(က) **တင်ဒါပိတ်မည့်ရက်** - ၃၁-၈-၂၀၁၇ရက် (ကြာသပတေးနေ့)

(ခ) **တင်ဒါပေးသွင်းရမည့်နေရာ** - ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇) စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အုပ်ချုပ်ရေးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၈၄တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ဖခင် အမည်မှန်**

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း (F) မှ မောင်ထက်ခိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းခိုင် ၅/ယမပ(နိုင်)၁၁၇၃၀၁ဖြစ်ပါကြောင်း။ **ဦးဝင်းခိုင်**

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း (F) မှ မောင်ဇော်နိုင်အောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ညွန့် ၈/မမန(နိုင်) ၀၈၄၃၈၇ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ညွန့်**

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက နဝမတန်း(A)မှ မမြတ်ယုမွန်၏ဖခင်အမည်မှန်မှာ ဦးခင်မောင်ချစ် ၅/ယမပ(နိုင်)၀၅၀၈၄၃ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ချစ်**

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း (A) မှ မောင်ငြိမ်းချမ်းဇော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း ၈/မမန(နိုင်)၁၃၂၉၉၀ ဖြစ်ပါကြောင်း။ **ဦးမြင့်ဝင်း**

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက နဝမတန်း(G) မှ မဇင်မာအောင် ၏ဖခင်အမည်မှန်မှာ ဦးငွေစိုး ၅/ယမပ(နိုင်)၁၀၂၅၄၈ ဖြစ်ပါကြောင်း။ **ဦးငွေစိုး**

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ဆင်တဲကျေးရွာ၊ ရွှေဆံနွယ်ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအိအိဆွေ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆွေ ၅/ယမပ(နိုင်)၀၄၄၈၅၆ ဖြစ်ပါကြောင်း။ **ဦးကျော်ဆွေ**

### မိဘအမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (F)ခန်းမှ မောင်ကျော်ဇင်လတ်၏ မိဘအမည်မှန်မှာ ဦးငွေအောင် ၅/ယမပ(နိုင်)၀၅၅၆၅၀၊ ဒေါ်ငြိမ်းငြိမ်းအေး ၅/ယမပ(နိုင်)၀၃၉၈၃၀ ဖြစ်ပါကြောင်း။ **ဦးငွေအောင်-ဒေါ်ငြိမ်းငြိမ်းအေး**

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း (H) မှ မခိုင်ခင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျင်ရွှေ ၅/ပလန(နိုင်)၀၇၄၀၂၃ ဖြစ်ပါကြောင်း။ **ဦးကျင်ရွှေ**

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း(G) မှ မစုလှဲ့၏ ဖခင်အမည်မှန်မှာ ဦးမြင့်သန်း ၅/ယမပ(နိုင်)၀၃၀၀၁၃ ဖြစ်ပါကြောင်း။ **ဦးမြင့်သန်း**

## စစ်ကိုင်းတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

| စဉ် | Lot အမှတ် | တည်ဆောက်ရေးလုပ်ငန်း | မြို့နယ် |
|---|---|---|---|
| ၁ | Lot 1 | တိုင်းအား/ကာဦးစီးဌာနရုံးတည်ဆောက်ခြင်း(၈၁×၅၇)ပေ အာစီ(၂)ထပ် | မုံရွာ |
| ၂ | Lot 2 | ညွှန်ကြားရေးမှူးနေအိမ်(၄၀'×၃၆')၊ ဒုတိယညွှန်ကြားရေးမှူးနေအိမ်(၄၀'×၃၀')၊ ဝန်ထမ်းအိမ်ရာ(၁) ခြံစည်းရိုး Chain Link ကာရံခြင်း(၁၇၆'×၆')၊ တင်းနစ်အားကစားကွင်းအုတ်တံတိုင်းကာရံခြင်း(၄၅'×၇') | မုံရွာ |
| ၃ | Lot 3 | အားကစားကွင်းအုတ်တံတိုင်းကာရံခြင်း(၂၂၀၀'×၆')၊ Inner Fencing ကာရံခြင်း (၁၁၄၀'×၆')၊ အားကစားရုံပြုပြင်ခြင်း | ဖောင်းပြင် |
| ၄ | Lot 4 | အားကစားကွင်းပြုပြင်ခြင်းနှင့်(၃)ခန်းတွဲ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း(၃၈'-၀"×၃၇'-၆") | ကလေး |
| ၅ | Lot 5 | အားကစားကွင်းအုတ်တံတိုင်းကာရံခြင်း (၁၁၂၅'×-၀"×၆'-၆") Inner Fencingကာရံခြင်း(၁၅၀၀'×၆') | ဒီပဲယင်း |
| ၆ | Lot 6 | အားကစားကွင်း အုတ်တံတိုင်းကာရံခြင်း(၂၂၇၇၀'-၀"×၆'-၆") | မော်လိုက် |
| ၇ | Lot 7 | (၃)ခန်းတွဲဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း(၃၈'-၀"×၃၇'-၆") အုတ်တံတိုင်း(၁)ဖက်ကာရံခြင်း (၂၄၆'-၀"×၇'-၀") | ယင်းမာပင် |
| ၈ | Lot 8 | (၃)ခန်းတွဲဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း(၃၈'-၀"×၃၇'-၆") | စစ်ကိုင်း |
| ၉ | Lot 9 | အုတ်တံတိုင်းကာရံခြင်း(၁၀၆၆'-၀"×၆'-၆")အားကစားကွင်းရေရှိရေးလုပ်ငန်း | အရာတော် |
| ၁၀ | Lot 10 | အားကစားကွင်း အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း(၁၈၆၅'-၀"×၆'-၆") | ကျွန်းလှ |
| ၁၁ | Lot11 | အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း(၁၄၆၁'-၀"×၆'-၆") | ဆားလင်းကြီး |
| ၁၂ | Lot 12 | အားကစားကွင်း Inner Fencing ကာရံခြင်းလုပ်ငန်း (၁၅၀၀'×၆') | အင်းတော် |
| ၁၃ | Lot 13 | အားကစားကွင်း Inner Fencing ကာရံခြင်းလုပန်ငန်း (၁၅၀၀'×၆') | ထီးချိုင့် |
| ၁၄ | Lot 14 | အားကစားကွင်း Inner Fencing ကာရံခြင်းလုပ်ငန်း (၁၅၀၀'×၆') | ဟုမ္မလင်း |
| ၁၅ | Lot 15 | မီတာ(၂၀၀)အားကစားကွင်း Inner Fencing ကာရံခြင်း (၁၁၄၀'×၆') | ကသာ |
| ၁၆ | Lot 16 | အားကစားကွင်းအုတ်တံတိုင်းကာရံခြင်း(၇၄၅'-၀"×၆'-၆") | ရေဦး |
| ၁၇ | Lot 17 | အုတ်တံတိုင်း(၁)ဖက်ကာရံခြင်း (၇၁၂'-၀"×၆'-၆") | မြင်းမူ |
| ၁၈ | Lot 18 | အုတ်တံတိုင်း(၁)ဖက်ကာရံခြင်း (၅၆၀'-၀"×၆'-၆") | ကနီ |

**တင်ဒါလျှောက်လွှာဝယ်ယူရန်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အား/ကာဦးစီးဌာန
**လျှောက်လွှာဝယ်ယူရမည့်ရက်** - ၁၄-၈-၂၀၁၇ရက်မှ ၁၄-၉-၂၀၁၇ရက်ထိ
**တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/နေရာ/အချိန်** - ၂၆-၉-၂၀၁၇ရက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ရုံးချိန်အတွင်း
**ဆက်သွယ်စုံစမ်းရန်ဖုန်း** -၀၇၁-၂၂၉၁၃၊ ၀၇၁-၂၆၂၈၅

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ ကံသာကျေးရွာ အလယ်တန်းကျောင်း (ခွဲ) အဌမတန်းမှ မောင်ငြိမ်းချမ်းသာ၏ ဖခင်အမည်မှန်မှာ ဦးဇော်မောင်ခိုင် ၅/ယမပ(နိုင်)၀၈၃၄၆၇ ဖြစ်ပါကြောင်း။ **ဦးဇော်မောင်ခိုင်**

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထကကျောင်း၊ တက္ကသိုလ်ဝင်တန်း (A)ခန်းမှ မမော်မော်ဆွေ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ဦး ၅/ယမပ(နိုင်)၀၄၇၆၃၅ ဖြစ်ပါကြောင်း။ **ဦးဇော်ဇော်ဦး**

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(L)ခန်းမှ မအိဖြူဇင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ် ၅/ယမပ(နိုင်)၀၃၀၀၅၇ ဖြစ်ပါကြောင်း။ **ဦးဝင်းဗိုလ်**

### ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့ အထက အိုးဘိုကုန်း နဝမတန်း(ဂ)မှ မခင်ဖြိုးဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဝင်း ၇/ပခတ(နိုင်)၀၄၇၇၈၉ ဖြစ်ပါကြောင်း။ **ဦးမျိုးဇော်ဝင်း**

### ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ ရွှေပန်းတောကျေးရွာ အထက တက္ကသိုလ်ဝင်တန်း (B)မှ မဖြိုးရတနာ၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ကို ၈/အလန(နိုင်) ၁၁၂၇၈၇ ဖြစ်ပါကြောင်း။ **ဦးသန်းဇော်ကို**

### ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက(၁) အဌမတန်း(E)မှ မောင်ခန့်နန္ဒသော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော် ၁၀/သထန(နိုင်)၂၀၈၀၈၄ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်**

### ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက ညောင်ပင်ဆိပ်ကျောင်း စတုတ္ထတန်းမှ မခင်မာဦး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးကျော်ကြီးဖြစ်ပါသည်။ **ဦးကျော်ကြီး**

### ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက ညောင်ပင်ဆိပ်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဇာဏီကောင်း၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းအရ ဦးထွန်းထွန်း ဖြစ်ပါသည်။ **ဦးထွန်းထွန်း**

### ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက ညောင်ပင်ဆိပ်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းအရ ဦးခင်မောင်ငွေး ဖြစ်ပါသည်။ **ဦးခင်မောင်ငွေး**

### ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက ညောင်ပင်ဆိပ်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မသီရိစိုးစံ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းအရ ဦးဝင်းမင်းငွေး ဖြစ်ပါသည်။ **ဦးဝင်းမင်းငွေး**

### ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက ညောင်ပင်ဆိပ်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မစိုးမြတ်သူ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းအရ ဦးမင်းအေး ဖြစ်ပါသည်။ **ဦးမင်းအေး**

### ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက ညောင်ပင်ဆိပ်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မစန္ဒာဦး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းအရ ဦးကိုနိုင် ဖြစ်ပါသည်။ **ဦးကိုနိုင်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/6977 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**




လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
LMA
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၅၃၉၄ (၀၅၁၃)
စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးကောင်းစေရန်၊ ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. (၄/၂၀၁၀ တဆထလ(တိုး) ၉၉၈) အမှတ် ၁၃၀/၇၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။
Certificate TH06/3966.02

## အမည်ပြောင်း

ဖျာပုံမြို့နယ်၊ သမိန်ထောကုန်းတန်းကျေးရွာ၊ အထက သမိန်ထော အဋ္ဌမတန်း (A)မှ (ဘ) ဦးသက်နိုင်-(မိ)ဒေါ်မြင့်ဆန်းတို့၏ သားမောင်ကောင်းဆက်နိုင်အား ယနေ့မှစ၍ မောင်ကောင်းဝေကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**ဦးသက်နိုင်**
**၁၄/ဖပန(နိုင်)၁၀၁၉၄၇**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း (B)မှ မောင်အောင်လွင်ဦး၏ ဖခင်အမည်မှန်မှာအိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးယိုလီဆာ ၅/ခတန(နိုင်)၀၂၉၅၃၈ ဖြစ်ပါသည်။ **ဦးယိုလီဆာ**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း (E)မှ မောင်မကြို၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးလုန်းရှင် ၅/ခတန(နိုင်)၀၀၈၈၆၁ ဖြစ်ပါသည်။ **ဦးလုန်းရှင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၆/ဒက္ခိဏသီရိရပ်)၊ မြေကွက်အမှတ်(၁-၁၂၃၃၊ ၁-၁၂၃၄၊ ၁-၁၂၃၅၊ ၁-၁၂၃၆) ဦးထွန်းလင်းသောင်း (ဘ)ဦးမောင်သောင်း ၁၂/ကမရ(နိုင်) ၀၁၀၆၇၁ အမည်ပေါက် ပါမစ်မြေ၏ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ် ပျောက်ဆုံးသဖြင့် မိတ္တူမှန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါ မြေကွက်နေရာ (ယာယီ) ချထားပေးသည့် လက်မှတ်မူရင်းကို ပယ်ဖျက်ပြီး မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ဣန္ဒိတံလမ်း၊ အမှတ်(၇၉/က)၊ ဣန္ဒိတံလမ်း၊ မျက်နှာ၀ (အလျား ၆၅ပေ)၊ ခြေရင်းဘက် (အလျား ၃၆ ပေ) ခေါင်းရင်းဘက်အခြမ်း (အနံ ၅၅ ပေ)၊ ခြေရင်းဘက်အခြမ်း အနောက်ဘက် (အနံ ၇၅ပေ) အကျယ်အဝန်းရှိ မြေကွက် အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ခဲ့ပြီး စီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ တန်ကုတ်အိမ်(ခ)ဦးမောင်မောင် ၁၂/ကတတ(နိုင်)၀၂၅၈၉၁ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်သူရ (မြောင်းမြ)** LL.B,A.G.T.I (EP), D.B.L,D.M.L
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**ဦးဖေယျာထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)**
**ဒေါ်ချယ်ရီလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)**
**ဦးစိုးလွင်ဦး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)**

**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့၊ အမှတ်(၄)၊ ဗောဓိကုန်းရပ်ကွက်၊ ဦးဘချိုလမ်းနှင့် (၇)လမ်းထောင့်၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ ၀ဒသမ၀၁၉ရှိ မြေနှင့်ယင်းမြေပေါ်ရှိ အမှတ်(၂၇၅)၊ (ယခင်အမှတ်-၁၈) တိုက်ခံနှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးသည် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (ဘ) ဦးမြသောင်း၏ သားသမီးများဖြစ်သော ဒေါ်မာလာ၊ ဒေါ်မြနီလာ၊ ဒေါ်မြသီတာ၊ ဦးဝင်းဇော်နိုင်တို့မှ ဆက်ခံလက်ရှိ ပိုင်ဆိုင်လျက်ရှိသော ပစ္စည်းများဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေတို့က အထက်ပါ မြေနှင့်အိမ်တို့ကို ရောင်းချရန် ဝယ်ယူသူနှင့် သဘောတူညီထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် ဤကြော်ငြာသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်လျှင် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်သိန်း** | **ဦးကျော်လင်းညွှန့်** | **ဒေါ်ခင်ဖုန်း** |
| **(စဉ်-၂၂၀၁၉)** | **(စဉ်-၄၆၇၅၇)** | **(စဉ်-၄၄၉၃၅)** |

**အထက်တန်းရှေ့နေများ**
**တိုက်(၂)၊ အခန်း(၁၀၁)၊ ဗိုလ်အောင်ကျော်အိမ်ရာ၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၅၁၈၆၇၉၈**

## အများသိစေရန်နှင့် သတိပေးတားမြစ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေကူရပ်ကွက်ရှိ အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်သော (၁) အမှတ်-၆၇၊ လမ်းရှည်လမ်း၊ စန်းသော်တာပုံနှိပ်တိုက်၊ ရွှေကူရပ်ကွက်၊ ပြည်မြို့၊ (၂) အမှတ်-၄၃၊ ထီးစုလမ်း၊ ရွှေကူရပ်ကွက်၊ ပြည်မြို့၊ (၃) အမှတ်-၃၈၊ လမ်းရှည်လမ်း၊ ရွှေကူရပ်ကွက်၊ ပြည်မြို့ဟုခေါ်တွင်သော အဆောက်အအုံများကို အမွေပိုင်ဆိုင်သူများ၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်လွှဲပြောင်းခြင်း၊ အငှားချထားခြင်း၊ ပေးကမ်းလွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန်နှင့် သတိပေးတားမြစ်အပ်ပါသည်။

**အမွေဆိုင်များဖြစ်ကြသော**
**(၁) ဒေါ်စမ်းစမ်းတင့် ၇/ပမန(နိုင်)၁၀၅၅၈၂၊**
**(၂) ဒေါ်မြမြသောင်း ၇/ပမန(နိုင်)၀၀၈၀၂၄ တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြသောင်း(အောင်ကြီး)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၁၃)**
**အမှတ်-၁၆၃၊ (လေးလွှာ)၊ ၃၈-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၁၂၄၆**

**တောင်းပန်ကြောင်းကြေငြာခြင်း**

၅. ၈. ၂၀၁၇ နေ့တွင် ကျွန်တော်ကျော်ထူးမြတ်သည် စီပွားရေးဖြစ်စဉ်တစ်ခုကြောင့် မြိတ်မြို့ရှိ SUNDAY Super Coffeemix ၏ ကိုယ်စားလှယ်ဖြစ်သူ ဒေါ်အေးအေးသန်း၏ညီမဟူ၍ Facebook ပေါ်ရှိ မြိတ်သတင်းများ Group တွင် မှားယွင်းစွာ သုံးနှုန်းမိပါကြောင်း၊ ထို့အတွက်ကြောင့် သူမ၏ သိက္ခာပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်သွားသည့်အတွက် တောင်းပန်အပ်ပါကြောင်း ကြေငြာအပ်ပါသည်။

ကျော်ထူးမြတ် [၁၂/အလန(နိုင်)၀၄၉၆၀၇]၊ ဖုန်း-၀၉ ၉၇၄၅၁၂၄၀၈

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ ဒေါဥခူရပ်ကွက်၊ အကွက်အမှတ်(၃၀/ခ-ဒေါဥခူ)၊ ဦးပိုင်အမှတ်(၁၁၄)၊ ဧရိယာ ၀ ဒသမ ၂၁၈ ဧကရှိ မြေကွက်သည် ဒေါ်ယဉ်(ခ)ဒေါ်ငွေအမည်ဖြင့် (၁၀)နှစ်မြေငှားဂရန်ရရှိပြီးဖြစ်သည်။ မူရင်းဂရန်စာချုပ် ပျောက်ဆုံးနေပါသည်။ သက်ဆိုင်ရာသို့ မြေငှားဂရန်ရရှိရေး လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**ဒေါ်ယဉ်(ခ)ဒေါ်ငွေ ၂/လကန(နိုင်)၀၁၇၈၀၆**
**လှိုင်ကော်မြို့**

## ဖခင်အမည်မှန်

ဆင်ပေါင်ဝဲမြို့နယ်၊ စံပြချောင်းကောက် အထက တက္ကသိုလ်ဝင်တန်း (D)မှ မယဉ်ယဉ်နု၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၈/ဆပဝ(နိုင်) ၀၀၂၁၈၁ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၇၁၁၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းဝင်း ၉/ပဥလ(နိုင်)၀၂၂၂၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၆၊ အင်း၀အိမ်ရာ၊ မြေကွက်အမှတ် A.၆၁၊ ဧရိယာ ၀ဒသမ ၁၄၄ဧက နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးသန်းမြင့်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အပြီးအပိုင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ၂၀၉၇/၂၀၁၇ရက်စွဲ ၂၀-၇-၂၀၁၇တင်ပြ၍ ဒေါ်ရင်ဆွေ (ခ) ရှောက်ကိုင် ၁၃/လရန(နိုင်)၀၆၁၃၆၁၊ ဦးရန်ချင်လင် ၁၃/လရန(နိုင်)၀၈၄၁၇၈၊ ဦးအောင်လှိုင်ထွေး ၁၃/လရန(နိုင်) ၁၆၅၂၉၇ အမည်များသို့ပြောင်းလဲခွင့်ပြုပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ်-၉၊ လေးလွှာ (ခေါင်းရင်းခန်း)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ခေါင်းစဉ်ပါ ရေမီးအစုံရှိသည့်တိုက်ခန်းပိုင်ရှင် ဒေါ်ဇင်ဌေးဦးနှင့် ခင်ပွန်း ဦးအောင်ကျော်မိုးတို့၏ကိုယ်စား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးသိန်းဟန်က ၎င်းတို့၏ကိုယ်စား လက်မှတ်ရေးထိုး၍ ကျွန်ုပ်၏ မိတ်ဆွေအား ရောင်းချကာ စရန်ငွေများရယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းဖြင့် ဤကြေညာသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ညွှန်ကြားချက်ဖြင့်-**
**ဒေါ်မရန်ဂျာဆိုင်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၅၅)**
**ဒေါ်နေရီရီလင်း LL.B,D.B.L,D.I.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၃၈)**
**ရုံးအမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ မြေကွက်အမှတ် ၁၄၉၀/က၊ ဦးမြင့် အမည်ပေါက် ပေ(၂၀×၆၀)မှ ခေါင်းရင်းခြမ်း (၁၀×၆၀)ပေ မြေကွက်အား လက်ရှိပိုင်ဆိုင်နေထိုင်သူ ဒေါ်အေးအေးမိုးနှင့် ဦးသန်းစိုးတို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကောင်းမြတ်ကျော် ၁၂/ကမတ(နိုင်) ၀၇၀၁၀၄ က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဖုန်း (စဉ်-၄၄၉၃၅)** **ဦးအောင်သိန်း (စဉ်-၂၂၀၁၉)**
**ဦးကျော်လင်းညွှန့် (စဉ်-၄၆၇၅၇)**
**အထက်တန်းရှေ့နေများ**
**တိုက် ၂၊ အခန်း ၁၀၁၊ ဗိုလ်အောင်ကျော်အိမ်ရာ၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၅၁၈၆၇၉၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၆/၄)တွင် နေထိုင်သူ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဇင်အောင်ဖြူ ၁၂/အစန(နိုင်)၀၇၀၇၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဇင်အောင်ဖြူ၏ မိဘများဖြစ်ကြသော ဦးစောလှဖြူနှင့် ဒေါ်မသာနု တို့တွင် သားသမီးငါးဦး ထွန်းကားခဲ့ပါသည်။ (၁)ဒေါ်မဋ္ဌူ ၊ (၂)ဦးဇင်အောင်ဖြူ ၊(၃) ဦးနိုင်သိန်းဖြူ၊ (၄)ဒေါ်မေသောင်းဖြူ၊ (၅)ဒေါ်အေးအေးဖြူတို့ ဖြစ်ကြပါသည်။ မိဘများကွယ်လွန်ခဲ့ကြပြီးနောက် အမွေပုံပစ္စည်းအဖြစ် မိဘများနေထိုင် ပိုင်ဆိုင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၁၃/၁)ဟုခေါ်တွင်သည့် မြေနှင့်မြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံတို့ ကျန်ရစ်ခဲ့ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေ ဦးဇင်အောင်ဖြူ အပါအဝင် ညီအစ်ကိုမောင်နှမငါးဦးတို့ အမွေခွဲဝေရခြင်းမရှိသေးသည့် အထက်ဖော်ပြပါ အိမ်နှင့် မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးဖြစ်သည့် ကျွန်ုပ်တို့မိတ်ဆွေ ဦးဇင်အောင်ဖြူ၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ အမွေဆိုင်အိမ်နှင့်မြေအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန်အတွက် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | | | |
|---|---|---|---|
| **ဦးစိုးသိန်း** | **ဦးမျိုးမောင်မောင်စိုး** | **ဦးညီညီစိုး** | **ဦးကြည်သာဟန်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(၄၂၉၀)** | **(၁၀၂၈၄)** | **(၉၈၃၂)** | **(၂၈၂၄၈)** |

**အဓိပတိ Law Firm**
**အမှတ်-၅၅၊ အခန်း(၄)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၂၁၆၈၄၊ ၀၉-၇၃၁၆၁၃၁၈၊ ၀၉-၇၃၁၇၃၉၆၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ မှော်ဘီမြို့ကွက်၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ ၀ဒသမ ၀၅ဧကရှိမြေအား ဦးအောင်ဝင်း ၁၄/ကပန(နိုင်)၀၀၂၉၄၄ (လက်ထောက်အထွေထွေမန်နေဂျာ၊ စီမံ၊ ကမ္ဘာ့ရတနာဘဏ်)မှ ဂရန်အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားခြင်းဖြစ်ပါသည်။ ကန့်ကွက်မည့်သူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုကျော်စိုးလင်း ၁၂/မဘန(နိုင်)၀၇၀၆၄၆**
**ဖုန်း-၀၉-၄၂၀၀၈၀၃၉၅**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်ဆည်မြို့၊ မြို့ဦးရပ်ကွက်နေ ကျွန်မဒေါ်စိုးစိုးကြည် ၇/ပခန (နိုင်)၀၃၄၁၆၁၏ သားဖြစ်သူ မောင်ဟန်ငြိမ်းထွန်း(ခ)ဆင်ပေါက်သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲသောကရောက်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်စိုးစိုးကြည်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၆)၊ ဦးပိုင်အမှတ် (၂၆)၊ ၆၈×၆၉လမ်းကြား၊ ဝေသာလီ×သာယာဝတီမင်းကြီးလမ်းကြားရှိ တကသောင်းဆွေ အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးသောင်းဆွေ ၉/မနမ(နိုင်)၀၆၉၂၀၀ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ဂရန်သစ် လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုး ပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/B တောင်သူကုန်း၊ မြေကွက်အမှတ် ၁/အ-၂၉/C ၏ အစိတ်အပိုင်း ဧရိယာ ၀ဒသမ ၁၆၇ဧကအနက် ၇၄'/၆၆'×၇၀'/၆၄'၊ မြေကွက်တည်နေရာ အမှတ် ၁၃၄၇၊ သာယာအေး ၂ လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ဒေါ်ဂျေလှကျော် MTA-၀၉၆၁၉၀ အမည်ပေါက် မြေပိုင်မြေ၊ လ/န ၃(ခ)ရပြီး မြေအား ဒေါ်နော်စုသက်ယဉ် ၁၂/အစန(နိုင်) ၀၆၃၀၆၇ က မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းခြင်းစာချုပ် ၁၄၅၃/၂၀၀၆ (၁၁-၄-၂၀၀၆)၊မိမိပိုင်ဆိုင်သော မြေကွက်အစိတ်အပိုင်းကို တစ်ဖက်သတ် မြေကွက်ခွဲစိတ်တိုင်းတာခွင့်ပြုပါရန်နှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိတို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်မမကြီး
**အသက်(၉၄)နှစ်**

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်-ဒေါ်နန်းညိုညိုအောင်တို့၏အဒေါ်ဖြစ်သူ ဒေါ်မမကြီး အသက်(၉၄)နှစ်သည် ၅-၈-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်မြို့၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ငါးလုပ်ငန်းဝန်ထမ်းဟောင်းများအသင်း**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ကြူကြူအေး (သူနာပြုဆရာမကြီး-ငြိမ်း)
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**
**အသက်(၇၆)နှစ်**

ဒေါက်တာဦးကျော်စိန်(ဒုတိယညွှန်မှူး၊ ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)၏ဇနီး ဒေါ်ကြူကြူအေး ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားတုကျွမ်းကျင်သူများအသင်း ဖြစ်မြောက်ရေးအဖွဲ့**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအော်စကာ (M.B.E)
**ဒုဥက္ကဋ္ဌ၊ အခမဲ့နာရေးကူညီမှုအသင်း(ထောက်ကြန့်)**
**ဒုဥက္ကဋ္ဌ၊ သပြေညိုပညာဒါနအကျိုးဆောင်အသင်း**
**အသက်(၇၃)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ(ဦးအင်းဂိုက်-ဒေါ်နှင်းမေ)တို့၏သား၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နေ (ဦးမေအောင်-ဒေါ်စိန်)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦး Donald Dewar-ဒေါ် Christine၊ ဦး Samuel Dewar-ဒေါ် Mu Tha Lay Phaw၊ ဦးဟုတ်ငြိမ်း-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသိန်းဇော်လေး-ဒေါ်အေးညွန့်၊ (ဦးချစ်လွင်)-ဒေါ်တင်တင်ဖြိုးတို့၏အစ်ကို၊ မောင်ရင်မွန်၊ မောင်သိန်းကိုကိုထိုက်-မဇင်မွန်၊ မသဇင်မွန်တို့၏ဖခင်၊ မောင်လင်းဘုန်းပြည့်လျှံ၏အဘိုး၊ဆရာမဒေါ်လှသိန်း၏ချစ်လှစွာသောခင်ပွန်းသည် ၉-၈-၂၀၁၇ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၁၇ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် တိုးချဲ့ရပ်ကွက် ၂/၂၊ အင်ကြင်းလမ်း၊ အမှတ် ၂၁/၂၂ နေအိမ်မှ ထောက်ကြန့် မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအော်စကာ (M.B.E)
**ဒု-ဥက္ကဋ္ဌ၊ အခမဲ့နာရေးကူညီမှုအသင်း(ထောက်ကြန့်)**
**ဒု-ဥက္ကဋ္ဌ၊ သပြေညိုပညာဒါနအကျိုးဆောင်အသင်း**
**အသက်(၇၃)နှစ်**

ထောက်ကြန့်မြို့နေ (ဦးအင်းဂိုက်-ဒေါ်နှင်းမေ)တို့၏သား၊ (ဦးမေအောင်-ဒေါ်စိန်)တို့၏သားသမက်၊ ဦးDonald Dewar၊ ဦးSamuel Dewar တို့၏အစ်ကို၊ မောင်ရင်မွန်၊ မောင်သိန်းကိုကိုထိုက်-မဇင်မွန်၊ မသဇင်မွန်တို့၏ဖခင်၊ မောင်လင်းဘုန်းပြည့်လျှံ၏အဘိုး၊ ဒေါ်လှသိန်း၏ချစ်လှစွာသောခင်ပွန်း ဦးအော်စကာ အသက်(၇၃)နှစ်သည် ၉-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အခမဲ့နာရေးကူညီမှုအသင်း(ထောက်ကြန့်) ထောက်ကြန့်မြို့**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်စောမြတ်မြတ်သွင် (ဆရာလေး ဒေါ်စန္ဒာသီရိ)
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ယင်းမာပင်လမ်းသွယ်၊အမှတ် ၅၇/၁နှင့် စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်(၂၁/၇-အေ)နေ ဒုတိယဗိုလ်မှူးကြီးဦးဖေသွင်(ငြိမ်း)-ဒေါ်သောင်းသောင်းအေးတို့၏စတုတ္ထသမီး၊ဗိုလ်မှူးမင်းသော်(ငြိမ်း)(ဆရာတော် ဦးပညာသာမိ)၏ဇနီး၊ ဦးအေးဦး-ဒေါ်မေသွင်အေး၊ ဒုတိယဗိုလ်မှူးကြီး ဦးခင်မောင်စိုး(ငြိမ်း)-ဒေါ်မေသွင်လေး၊ ဆရာလေး ဝိမုတ္တာသီသာ(ပြင်ဦးလွင်ဖားအောက်တောရ)တို့၏ညီမ၊ ဦးလွမ်းမိုးသွင်-ဒေါ်ထားထားညွန့်၊ ဦးစိုးမိုးသွင်-(ဒေါ်တင်မေကြူ)တို့၏အစ်မ၊ မောင်ဖြိုးမင်းခန့်(KBZ)၊ မောင်ရဲရင့်ခန့်(WTU)၊ မစောရတနာခန့်(RONOC Co.,Ltd)တို့၏ချစ်လှစွာသောမိခင်သည် ၈-၈-၂၀၁၇ရက်(အင်္ဂါနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။(စမ်းချောင်းမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၆း၃၀နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်စောမြတ်မြတ်သွင် (ဆရာလေး ဒေါ်စန္ဒာသီရိ)
**(လန်းဆန်းအားကစားအဖွဲ့နှင့် မေတ္တာပါရမီရှင်အဖွဲ့)**
**အသက်(၅၁)နှစ်**

အားလုံးချစ်ခင်ရပါသော ဒေါ်စောမြတ်မြတ်သွင်(ဆရာလေး ဒေါ်စန္ဒာသီရိ)သည် ၈-၈-၂၀၁၇ရက်(အင်္ဂါနေ့)ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လန်းဆန်းအားကစားအဖွဲ့နှင့် မေတ္တာပါရမီရှင်အဖွဲ့**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## မောင်ဇင်မောင်မောင်
**JIANSHE ဆိုင်ကယ်ဆိုင်(ဟသ်ာတမြို့)**
**အသက်(၂၀)**

ဟသ်ာတမြို့၊ တာကလေးရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်းနေ ဦးမြင့်သိန်းဦး(ဥက္ကဋ္ဌ၊ ဟသ်ာတကုန်စည်ဒိုင်)-ဒေါ်ခင်ညို(သရဖူပွဲရုံ၊ ဆိပ်ကမ်းသာ)တို့၏သား မောင်ဇင်မောင်မောင်သည် ၇-၈-၂၀၁၇ရက် နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဟသ်ာတကုန်စည်ဒိုင် ပဲကုန်သည်ပွဲစားများ**

**ရဟန်းဒါယိကာမကြီး**
## ဒေါ်စိန်ကြွယ် အသက်(၈၉)နှစ်
**သထုံ(သိမ်ဆိပ်)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၁)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၁၆နေ (ဦးဟန်မင်း-ဒေါ်သိန်း)တို့၏သမီး၊ (ဦးသာထွန်း-ဒေါ်ခင်စီ)၊ (ဒေါ်မြကြွယ်)၊ (ဦးထွန်းကြည်)-ဒေါ်ငွေကြွယ်၊ (ဦးစိန်ခ-ဒေါ်တင်အုံး)တို့၏ညီမ၊ (ဦးအောင်မြင့်၊ ရဲမှူး၊ ငြိမ်း)၏ဇနီး၊ ဦးသန့်ဇင်မြင့်-ဒေါ်နန်းကျော့လွင်၊ ပြည်တက္ကသိုလ်၊ မြန်မာစာဌာန၊ ပါမောက္ခ ဒေါက်တာဦးသက်အုန်းမြင့်-ဒေါ်စန်းစန်းဝင်း၊ ပြင်သစ်ဘာသာဇည့်လမ်းညွှန် ဒေါ်စန္ဒာကြည်၊ ဦးထွန်းနိုင်(ခ)ဂျော်နီအောင်-ဒေါ်ယဉ်ယဉ်ထွေး၊ ဒေါ်ရွှေစင်မြင့်တို့၏ချစ်လှစွာသောမိခင်၊မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ကြည်ဝင်း(ခ)ဒေါ်ချစ်ချစ် အသက်(၈၁)နှစ်
**(ဒေါ်အေးမှင်တခွန်းတိုက်)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ရွှေတောင်တန်းလမ်းထိပ်၊ အမှတ် ၇၆၈နေ အရေးပိုင်(ဦးဘညိန်း - ဒေါ်လှလှ)တို့၏ သမီး၊ (ဦးလွင်-ဒေါ်လှတင်) ဒေါ်အေးမှင်တခွန်းတိုက်တို့၏သမီးချွေးမ၊ ဦးမြင့်သိန်း၏ချစ်လှစွာသောဇနီး၊ ဦးအောင်မြင့်လွင်၊ ဦးလှမြင့်ထွန်း-ဒေါ်မို့မို့မိုးမြင့်၊ ဒေါ်ဆွေဆွေမြင့်-ဗိုလ်မှူးကြီးစိုးအောင်(တပ်မတော်-ရေ၊ စစ်ဦးစီးတက္ကသိုလ်၊ ကလောမြို့)တို့၏ချစ်လှစွာသောမိခင်၊ မယမင်းဦး(MRTV-4)၊ မောင်သီဟထွန်း၊ မခြူးမျက်ခြယ်လွင်-မောင်ဟိန်းဝင့်ဇော်၊မောင်ရဲထက်အောင်၊မဟန်နီလွင်တို့၏အဘွားသည် ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
**သဲအင်းယောဂီ**
## ဒေါ်နွဲ့နွဲ့အေး အသက်(၆၈)နှစ်
**ဗဟိုတရားရုံးရှေ့နေ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၃လမ်း၊ အခန်း(A-2)နေ [ဦးချစ်တီး(ကျောင်းကုန်း) - ဒေါ်စန်း(ခ)ဒေါ်ဉာဏသီဂီ(မော်ဘီသဲအင်းဂူ)]တို့၏သမီး၊ ဦးလှအေး(ဒု-ဥက္ကဋ္ဌဟောင်း၊ ဘုရင့်နောင်ဈေးသာယာရေးကော်မတီ)၏ချစ်လှစွာသောဇနီး၊ ဒေါ်ဖြူဝင့်ရည်(ခ)စနိုးအေး(M.D-Compassionate Travels Myanmar)၊ ဦးစိုးထိုက်(ဘုရင့်နောင်ဈေးကြီး) - ဒေါ်နှင်းနုစိုး(အထက်တန်းရှေ့နေ)တို့၏မိခင်သည် ၉-၈-၂၀၁၇ရက် နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစု၏ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၈-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ မဟာဗောဓိ ပရိယတ္တိစာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြတ်မြတ်မွန် အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ (ဦးလှချို)-ဒေါ်နွဲ့နွဲ့အောင်တို့၏ချစ်လှစွာသောသမီး၊ စစ်ကိုင်းမြို့၊ ရွာသစ်ကြီးနေ(ဦးအောင်အေး-ဒေါ်တင်အေး)တို့၏သမီးချွေးမ၊ စင်ကာပူနေ ကိုဝင်းလှိုင်ထွန်း-မမေမင်းမောင်၊ ရန်ကုန်မြို့နေ ကိုဇော်ကိုကိုလတ် - မငြိမ်းချိုချို(Sedona Hotel)တို့၏အစ်မ၊ ဦးကိုကိုဦး(ဘုတ်ပြင်းမြို့နယ် လဝကဦးစီးမှူး)-ဒေါ်နွဲ့နွဲ့ဝင်း၊ စစ်ကိုင်းမြို့နေ ဦးညီညီ-ဒေါ်မြတ်မြတ်ထွေးတို့၏ညီမ၊ မမေပန်းချီဇော်၏ကြီးကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းဝန်ထမ်းအိမ်ရာဝင်း၊ တိုက် ၃၊ အခန်း ၅နေ ဦးမျိုးခိုင်(ဒုတိယညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ထားဝယ်မြို့)၏ ချစ်လှစွာသောဇနီး၊ မခိုင်ဆုလွင် (တက္ကသိုလ်ဝင်တန်း၊ ဇင်ယော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရန်ကုန်မြို့)၊ မောင်ကောင်းစည်သူ(ဆဋ္ဌမတန်း၊ အထက-၁၊ ထားဝယ်မြို့)၏ ချစ်လှစွာသောမိခင်သည် ၈-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထားဝယ်မြို့ ဇဟာသုသာန်၌ မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၈-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၆နာရီမှ ၉နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း တံတိုင်း၊ ဒါယကာကြီး**
## ဦးကျော်ဝင်း (မြင်းခြံ)
**B.Com, AA**
**အသက်(၆၉)နှစ်**

မြင်းခြံမြို့နေ ပွဲစားကြီး (ဦးဘသောင်း-ဒေါ်လှတင်)တို့၏ သားထွေး၊ စကုမြို့နေ (ဦးကိုလေး)-ဒေါ်လှရီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ပြည်တော်အေးလမ်း၊ အမှတ် 96 B(3) နေ ဒေါ်မေအေးဟန်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သဲစုစုအောင်(နည်းပညာတက္ကသိုလ်၊ မော်ဘီ)၊ ဒေါ်အိချစ်မွန်(အမက-၃၃၊ လှိုင်သာယာ)၊ မောင်သောင်းထက်ဇော် (Diamond Rental Myanmar Co.,Ltd.)တို့၏ ချစ်လှစွာသောဖခင်သည် ၉-၈-၂၀၁၇ရက်ညနေ ၃နာရီတွင်ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၁၇ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းထိုက်
**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်မင်းလမ်း၊ (ကွင်းပိုင်း) အမှတ်-၁၇၅နေ ဦးယုဘီး-ဒေါ်ဝါဝါတို့၏သား၊ ဦးဇော်လင်းငွေး-ဒေါ်ဆွေဇင်ယုတို့၏မောင်၊ မောင်ရဲမင်းအောင်၊မထက်ထက်ဦးယဉ်တို့၏ဦးလေးသည် ၉-၈-၂၀၁၇ရက် နံနက် ၆း၂၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမျိုးညွန့်(ခ) ဦးမောင်မောင်(ခ)ကိုခဲ
**အသက်(၆၇)နှစ်**

ပဲခူးမြို့နေ (ဦးဉာဏ်လှိုင်-ဒေါ်အုန်းမြင့်)တို့၏သား၊ (ဦးသိန်းဟန်-ဒေါ်ညွန့်ရီ)တို့၏သားသမက်၊(ဦးယုကြည်)-ဒေါ်ခင်သန်းဆွေ၊ (ဦးလှမြင့်)-ဒေါ်တင်တင်ဝင်းတို့၏ညီ/မောင်၊ ဦးသက်လွင်-ဒေါ်ခင်သန့်ဇင်၊ (ဦးခင်ဇော်)-ဒေါ်ခင်ခင်ချို(ခ)မသော်တာ၊ ဦးသက်ထွန်းသန်းငွေး-ဒေါ်ခင်သန်းဝေ၊ ဦးမြင့်ငွေး-ဒေါ်တင်တင်ရွှေ၊ ဒေါ်တင်တင်မြင့်တို့၏အစ်ကို၊ ကိုမျိုးဦး-မသင်းသင်းနိုင်၊ ကိုတေဇာလင်း-မစုစုဇင်ဇော်၊ကိုဝင်းနိုင်ဦး-(မသောင်းသောင်းထိုက်)၊ ကိုစည်သူ (Marie Stopes Myanmar)-မကေဇင်မျိုးညွန့်(Hayman Capital)၊ ကိုအော်စကာမျိုးညွန့် (JB Capital Myanmar)၊ မရွှန်းလဲ့မျိုးညွန့်တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ ဓမ္မစေတီလမ်း၊ အမှတ် ၅၃၇နေ ဒေါ်တင်တင်စန်း၏ခင်ပွန်းသည် ၉-၈-၂၀၁၇ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၈-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့်
အသက်ကယ်ပါ

## ဒေါ်မွေးညိုဖြူ
**ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ စနဲမြို့**
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်အကွက်(၅၀)နေ (ဦးစံရွှေဘော်)-ဒေါ်ညိုယဉ်ဦး၊ ဒေါ်အောင်သန်းတင်၊ ဦးမြလွင်-ဒေါ်အောင်သန်းကြည်၊ ဦးယဉ်ထွေးတို့၏မိခင်၊ ဦးမြင့်စိုး-ဒေါ်စုစုလှိုင်၊ပုမောင်လှ-စန်းအေးရီ၊ခင်မောင်လှ-စန်းစန်းကြည်၊ ကြည်ကြည်စန်း၊ မသက်မာဝင်းတို့၏အဘွားသည် ၉-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထောက်ကြန့် မြို့ရှောင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်ရှုယဉ်(ခ)ဒေါ်ရှုလွမ်
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၄လမ်း၊ အမှတ် ၄၁၁နေ (ဦးချစ်မောင်)၏ဇနီး၊ ဦးခင်မောင်ချို(ခ)ကိုတူး-ဒေါ်မြင့်မြင့်ခင်၊ ဦးမြမောင်(ခ)ကိုဝမ်း-ဒေါ်ခင်စမ်းအေး၊ ဦးခင်ဇော်(ခ)ဦးကျွမ်း-ဒေါ်မူမူနွယ်၊ [ဒေါ်မြမြဝင်း(ခ)ဂျပန်မ-ဦးငွေးဦး]၊ ဒေါ်မြမြအေး၊ ဦးအေးမောင်-ဒေါ်မြင့်မြင့်စန်း၊ (ဦးခင်မောင်ထွန်း)-ဒေါ်စန်းစန်းမြင့်၊ (ဒေါ်လဲ့လဲ့ဝင်း)-ဦးလှမြင့်တို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၈-၈-၂၀၁၇ရက် ညနေ ၄း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၁၇ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (တောင်ဥက္ကလာပ နေအိမ်မှကားများ မွန်းလွဲ ၂နာရီနှင့် လေးထောင့်ကန် ဦးအေးမောင် နေအိမ်တို့မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှမြင့် (ပြည်မြို့)
**အသက်(၈၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ပြည်မြို့၊ပန်းဆိုးတန်းလမ်း၊ အမှတ် ၃နေ ရွှေအုန်းပင်နွယ်နီဝင်းဆေးလိပ်ခုံပိုင်ရှင် (ဦးစိန်လှ)၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်တင်ညွန့်ဝေ၊ ဦးစိန်ထွန်း-ဒေါ်နီနီရွှေ၊ ဦးတင်လှိုင်-ဒေါ်နွယ်နီဝင်း၊ ဦးစိုးဝင်းတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၉-၈-၂၀၁၇ရက် နံနက် ၆း၁၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၁၇ရက် (သောကြာနေ့)ညနေ ၄နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်လှိုင်ဝေ(ခ)ကိုလှိုင်
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ပေါက်ကုန်းရပ်ကွက်၊အပိုင် ၁၂/၂၇နေ ဗိုလ်မှူးတင့်ဝေ (ငြိမ်း)-(ဆရာမဒေါ်ပု)တို့၏သား၊ဒေါ်နုနု၏တူ၊ ဗိုလ်တထောင်မြို့နယ်နေ ဦးလှမြင့်-ဆရာမ ဒေါ်တင်တင်ငွေး(ခ)ဇင်သွယ်ဝေ၊ မန္တလေးမြို့နေ ဒုတိယဗိုလ်မှူးကြီး လွင်နိုင်ဝေ(ငြိမ်း)-ဒေါက်တာဒေါ်သန်းသန်းမြင့်၊ဦးသိန်းအေး-ဒေါ်ကြွယ်ခိုင်ဝေတို့၏ညီ/မောင်၊ တူ၊တူမ ခုနစ်ယောက်တို့၏ဦးလေး၊မင်္ဂလာဒုံမြို့နယ်၊မင်္ဂလာဒုံဈေးရပ်ကွက်နေ (ဦးသောင်းနိုင်-ဒေါ်မြိုင်)တို့၏သားသမက်၊ (ဦးဇော်လွင်ဝင်း)-ဒေါ်စန္ဒာ၊ ဦးမြင့်ဇော်-ဒေါ်သူဇာခံ၊ ဦးအောင်ဝင်း-ဒေါ်အေးမြင့်၊ ဦးသက်နိုင်ဦး-ဒေါ်သင်းသင်းနိုင်တို့၏အစ်ကို၊ ကိုကျော်လှိုင်ဟိန်း-မရည်ရွှယ်ထက်တို့၏ဖခင်၊ဒေါ်ခင်ခင်ခိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၈-၈-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက်တွင် ပေါက်ကုန်းရပ်ကွက်၊ အပိုင် ၁၂/၂၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မွှာရုံ၊ လမ်း ဒါယကာကြီး**
## ဦးစိန်လှိုင် (မြောင်းမြမြို့)
**စက်မှု(၁)မြန်မာ့စက္ကူ-ဓာတုဗေဒ(ရုံးချုပ်)**
**စစ်တောင်းစက္ကူစက်(ငြိမ်း)**
**မြောင်းမြမြို့နယ်(ရန်ကုန်)အသင်း၊ သက်ကြီးကန်တော့ခံ**
**ရန်ကုန်စစ်ပြီးခေတ် ဟိုက်စကူးကျောင်းသားဟောင်း**
**(Central State High School) 1950-54**
**အသက်(၈၃)နှစ်**

မြောင်းမြမြို့နေ ရိုးကူးရပ်သူကြီး (ဦးဘိုးမှိန် - ဒေါ်ရွှေလုံ)တို့၏မြေး၊ (ဦးထွန်းဟိန်-ဒေါ်ဖွားမှီ)တို့၏သား၊ မြောင်းမြမြို့နေ ခရိုင်ဘီလစ်ကြီး(ဦးထွန်းတင်-ဒေါ်သိန်းညွန့်)တို့၏တူ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၁)လမ်း၊ အမှတ် ၈၂၄နေ ဒေါ်မြင့်မြင့်ထွန်း၏ခင်ပွန်း၊ ဦးအေးကို-ဒေါ်ခင်မြတ်လှိုင်၊ ဦးမြတ်ခိုင်-ဒေါ်ရီရီလွင်၊ ဦးလှမင်း-ဒေါ်ခင်မမလှိုင်၊ ဦးလှိုင်ထွန်းအောင်-ဒေါ်ခိုင်ဇာဝင်း၊ ဦးထွန်းထူးအောင်-ဒေါ်ခင်သက်ထားလှိုင်တို့၏ဖခင်၊ မြေးငါးယောက်၊မြစ်တစ်ယောက်တို့၏အဘိုးသည် ၈-၈-၂၀၁၇ရက်(အင်္ဂါနေ့) ည ၉း၁၅နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၇ရက်(တနင်္လာနေ့)တွင် တောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှ (ပန်းတနော်)
**ဆောက်/လုပ်(အငြိမ်းစား)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ် ၄၂နေ (ဦးမူတူး-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးသောင်းထွန်း)၏ဇနီး၊ ဦးသောင်းထွန်းဦး-ဒေါ်ဥမ္မာညီ၊ ဒေါက်တာမင်းထွန်း-ဒေါက်တာခင်သီတာအောင်၊ ဦးနေမျိုးထွန်း-ဒေါ်နှင်းနှင်းငွေးတို့၏မိခင်၊ မစုခင်လေးထွန်း၊ မသဇင်မင်းထွန်းတို့၏အဘွားသည် ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၈-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါ်ဆူစီ
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့နေ (ဦးစူပါရာမန်းနီ-ဒေါ်ဒီနာဘိုင်)တို့၏သမီး၊ (ဦးဒေးဗစ်-ဒေါ်မေရီ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ချမ်းသာလမ်း၊ အမှတ် ၁၉နေ ကိုဇော်လင်း-မသင်းသင်း၊ ကိုကျော်နိုင်ဦး-မအေးအေးငယ်၊ ကိုထွန်းဝင်းအောင် (DNS - Mobility., Ltd)-မဥမ္မာတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား၊ (ဦးမောင်ငယ်၊ မြန်မာ့သစ်လုပ်ငန်း)၏ ဇနီးသည် ၈-၈-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၅း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၈-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးခိုင်ထူး (တေးသံရှင်)
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ ဥယျာဉ်လမ်းသွယ်(၂)၊ အမှတ် ၁၅၆နေ ပါမောက္ခ အငြိမ်းစား (ဦးသာထို-ဒေါ်တင်မြင့်မြင့်)တို့၏သား၊ (ကိုခိုင်စိုး)၏ညီ၊ ဒေါက်တာခိုင်မိုး-ဒေါက်တာသီတာစံတို့၏အစ်ကို၊ ဒေါ်စောနွယ်နွယ်ထွန်း၏ခင်ပွန်း၊ သားသမီး သုံးယောက်တို့၏ဖခင် တေးသံရှင် ဦးခိုင်ထူးသည် ၉-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၂၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၈-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## U Khual Khan Nang
**Harvester Christian Center**
**Phaiza Khua, Hatzaw Beh**
**အသက်(၅၆)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Phaiza ကျေးရွာနေ (U Song Khan Pau)-Daw Awi Ngaih Don တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ကျောက်မြောင်းရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၂၀၊ ခြောက်လွှာနေ Rev.U Suan Go Khai-Rev.Daw En Ngaih Lun, Sya U Cin Za Khup-Daw Niang Za Ciin (Healing Ministry)၊ (ယုဇနေ)တို့၏ညီ၊ Sm.Daw Zen Hau Vung-Mr.Kim Kwon Ki (ကိုးရီးယား)တို့၏အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ဦးလေး၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၉-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်၊ ယုဇနပိတောက်ကွေ့၊ ဇမာန္တေလဘုရားကျောင်းရှေ့တို့မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဝင်းထွန်း(ခ)ကိုပေါက်ကြီး
**ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်**
**အသက်(၄၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ ၇လမ်း၊ အမှတ် ၂၁၉နေ ဦးမိုးဒီ(ခ)ဦးသန်းထွန်း(ရုပ်ရှင်နှင့်ဗီဒီယိုဟာသသရုပ်ဆောင်)-(ဒေါ်အေးကြွယ်)တို့၏သား၊ ဦးသန်းဦး၊ ကိုကောင်းစံ(ခ)ဦးကြည်စိုး (ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်)-ဒေါ်ခိုင်ခိုင်ဝင်းတို့၏ညီ/မောင်၊ ကိုကျော်နိုင်ငွေး-မဗွန်ပွင့်ခိုင်တို့၏အစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ဦးလေးသည် ၈-၈-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် သဘာဝအရင်းအမြစ်သည် အခြေခံအုတ်မြစ်ဖြစ်

## နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသည် ၂၈၃၂ ကီလိုမီတာ ရှည်လျားပြီး ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ရပ်တည်ရာနေရာဖြစ်ကာ ပြန်လည်ပြည့်ဖြိုးမြဲနှင့် ပြည့်ဖြိုးမြဲမဟုတ်သည့် သယံဇာတများပေါများသည့် နိုင်ငံဖြစ်ပါကြောင်း၊ အဓိက ကမ်းရိုးတန်းဒေသများဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်း၊ ဒီရေတော၊ လတာပြင်၊ မြစ်ဝ နှင့် သဲသောင်ကမ်းခြေဂေဟစနစ်များ များစွာတည်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဂေဟစနစ်များသည် အချင်းချင်းဆက်နွယ်မှီခို ရပ်တည်လျက်ရှိကြပြီး ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိပါကြောင်း၊ *စာမျက်နှာ ၄ ကော်လံ ၁* ◆



ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်


(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပစဉ်က မြန်မာအမျိုးသားဘောလုံးအသင်း ယှဉ်ပြိုင်နေမှုကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ မြို့တော်ခန်းမရှေ့၌ တိုက်ရိုက်ပြသခဲ့စဉ်

# (၂၉)ကြိမ်မြောက် ဆီးဂိမ်းတွင် အမျိုးသားဘောလုံးပွဲစဉ်များ တိုက်ရိုက်ပြသမည်

**သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဩဂုတ် ၉**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသားဘောလုံးအသင်းပြိုင်ပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ မြို့တော်ခန်းမရှေ့တွင် တိုက်ရိုက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာအမျိုးသား ယူ-၂၂ အသင်းအုပ်စု ပြိုင်ပွဲ ပွဲစဉ်များကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မြန်မာနှင့်စင်ကာပူ၊ ဩဂုတ် ၁၆ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် မြန်မာနှင့်လာအို၊ ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မြန်မာနှင့်ဘရူနိုင်း၊ ဩဂုတ် ၂၀ ရက် ည ၇ နာရီ ၁၅မိနစ်တွင် *စာမျက်နှာ ၄ ကော်လံ ၁* ▲

# တရုတ်လူငယ်ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၁၂ အသင်း ဆီမီးဖိုင်နယ်တက်

**ဖိုးသော်ဇင်**

တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် တရုတ်-အာဆီယံ လူငယ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ ယူ-၁၂ အသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ တရုတ်(ခ) အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယားအသင်းကို ၁၆ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး နောက်ဆုံးပွဲတွင် ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၀ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် လာအိုအသင်း၊ တရုတ်(က) အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်းသည် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)မှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

# ကမ္ဘာ့ရှားပါးစာရင်းဝင် ဟိမဝန္တာဝက်ဝံ သုံးကောင်ကို စောင့်ရှောက်မွေးမြူထား

**မျိုးဝင်းထွန်း(မုံရွာ)**

**မုံရွာ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တွင် ဖမ်းဆီးသူများလက်မှ ကယ်တင်ကာ မတ် ၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပေးပို့လာသော ကမ္ဘာ့ရှားပါးစာရင်းဝင် ဟိမဝန္တာ ဝက်ဝံလေး နှစ်ကောင်သည် လက်ရှိတွင် ကလေးမြို့ သစ်တောရုံးမှ ဇွန်လအတွင်းက ပေးအပ်ထားသော တစ်နှစ်ကျော်အရွယ် ဝက်ဝံမတစ်ကောင်နှင့်အတူ မုံရွာမြို့နယ် အလုံသစ်တောဉယျာဉ်တွင် ထိန်းသိမ်းမွေးမြူထားရာ သုံးကောင်စလုံး ကျန်းမာစွာရှိကြောင်း တွေ့ရသည်။

*စာမျက်နှာ ၄ ကော်လံ ၄* ❐



